ကြေးမုံ
The Mirror Daily
၁၉၅၇ ဖေပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

**ဆွေမျိုးတို့နှင့် နေရသကဲ့သို့**

သူမိုက်နှင့် ပေါင်းဖော်၍ လှည့်လည်သောသူသည် ကာလ ရှည်မြင့်စွာ စိုးရိမ်ရ၏။ လူမိုက်တို့နှင့်အတူနေရခြင်းသည် ရန်သူနှင့်အတူနေရသကဲ့သို့ အခါခပ်သိမ်း ဆင်းရဲရ၏။ ပညာရှိနှင့် အတူတကွနေရခြင်းသည် ဆွေမျိုးတို့နှင့် အတူတကွ နေထိုင်ရသကဲ့သို့ ချမ်းသာ၏။

သုခဝဂ်(ဓမ္မပဒ-၂၀၇)

၁၃၇၉ ခုနှစ် နယုန်လဆန်း ၂ ရက် စနေနေ့။ Saturday, 27 May 2017 (၈၉၃၇)

# ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - (၂၁) ရာစုပင်လုံ(ဒုတိယအစည်းအဝေး)အား ဂုဏ်ပြုပါ၏

## နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဥရောပပါလီမန်ကိုယ်စားလှယ်အဖွဲ့နှင့် အိန္ဒိယနိုင်ငံခြားရေးအတွင်းဝန်တို့အား သီးခြားစီလက်ခံတွေ့ဆုံ

**နေပြည်တော် မေ ၂၆**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် ဥရောပပါလီမန်၊ အရှေ့တောင်အာရှနှင့် အာဆီယံ ဆက်ဆံရေးဆိုင်ရာ ကိုယ်စားလှယ်အဖွဲ့ဥက္ကဋ္ဌ Dr.Werner Langen ဦးဆောင်သည့် ဥရောပပါလီမန် ကိုယ်စားလှယ်အဖွဲ့အား ယနေ့ နံနက် ၉ နာရီခွဲတွင် လည်းကောင်း၊ အိန္ဒိယသမ္မတနိုင်ငံ ပြည်ပရေးရာဝန်ကြီးဌာန နိုင်ငံခြားရေးအတွင်းဝန် Dr. S. Jaishankar အား

**စာမျက်နှာ ၃ ကော်လံ ၁ သို့ ✱**



**နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အိန္ဒိယသမ္မတနိုင်ငံ နိုင်ငံခြားရေးအတွင်းဝန် Dr. S. Jaishankar အား လက်ခံတွေ့ဆုံစဉ်။**

## ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံ (ဒုတိယအစည်းအဝေး) တတိယနေ့ ကျင်းပ



**မြေယာနှင့် သဘာဝပတ်ဝန်းကျင်ကဏ္ဍ ဆွေးနွေးပွဲကျင်းပစဉ်။**

**နေပြည်တော် မေ ၂၆**

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ (ဒုတိယအစည်းအဝေး) တတိယနေ့ နိုင်ငံရေးကဏ္ဍ၊ စီးပွားရေးကဏ္ဍ၊ လူမှုရေးကဏ္ဍ၊ မြေယာနှင့် သဘာဝပတ်ဝန်းကျင်ကဏ္ဍနှင့် လုံခြုံရေးကဏ္ဍဆွေးနွေးပွဲများကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၂(MICC-II) သတ်မှတ်နေရာအသီးသီး၌ ဆက်လက်ကျင်းပသည်။

နိုင်ငံရေးကဏ္ဍဆွေးနွေးပွဲတွင် ဦးဆောင်သဘာပတိအဖြစ် စိုင်းအိုက်ပေါင်းက ဆောင်ရွက်ပြီး သဘာပတိအဖွဲ့ဝင်များအဖြစ် ဦးကျော်တင့်ဆွေနှင့် ပဒိုစောကွယ်ထူးဝင်းတို့က ဆောင်ရွက်ကြသည်။

ဆွေးနွေးပွဲတွင် ဦးဆောင်သဘာပတိ စိုင်းအိုက်ပေါင်းက အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် အစိုးရအစုအဖွဲ့နှင့် လွှတ်တော်အစုအဖွဲ့၊ တပ်မတော်အစုအဖွဲ့၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ အစုအဖွဲ့နှင့် နိုင်ငံရေးပါတီများ အစုအဖွဲ့တို့မှ ကိုယ်စားလှယ်များက ဆွေးနွေးစုစည်းချက်များကို တင်ပြခြင်း၊ ဆွေးနွေးခြင်းနှင့် မှတ်တမ်းတင်ခြင်းတို့ကို ဆောင်ရွက်ကြပြီး ဦးဆောင်သဘာပတိက နိဂုံးချုပ်အမှာစကား ပြောကြားသည်။

အလားတူ စီးပွားရေးကဏ္ဍဆွေးနွေးပွဲတွင် ဦးဆောင်သဘာပတိအဖြစ် ဦးတင်ထွဋ်ဦးက ဆောင်ရွက်ပြီး သဘာပတိအဖွဲ့ဝင်များအဖြစ် စောကိုကြီးကျော်နှင့် ဦးသာထွန်းလှတို့က ဆောင်ရွက်ကြသည်။

ဆွေးနွေးပွဲတွင် ဦးဆောင်သဘာပတိ ဦးတင်ထွဋ်ဦးက အဖွင့်အမှာစကားပြောကြားသည်။

**စာမျက်နှာ ၈ ကော်လံ ၁ သို့ ✱**



ကြေးမုံ

# မျက်ခြည်မပြတ်ရမည့် ရည်မှန်းချက်ပန်းတိုင်

မျက်မှောက်အချိန်အခါတွင် ပြည်သူများ၏မျှော်လင့်ချက်ကို နိုင်ငံတော်အစိုးရက အလေးထားအကောင်အထည်ဖော်နေသည်။ ပြည်သူများ၏ မျှော်လင့်ချက်ကို ဖော်ဆောင်ရာတွင် နိုင်ငံတော်၏ရည်မှန်းချက်(၃)ရပ်ကို ပြည်သူများအားလုံး သိရှိထားသင့်သည်။ ထိုရည်မှန်းချက်(၃)ရပ်မှာ- (၁) ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုဖြစ်ပေါ်လာရေး။ (၂) တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(Nationwide Ceasefire Agreement -NCA)ကို လက်မှတ်ရေးထိုးရေး။ (၃) လက်ခံကျင့်သုံးနေသည့် ညှိနှိုင်းဆောင်ရွက်ရေးမူတို့ဖြစ်သည်။

ခက်ခဲနက်နဲပြီး နိုင်ငံအတွက်အရေးကြီးသည့် လုပ်ငန်းစဉ်ကို အကောင်အထည်ဖော်ရာတွင် ဦးတည်လျှောက်လှမ်းနေသည့် ရည်မှန်းချက်တွင် အားလုံးပါဝင်မှသာ ရည်မှန်းချက်အောင်မြင်နိုင်မည်ဖြစ်သည်။ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုဖြစ်ပေါ်လာရေးသည် နိုင်ငံသားအားလုံး၏ပန်းတိုင်ဖြစ်သည်။ မြန်မာနိုင်ငံအတွင်း နှစ်ပေါင်းရှည်ကြာဖြစ်နေသည့် လက်နက်ကိုင်ပဋိပက္ခများ၏ ဖြေရှင်းချက်မှာ အားလုံးသဘောတူလက်ခံနိုင်သည့် ဖက်ဒရယ်စနစ်ပင်ဖြစ်သည်။

အဆိုပါပန်းတိုင်ကိုအရောက်လှမ်းနိုင်ရန်မှာ နိုင်ငံသားအားလုံး၏ လက်ဝယ်တွင်ရှိသလို လက်တွေ့ဖော်ဆောင်ရန်အတွက်လည်း ပခုံးထက်ဝယ် ကျရောက်နေသည်။ ထိုတာဝန်မှာ နိုင်ငံနှင့်တိုင်းရင်းသားပြည်သူအားလုံးအတွက်အရေးကြီးသဖြင့် ရယူလိုသောဆန္ဒ လူတိုင်းတွင်ရှိမည်ဖြစ်သည်။ ယခုကျင်းပနေသော ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံတွင် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု ပေါ်ထွန်းလာရေးအတွက် အခြေခံအုတ်မြစ်ဖြစ်သည့် အခြေခံမူများကို ဆွေးနွေးညှိနှိုင်းပြီး အတည်ပြုပေးရမည့်တာဝန်ကို ထမ်းဆောင်နေကြပြီဖြစ်သည်။

ယခုအစည်းအဝေးမတိုင်မီတွင် အခြေခံမူများပေါ်ထွက်လာအောင် ကြိုးပမ်းဆောင်ရွက်ခဲ့ပြီးဖြစ်သည်။ လက်ရှိကျင်းပနေသော ဆွေးနွေးပွဲများတွင် ခေတ်အဆက်ဆက်ပြည်သူများ မျှော်လင့်စောင့်စားခဲ့သော အလင်းရောင်များ တစ်စွန်းတစ်စပေါ်ထွက်လာပြီဟု ဆိုရမည်ဖြစ်သည်။ ထိုမှိန်ဖျော့ဖျော့အလင်းရောင်လေးကိုပင် ပြည်သူများ မျှော်လင့်စောင့်စားခဲ့ရသည်မှာ နှစ်ပေါင်း ၇၀ နီးပါးရှိခဲ့ပြီဖြစ်သည်။

ထိုမျှကြာညောင်းခဲ့သောကာလအတွင်း အေးချမ်းသာယာမှု၊ တည်ငြိမ်မှု၊ ဖွံ့ဖြိုးတိုးတက်မှုများ ဆုံးရှုံးခဲ့ရသည်။ အဆိုးသံသရာတွင် ရှည်ကြာစွာနစ်မြုပ်နေခဲ့သည်။ မျိုးဆက်တစ်ဆက်ပြီးတစ်ဆက် လူမှုစီးပွားနှင့်စိတ်ဓာတ်ခွန်အားမှု လျော့ကျခဲ့ရသည်။ ဆင်းရဲနွမ်းပါးမှုနှံ့တွင်းနှင့် ပဋိပက္ခထောင်ချောက်တွင်းမှ မလွတ်ကင်းနိုင်သေးချေ။ အဆိုပါဆိုးမွေရလဒ်များကြောင့် အခြားနိုင်ငံများနှင့်မကွာအောင် ကြိုးပမ်းဆောင်ရွက်နေသော်လည်း နောက်ကျကျန်ရစ်နေသည်။

ယင်းတို့မှလွတ်မြောက်နိုင်ရန်အတွက် နိုင်ငံအတွင်း နှစ်ပေါင်းရှည်ကြာဖြစ်တည်နေသည့် လက်နက်ကိုင်ပဋိပက္ခများ အဆုံးသတ်နိုင်အောင် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် NCA တွင် လက်မှတ်ရေးထိုးနိုင်ရန် ယခုညီလာခံတွင် အကျေအလည် ဆွေးနွေးနေကြခြင်းဖြစ်သည်။ ယခုကဲ့သို့ ညီလာခံကြီးဖြစ်တည်လာအောင်၊ နိုင်ငံရေးဆွေးနွေးပွဲများပြုလုပ်နိုင်အောင် NCA က တံခါးဖွင့်ပေးခဲ့ပြီးဖြစ်သည်။ ထို NCA မှာ တိုင်းရင်းသားများ ညှိနှိုင်းသဘောတူမှုဖြင့် ဖြစ်တည်နေခြင်းဖြစ်သည်။

နိုင်ငံတော်အစိုးရအနေဖြင့် အမျိုးသားရင်ကြားစေ့ရေးကို အခြေခံပြီး နိုင်ငံတော်၏ရှေ့ခရီးအတွက် လျှောက်လှမ်းရာတွင် အားလုံးနှင့် ညှိနှိုင်းဆွေးနွေးပြီးမှ စတင်လျှောက်လှမ်းခဲ့ခြင်းဖြစ်သည်။ ယနေ့လက်ခံကျင့်သုံးဆောင်ရွက်နေမှုအားလုံးကို ညှိနှိုင်းဆောင်ရွက်ရေးမူဖြင့် ဆောင်ရွက်နေခြင်းဖြစ်သည်။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအား ဆောင်ရွက်ရာတွင် အားလုံးပွင့်ပွင့်လင်းလင်း ဆွေးနွေးညှိနှိုင်းပြီးမှ အားလုံးသဘောတူလက်ခံနိုင်သည့်မူများရရှိအောင် ဆောင်ရွက်သွားမည်ဖြစ်သည်။

လက်ရှိတွင် အပစ်ရပ်လုပ်ငန်းစဉ်များခိုင်မာရေး၊ နိုင်ငံရေးဆွေးနွေးမှု အာမခံချက်ရှိရေးနှင့် လက်ခံနိုင်စရာကောင်းသည့် အခြေအနေဖြစ်ရေးတို့မှာ အဆင့်တစ်ဆင့်သို့ ရောက်ရှိနေပြီဟု ဆိုရမည်ဖြစ်သည်။ သို့ဖြစ်၍ နိုင်ငံရေးဆွေးနွေးမှုမူဘောင်များကို အောင်မြင်စွာစိုက်ထူပြီး ထာဝရငြိမ်းချမ်းရေးရယူနိုင်ရေး အဆင့်ဆင့် အောင်မြင်စွာ ကြိုးပမ်းဆောင်ရွက်နိုင်အောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရပါမည်။ ။

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ (၂၁) ရာစုပင်လုံ (ဒုတိယအစည်းအဝေး)

Union Peace Conference - 21st Century Panglong (Second Session)

၂၄ - ၅ - ၂၀၁၇ နေပြည်တော်

Union Peace Conference - 21st Century Panglong - second session

## ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေး လုပ်ငန်းကော်မတီ ကြိုတင်ညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် မေ ၂၆**

ပြန်လည်ထူထောင်ရေးနှင့်ပြန်လည်တည်ဆောက်ရေးလုပ်ငန်းကော်မတီ၏ ကြိုတင်ညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော် ဆောက်လုပ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြန်လည်ထူထောင်ရေးနှင့်ပြန်လည်တည်ဆောက်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်က သဘာဝဘေးပြန်လည်ထူထောင်ရာတွင် အချိန်အား၊ ငွေအား၊ အရင်းအမြစ်အင်အားများစွာ အသုံးပြုရသည့်အတွက် ဘေးဒဏ်လျော့နည်းသက်သာစေရန် ကြိုတင်ပြင်ဆင်ခြင်းသည် အကောင်းဆုံးနည်းလမ်းဖြစ်ကြောင်း၊ ဖြစ်လာမှ ဆောင်ရွက်ခြင်းထက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားခြင်းဖြင့် မဖြစ်မီ၊ဖြစ်ဆဲ၊ဖြစ်ပြီး လုပ်ငန်းဆောင်ရွက်မှုများကို အချိတ်အဆက်မိမိနှင့် လစ်ဟာမှုမရှိစေရန် ဆောင်ရွက်နိုင်မည်ဖြစ်သည့်အတွက် တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် သဘာဝဘေးအန္တရာယ် ရင်ဆိုင်တုံ့ပြန်နိုင်ရေး၊ ပြန်လည်ထူထောင်ရေးစီမံချက်များကို ဒေသ၏လိုအပ်ချက်နှင့်အညီ ရေးဆွဲပြုစုကြရန် လိုပါကြောင်း။

မြန်မာနိုင်ငံအတွင်း သဘာဝဘေးအန္တရာယ် လျော့ပါးရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ရန်၊ ဘေးအန္တရာယ်အပေါ် တုံ့ပြန်ဆောင်ရွက်ရန်၊ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သော စာရင်းအင်း အချက်အလက်များ ရရှိနိုင်ရေး၊ ပျက်စီးဆုံးရှုံးမှု စာရင်းများကို စစ်တမ်းကောက်ယူ၍ တိကျသော သတင်းအချက်အလက် ကောက်ယူနိုင်ရေးနှင့် လိုအပ်ချက်များ ဆန်းစစ်ဖော်ထုတ်နိုင်ရန်၊ သဘာဝဘေးအန္တရာယ်ဖြစ်ပွားရသည့် အဓိကအကြောင်းရင်းများအတွက် ချက်ချင်း၊ ရေတို၊ ရေရှည် စီမံကိန်းများရေးဆွဲအကောင်အထည်ဖော်ခြင်းဖြင့် ထိခိုက်ပျက်စီးမှုများအား ပြန်လည်ထူထောင်ရေးနှင့် နောက်ပိုင်းကာလအတွက် ကြိုတင်ပြင်ဆင်ထားနိုင်ရန်ရည်ရွယ်ပြီး ၂၀၁၆ ခုနှစ် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စစ်တမ်းအစီရင်ခံစာကို နေပြည်တော်ကောင်စီနှင့် တိုင်းဒေသကြီး၊ ပြည်နယ် ၁၄ ခုရှိ မြို့နယ်ပေါင်း ၅၃ မြို့နယ်တွင် အသေးစိတ်ကောက်ယူခဲ့ပါကြောင်း၊ တွေ့ရှိချက်များအပေါ်ဆောင်ရွက်ထားရှိမှု၊ ဆောင်ရွက်ဆဲနှင့် ဆောင်ရွက်ရန်ကျန်ရှိနေမှုများကိုလည်း စိစစ်ရန် လိုအပ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ကော်မတီ အတွင်းရေးမှူး လမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအုန်းလွင်က တိုင်းဒေသကြီး၊ ပြည်နယ်များတွင် သဘာဝဘေးအန္တရာယ်ဆိုင်ရာ ၂၀၁၆ စစ်တမ်းကွင်းဆင်းကောက်ယူရရှိခဲ့သော တွေ့ရှိချက်များနှင့် စပ်လျဉ်း၍ ကနဦးလိုအပ်ချက် စစ်တမ်းကောက်ယူရေး၊ ပျက်စီးဆုံးရှုံးမှုအတည်ပြုရေးနှင့် လိုအပ်ချက်များဆန်းစစ်ဖော်ထုတ်ရေးတို့နှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် အစည်းအဝေးသို့တက်ရောက်လာသောကော်မတီဝင်များက ဌာနအလိုက် ၂၀၁၆ ခုနှစ် သဘာဝဘေးအန္တရာယ်ကြောင့် တိုင်းဒေသကြီး၊ ပြည်နယ်တို့မှ ပြန်လည်ထူထောင်ရေးအတွက် ဆောင်ရွက်ပြီးစီးမှုအခြေအနေ၊ ၂၀၁၇ ခုနှစ်အတွက် ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားရှိမှုများ၊ ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြရာ ကော်မတီဥက္ကဋ္ဌက လုပ်ငန်းလိုအပ်ချက်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

### ပင်လုံသက်သေတည်

❖ ၂၁ ပင်လုံဒီခရီး
ဒုတိယ အကြိမ်ပြီးရင်
လက်နက်တွေ အရည်ကြို
ငြိမ်းချမ်းရေး ချိုးရုပ်
သွန်းလုပ်ကြမယ်။

❖ ကျည်ဆန်တွေ အရည်ဖျော်
ငြိမ်းချမ်းရေး သံလွင်ခက်
သွန်းဆက်လို့ ပုံဖော်ကြမယ်။

❖ ကဲ . . . ပြည်သူတွေအတွက်
ငြိမ်းချမ်းခြင်း လက်ကိုတွဲ
ရှေ့ကို ရဲရဲကြီးလျှောက်ကြမယ်။

**မင်းမခ**

## ကျွဲတပ်ကျေးရွာသို့ ရေလှူဒါန်း

**ချောက် မေ ၂၆**

ချောက်မြို့နယ် ရဲတပ်ဖွဲ့ ဒု-မြို့နယ်ရဲမှူးသိန်းထွန်း၊ ငွေးချို ရဲကင်းစခန်းမှူး ရဲအုပ်လှမိုးအောင်တို့နှင့် တပ်ဖွဲ့ဝင်များသည် ယနေ့ နံနက်ပိုင်းက ငွေးချိုအုပ်စု ကျွဲတပ်ကျေးရွာရှိ ကျေးရွာပြည်သူများအား သောက်သုံးရေ ပြတ်လပ်မှုမရှိစေရေးအတွက် လီတာ ၂၀ ဆံ့ ရေသန့်ဘူး ၂၃၀ နှင့် ငွေးချိုမီးသတ်မှ ရေဂါလန် ၁၆၀၀ ဆံ့ မီးသတ်ယာဉ် တစ်စီးတို့ဖြင့် ယင်းကျေးရွာရှိ အိမ်ထောင်စု ၂၃၀၊ လူဦးရေ ၁၀၁၆ ဦးတို့အား ဖြန့်ဝေလှူဒါန်းပေးခဲ့ကြောင်း သိရသည်။

**မချို(ချောက်)**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် မေ ၂၆**

ရန်ကုန်(ရွှေဈေး) ၉၀၅၀၀၀ - ၉၀၅၀၀၀ မန္တလေး(ရွှေဈေး) ၉၀၅၀၀၀ - ၉၀၅၀၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၆၉၀/၇၀၀ ကျပ်၊ | ၇၁၀/၇၂၀ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၇၄၀/၇၅၀ ကျပ်၊ | ၈၃၅/၈၅၀ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၆၉၀/၇၁၀ ကျပ်၊ | ၇၄၀/၇၇၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၇၁၀/၇၂၀ ကျပ်၊ | ၇၃၀/၇၄၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၆၅၅ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၆၈၈/၆၇၀ ကျပ်၊
အောက်တိန်း ၉၂ တစ်လီတာ ၆၅၅/၆၆၀ ကျပ်

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၃၆၅.၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၅၂၉.၇ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၁၉၈.၇၂ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၃၉.၉၆၅ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၁၉.၁၅ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၂၁.၁၄၅ |
| (ဆ) ဂျပန် | တစ်ရာယန်း | = | ၁၂၂၁.၁ |
| (ဇ) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၂၂.၀၀ |
| (ဈ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၁၆.၉ |
| (ည) စင်ကာပူ | တစ်ဒေါ်လာ | = | ၉၈၅.၃၅ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**

ကြေးမုံ နေ့စဉ်သတင်းစာ

စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဇင်
စာတည်းမှူးများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေးသန်း၊ ဦးကျော်ဇေယျာမြင့်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှိုင်သင်း၊ ဒေါ်စန္ဒာဝင်း
သတင်းထောက်မှူး - ဦးဌေးအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအေဝမ်းစိုး၊ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်၊
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း
သတင်းထောက် - ဒေါ်ဆုနှင်းလှဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ The Mirror Established in 1957
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁၊
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂၊
မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ပြည်သူနှင့်အတူ

✱ ရှေ့ဖုံးမှ

နံနက် ၁၀ နာရီ ၄၅ မိနစ်တွင် လည်းကောင်း နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ သီးခြားစီလက်ခံတွေ့ဆုံသည်။

ဥရောပပါလီမန်၊ အရှေ့တောင်အာရှနှင့် အာဆီယံဆက်ဆံရေးဆိုင်ရာ ကိုယ်စားလှယ်အဖွဲ့ဥက္ကဋ္ဌ ဦးဆောင်သည့် ဥရောပပါလီမန် ကိုယ်စားလှယ်အဖွဲ့နှင့်တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် ဥရောပသမဂ္ဂအကြား ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးဆိုင်ရာကိစ္စရပ်များ၊ မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များကို လည်းကောင်း၊ အိန္ဒိယပြည်ပရေးရာဝန်ကြီးဌာန နိုင်ငံခြားရေးအတွင်းဝန်နှင့်တွေ့ဆုံစဉ် စွမ်းအင်ကဏ္ဍ၊ အခြေခံအဆောက်အအုံ၊ ယဉ်ကျေးမှု၊ ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှုနှင့် အဆင့်မြင့်ကိုယ်စားလှယ်များ အပြန်အလှန်သွားရောက်ရေးကိစ္စရပ်များအပါအဝင် နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးဆိုင်ရာကိစ္စရပ်များကို လည်းကောင်း ရင်းနှီးပွင့်လင်းစွာဆွေးနွေးခဲ့ကြသည်။

(သတင်းစဉ်)

## ဥရောပပါလီမန်နှင့် မြန်မာနိုင်ငံလွှတ်တော်အကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေး



**နေပြည်တော် မေ ၂၆**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်သည် ဥရောပပါလီမန်၊ အရှေ့တောင်အာရှနှင့် အာဆီယံဆက်ဆံရေးဆိုင်ရာ ကိုယ်စားလှယ်အဖွဲ့ဥက္ကဋ္ဌ Mr. Werner LANGEN ဦးဆောင်သော ဥရောပပါလီမန်၊ အရှေ့တောင်အာရှနှင့် အာဆီယံဆက်ဆံရေးဆိုင်ရာ ကိုယ်စားလှယ်အဖွဲ့အား ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။**(ဓာတ်ပုံ)**

**ပူးပေါင်းဆောင်ရွက်ရေးဆွေးနွေး**

တွေ့ဆုံစဉ် ဥရောပပါလီမန်နှင့် မြန်မာနိုင်ငံ လွှတ်တော်အကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ၊ ဥပဒေပြုရေးလုပ်ငန်းစဉ်များ၊ ဒီမိုကရေစီ အသွင်ကူးပြောင်းရေးလုပ်ငန်းစဉ်များ၊ တရားဥပဒေစိုးမိုးရေးကိစ္စရပ်များနှင့်ပတ်သက်၍ ဆွေးနွေးကြသည်။

**တက်ရောက်**

တွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးတီခွန်မြတ်နှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများတက်ရောက်ခဲ့ကြပြီး ဧည့်သည်တော်အဖွဲ့နှင့်အတူ ဥရောပသမဂ္ဂသံအမတ်ကြီး မစ္စတာ ရိုလန်ကိုဘီယာလည်း တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## မြန်မာ့တပ်မတော်သို့ တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်မှ မီးရထားစက်ခေါင်းနှင့်တွဲများ လွှဲပြောင်းပေးအပ်

**နေပြည်တော် မေ ၂၆**

မြန်မာ့တပ်မတော်သို့ တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်မှ မီးရထားစက်ခေါင်းနှင့် တွဲများလွှဲပြောင်းပေးအပ်ခြင်းအခမ်းအနားကို ယနေ့နံနက် ၈ နာရီခွဲတွင် နေပြည်တော်ဘူတာကြီးရှိ အမှတ်(၁)စင်္ကြံ၌ ကျင်းပရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်သည်။

ရှေးဦးစွာ သံအမတ်ကြီး မစ္စတာဟုန်လျန်က မီးရထားစက်ခေါင်းနှင့်တွဲများ လွှဲပြောင်းပေးအပ်ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး မီးရထားစက်ခေါင်း၊ တွဲများနှင့်ပတ်သက်သည့် အထောက်အထားစာရွက်စာတမ်းများကို စစ်သံမှူး Senior Colonel Xiong Shaowei က လွှဲပြောင်းပေးအပ်ရာ စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီးညိုစောက လက်ခံရယူသည်။

ထို့နောက် အဆိုပါမီးရထားဖြင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ တပ်မတော်အရာရှိကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံအမတ်ကြီး၊ စစ်သံမှူး၊ မြန်မာ့မီးရထားမှ ဦးဆောင်ညွှန်ကြားရေးမှူးတို့သည် အရာရှိ၊ စစ်သည်၊ မိသားစုများနှင့်အတူ နေပြည်တော်ဘူတာမှ တပ်ကုန်းဘူတာသို့ လိုက်ပါစီးနင်းကြသည်။

တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်မှ မြန်မာ့တပ်မတော်သို့ လွှဲပြောင်းပေးအပ်သည့် မီးရထားစက်ခေါင်းနှင့်တွဲများမှာ မြင်းကောင်ရေ ၂၀၀၀ အားရှိ Dalian အမျိုးအစားစက်ခေါင်း နှစ်ခု၊ Sifang အမျိုးအစား ( Passenger Coach)လူစီးတွဲ ၆၈ ယောက်စီး ၁၀ တွဲ၊ Meishan အမျိုးအစား (Covered Wagon) ၃၂ တန် အလုံပိတ် ကုန်တွဲ ၁၀ တွဲတို့ဖြစ်သည်။

မွန်းလွဲပိုင်းတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် အိန္ဒိယပြည်ပရေးရာဝန်ကြီးဌာန၊ နိုင်ငံခြားရေးအတွင်းဝန် H.E.Dr.S.Jaishankar အား နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမဆောင်၌လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး၊ အပြန်အလှန်ချစ်ကြည်ရေးခရီးစဉ်များ၊ မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးဖော်ဆောင်နေမှုအခြေအနေများ၊ နှစ်နိုင်ငံနယ်စပ်ဒေသ လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် နှစ်ဖက်ညှိနှိုင်းဆွေးနွေးခြင်းဖြင့် ရလဒ်ကောင်းများရရှိရေး၊ နှစ်နိုင်ငံနယ်နိမိတ်တိုင်းတာရေးကိစ္စရပ်များတွင် တပ်မတော်အနေဖြင့်လည်း ကူညီလုပ်ဆောင်သွားမည့်အခြေအနေများကို အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် အမေရိကန်-တရုတ် စီးပွားရေးနှင့် လုံခြုံရေးပြန်လည်ဆန်းစစ်ရေးကော်မရှင်အဖွဲ့ ဒုတိယဥက္ကဋ္ဌ Mr. Dennis Shea နှင့်အဖွဲ့အား ယနေ့မွန်းလွဲ ၃ နာရီတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် Mr. Dennis Shea က ကော်မရှင်အနေဖြင့် ယခုနှစ်အတွင်း အရှေ့တောင်အာရှနှင့်ပတ်သက်၍ အလေးပေးလေ့လာနေမှု၊ မြန်မာနိုင်ငံအား လေ့လာပြီး ကောင်းမွန်သည့်အကြံဉာဏ်များပေးလိုမှုတို့ကို ရှင်းလင်းပြောကြားပြီး ကော်မရှင်အဖွဲ့ဝင်များက မြန်မာနိုင်ငံနှင့်ပတ်သက်၍ သိရှိလိုသည်များကို မေးမြန်းကြသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က နိုင်ငံရေးနှင့် လုံခြုံရေးအခြေအနေများ၊ အနာဂတ် ၁၀ နှစ်အတွင်း တပ်မတော်၏ကဏ္ဍ၊ မြန်မာနိုင်ငံ၏ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအပေါ် တရုတ်နိုင်ငံ၏ အပြုသဘောဆောင်မှုအမြင်၊ အမေရိကန်နိုင်ငံနှင့် မြန်မာနိုင်ငံ၏စစ်ဘက်ဆက်ဆံရေး၊ လူ့အခွင့်အရေးနှင့်ပတ်သက်၍ တပ်မတော်၏သဘောထားအမြင်တို့ကို ရှင်းလင်းပြောကြားခဲ့သည်။

(သတင်းစဉ်)



**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံအမတ်ကြီး မစ္စတာဟုန်လျန်တို့ လိုက်ပါစီးနင်းကြသည့်ခရီးသည်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။**

# ပြဲ့ယမ်းအရေး အမေရိကန်နှင့်ဂျပန် ပူးပေါင်းဆောင်ရွက်မည်

**ကျိုတို မေ ၂၆**
ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးနှင့် အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်တို့သည် မြောက်ကိုရီးယားအရေးနှင့် ပတ်သက်ပြီး နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်သွားရန် သဘောတူညီခဲ့ကြသည်ဟု ယနေ့သတင်းများအရ သိရသည်။

ခေါင်းဆောင်နှစ်ဦးတို့သည် အီတလီနိုင်ငံတွင် ကျင်းပသည့် ဂျီ-၇ ထိပ်သီးအစည်းအဝေးပွဲသို့ တက်ရောက်ပြီးနောက် သီးခြားတွေ့ဆုံရာတွင် အထက်ပါ ကိစ္စရပ်နှင့်ပတ်သက်ပြီး သဘောတူညီခဲ့ကြသည်။

မြောက်ကိုရီးယား၏ နျူကလီးယားလက်နက်ဖွံ့ဖြိုးမှု အစီအစဉ်သည် ကမ္ဘာတစ်ဝန်းလုံးအတွက် ခြိမ်းခြောက်မှုတစ်ခုဖြစ်သည့်အတွက် ပြဲ့ယမ်းအား သေချာစွာ ကိုင်တွယ်ထိန်းသိမ်းနိုင်ရန် နည်းလမ်းကောင်းများရှာရမည်ဖြစ်ကြောင်း သမ္မတ ဒေါ်နယ်ထရန့်က ကနဦးပြောကြားခဲ့သည်။

နှစ်နိုင်ငံအနေဖြင့် အနီးကပ်ပူးပေါင်းပြီး မြောက်ကိုရီးယားအရေးအပါအဝင် ကမ္ဘာလုံးဆိုင်ရာ ပြဿနာများအပေါ် ညှိနှိုင်းအဖြေရှာသွားရန် ဆန္ဒပြုလိုကြောင်း ဝန်ကြီးချုပ် ရှင်ဇိုအာဘေးက ဆိုသည်။

ဂျီ-၇ ထိပ်သီးအစည်းအဝေးတွင်လည်း ဝန်ကြီးချုပ် ရှင်ဇိုအာဘေးက မြောက်ကိုရီးယားအရေးနှင့်ပတ်သက်ပြီး ကိုင်တွယ်ဖြေရှင်းရာတွင် ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ကြောင်း အခြားနိုင်ငံ့ခေါင်းဆောင်များအား တိုက်တွန်းပြောကြားခဲ့သည်။

ထို့ပြင် 'အမေရိကန်သည်သာ ပထမ' မူဝါဒကို လက်ကိုင်ထားသည့် သမ္မတ ဒေါ်နယ်ထရန့်အား လွတ်လပ်မျှတသော ကုန်သွယ်မှုကဏ္ဍ၏ အရေးပါပုံများကို ဝန်ကြီးချုပ် ရှင်ဇိုအာဘေးက အလေးပေးပြောကြားခဲ့ကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ။**





# ဝန်ကြီးချုပ်မိုဒီ အာဏာရရှိမှု သုံးနှစ်ပြည့်မြောက်သည့်နေ့တွင် အိန္ဒိယနိုင်ငံ၏ အရှည်လျားဆုံးမြစ်ကူးတံတား ဖွင့်လှစ်

**နယူးဒေလီ မေ ၂၆**
ဝန်ကြီးချုပ် နရိန္ဒြာမိုဒီ အာဏာရရှိမှု သုံးနှစ်ပြည့်မြောက်သည့်နေ့ဖြစ်သော မေ ၂၆ ရက်တွင် အိန္ဒိယနိုင်ငံ၏ အရှည်လျားဆုံးတံတားတစ်စင်းကို ၎င်းက ဖွင့်လှစ်ပေးလိုက်ကြောင်း ဒေသဆိုင်ရာသတင်းဌာနများက သတင်းထုတ်ပြန်သည်။

အိန္ဒိယနိုင်ငံ အရှေ့မြောက်ပိုင်း အာသံပြည်နယ်ရှိ ဗြဟ္မပုတ္တရ မြစ်ကူးတံတားကို ဖွင့်လှစ်နိုင်ခြင်းဖြင့် အာသံပြည်နယ်မှသည် နယ်ခြားဒေသရှိ အာရူနာချယ် ပရာဒေ့ရှ်ပြည်နယ်သို့ ကူးလူးသွားလာရာတွင် ခရီးသွားလာရသည့် အချိန်ကို လျှော့ချပေးနိုင်မည်ဖြစ်သည်။ အာရူနာချယ် ပရာဒေ့ရှ်ပြည်နယ်၏ နယ်မြေတစ်စိတ်တစ်ဒေသကို မိမိတို့ပိုင်ဆိုင်သည်ဟု တရုတ်နိုင်ငံက တောင်းဆိုခဲ့ဖူးသည်။

ဒိုလာဆဒီယာ အမည်ရှိ မြစ်ကူးတံတားသည် ၉ ဒသမ ၁၅ ကီလိုမီတာ (၅ ဒသမ ၇ မိုင်) ရှည်လျားပြီး တန်ချိန် ၆၀ အလေးချိန်ရှိ တိုက်ပွဲဝင်သံချပ်ကာကား တစ်စီး ဖြတ်သန်းမောင်းနှင်နိုင်လောက်အောင် ခိုင်မာတောင့်တင်းသည်ဆို၏။

တံတားသစ်ဖွင့်လှစ်နိုင်ခြင်းဖြင့် ဒေသဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုအတွက် အထောက်အကူပေးမည်ဖြစ်ကြောင်း တံတားဖွင့်ပွဲအခမ်းအနားတွင် ဝန်ကြီးချုပ် မိုဒီက ပြောကြားသည်။

**ရိုက်တာ။**

# အီဂျစ်တွင် ကော့ပ်တစ်ခရစ်ယာန်များအား သေနတ်သမားတစ်ဦးပစ်ခတ် လူ ၂၆ ဦး သေဆုံးပြီး ၂၆ ဦး ထိခိုက်ဒဏ်ရာရ

**ကိုင်ရို မေ ၂၆**
အီဂျစ်နိုင်ငံတောင်ပိုင်းတွင် မေ ၂၆ ရက်က ခရစ်ယာန်ဘုန်းတော်ကြီးကျောင်းတစ်ကျောင်းဆီသို့ ဦးတည်မောင်းနှင်လာသည့် ယာဉ်တန်းကို မျက်နှာဖုံးတပ်သေနတ်သမားများက သေနတ်ဖြင့် တရကြမ်းပစ်ခတ်တိုက်ခိုက်ခဲ့ရာ လူ ၂၆ ဦးသေဆုံးပြီး ၂၆ ဦး ထိခိုက်ဒဏ်ရာရရှိကြောင်း ဆေးရုံသတင်းရင်းမြစ်များနှင့် မျက်မြင်တွေ့ရှိသူများက ပြောကြားကြသည်။

ကော့ပ်တစ်ခရစ်ယာန် ဘာသာဝင်များသည် ဘတ်စ်ကားနှစ်စီး၊ ကုန်တင်ယာဉ်ငယ်တစ်စီးတို့ဖြင့် မင်ယာပြည်နယ်အတွင်း သွားလာနေစဉ် ပစ်ခတ်ခံရခြင်းဖြစ်သည်။ ယင်းပြည်နယ်သည် အီဂျစ်နိုင်ငံ၏ လူနည်းစုဖြစ်သော ကော့ပ်တစ်ခရစ်ယာန်ဘာသာဝင်ဦးရေ အတန်အသင့်နေထိုင်သည့် ပြည်နယ်ဖြစ်သည်။

လူဦးရေ ၉၂ သန်းရှိသည့် အီဂျစ်နိုင်ငံတွင် ကော့ပ်တစ်ခရစ်ယာန်ဘာသာဝင်ဦးရေမှာ ၁၀ ရာခိုင်နှုန်းခန့်ရှိသည်။ မကြာသေးမီလများအတွင်းက ၎င်းဘာသာဝင်များ အသေအပျောက်ရှိသည့် တိုက်ခိုက်မှု အစီအရီဖြစ်ပွားခဲ့သည်။

ယမန်နှစ် ဒီဇင်ဘာလနောက်ပိုင်း ကိုင်ရို၊ အလက်ဇန္ဒြီးယားနှင့်တန်တာမြို့များရှိ ကော့ပ်တစ်ခရစ်ယာန်ဝတ်ပြုကျောင်းများ ဗုံးဖြင့်တိုက်ခိုက်ခံရမှုကြောင့် လူ ၇၀ ခန့်သေဆုံးခဲ့သည်။

ယင်းသို့သော တိုက်ခိုက်မှုများကို အိုင်အက်စ်တို့က ၎င်းတို့လုပ်ဆောင်ခဲ့ကြောင်း ကြေညာခဲ့သော်လည်း ယနေ့ဖြစ်ပွားသည့် တိုက်ခိုက်မှုအတွက်မူ တာဝန်ရှိကြောင်း မည်သည့်အဖွဲ့အစည်းကမျှ လတ်တလော ထုတ်ဖော်ပြောကြားခြင်း မရှိပေ။

**ရိုက်တာ။**



# မြို့ကိုသိမ်းပိုက်ထားမှုအဆုံးသတ်ပြီး ဆွေးနွေးပွဲပြုလုပ်ရန် ဖိလစ်ပိုင်သမ္မတက အိုင်အက်စ်ဆက်နွယ်သောသူပုန်အဖွဲ့ကို တိုက်တွန်း

**မနီလာ မေ ၂၆**
ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်းရှိ မြို့ကြီးတစ်မြို့အား သိမ်းပိုက်ထားမှုကို



အဆုံးသတ်ရန်နှင့် အစိုးရအဖွဲ့နှင့်ဆွေးနွေးမှုစတင်ပြုလုပ်ရန် သမ္မတရိုဒရစ်ဂို ဒူတာတေးက စစ်သွေးကြွများကို တိုက်တွန်းလိုက်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက မေ ၂၆ ရက်တွင် သတင်းထုတ်ပြန်သည်။

ထိုစဉ်အတွင်း ဖိလစ်ပိုင်တောင်ပိုင်း၌ နိုင်ငံခြားသားစစ်သွေးကြွများ ပါဝင်သောသူပုန်အဖွဲ့က သိမ်းပိုက်ထားသည့် မြို့တစ်မြို့သို့ အထူးတပ်ဖွဲ့များနှင့် တိုက်ခိုက်ရေးရဟတ်ယာဉ်များကို စေလွှတ်ခဲ့သည်။

ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်း မင်ဒါနာအိုကျွန်းရှိ မြို့ကြီးတစ်မြို့ဖြစ်သော မာရာဝီမြို့ကို အစ္စလာမ့်စ်နိုင်ငံတော်(အိုင်အက်စ်)နှင့် ဆက်နွယ်မှုရှိသော သူပုန်အဖွဲ့တစ်ဖွဲ့က သိမ်းပိုက်ခဲ့ပြီးနောက် အစိုးရတပ်ဖွဲ့က စစ်ဆင်ရေးဆင်နွှဲကာ စစ်သွေးကြွများကို ချေမှုန်းတိုက်ထုတ်လျက်ရှိစဉ် အထူးတပ်ဖွဲ့များနှင့်တိုက်ခိုက်ရေးရဟတ်ယာဉ်များကို စစ်ကူအဖြစ် ပေးပို့လိုက်ခြင်းဖြစ်သည်။

အစိုးရတပ်ဖွဲ့မှ စစ်ရဟတ်ယာဉ်များသည် မဟာဗျူဟာအရ အရေးပါသော တံတားတစ်စင်းအနီး သူပုန်တို့ထိန်းချုပ်ထားရာနေရာများကို စက်သေနတ်အသုံးပြု၍ တိုက်ခိုက်ခဲ့သည်။

မော်တေးအမည်ရှိသူပုန်အဖွဲ့သည် မွတ်စလင်အများစုဖြစ်သော လူဦးရေ ၂၀၀၀၀၀ ခန့်နေထိုင်ရာ မာရာဝီမြို့တွင် မီးရှို့ဖျက်ဆီးမှုများပြုလုပ်ခဲ့ကြပြီး စာသင်ကျောင်းတစ်ကျောင်း၊ အကျဉ်းထောင်တစ်လုံးနှင့် ကက်သီဒရယ်ဘုရားကျောင်းတစ်ကျောင်းတို့ကို သိမ်းပိုက်ခဲ့သည်။ ၎င်းအပြင် လူ ၁၂ ဦးထက်မနည်းကို ဓားစာခံအဖြစ်ဖမ်းဆီးထားကြောင်း သတင်းတွင်ဖော်ပြသည်။

အကြမ်းဖက်သမားများကို ချေမှုန်းတိုက်ထုတ်နိုင်ရန် စစ်ဆင်ရေးလုပ်ငန်းဆောင်ရွက်လျက်ရှိကြောင်း ဗိုလ်မှူးချုပ်ရိုလီဘော်တစ်ဆာက ပြောကြားသည်။

အိုင်အက်စ်အဖွဲ့ကို သစ္စာခံသည်ဟုဆိုသော မော်တေးသူပုန်အဖွဲ့နှင့် အစိုးရတပ်ဖွဲ့များအကြား မေ ၂၃ ရက်မှစ၍ တိုက်ပွဲများဖြစ်ပွားခဲ့သည်။ သူပုန်အဖွဲ့ဝင်များခိုအောင်းရာ နေရာများအနက် နေရာတစ်နေရာကို လုံခြုံရေးတပ်ဖွဲ့ဝင်များက စီးနင်းမှုမအောင်မမြင်ဖြစ်ခဲ့ရပြီးနောက် တိုက်ခိုက်မှုစတင်ခဲ့ခြင်းဖြစ်သည်။

သူပုန်တပ်ဖွဲ့ဝင် ၁၈ ဦးကို အသေဖမ်းဆီးရမိခဲ့ကြောင်း ဗိုလ်မှူးချုပ်ရိုလီက ပြောကြားသည်။

ဖိလစ်ပိုင်နိုင်ငံ၏ ဒုတိယအကြီးဆုံးကျွန်းဖြစ်သော မင်ဒါနာအိုကျွန်း၌ လုံခြုံရေးပျက်ပြားလာမှုကြောင့် သမ္မတရိုဒရစ်ဂိုဒူတာတေးက မေ ၂၃ ရက်တွင် ယင်းကျွန်း၌ စစ်အုပ်ချုပ်ရေးအမိန့် ထုတ်ပြန်ပေးခဲ့သည်။

မာရာဝီမြို့၌ လုံခြုံရေးတပ်ဖွဲ့ဝင် ၁၅ ဦး၊ သူပုန်အဖွဲ့ဝင် ၃၁ ဦး သေဆုံးခဲ့ရပြီး တိုက်ခိုက်မှုများ ဆက်လက်ဖြစ်ပွားနေဆဲဖြစ်သည်။

**ရိုက်တာ။**

# ကမ္ဘာ့ဘဏ်မှချေးငွေ အမေရိကန်ဒေါ်လာ ၁၂၅ သန်း ချေးယူရန် ပြည်ထောင်စုလွှတ်တော်ကအတည်ပြု



**နေပြည်တော် မေ ၂၆**

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး တတိယနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးခန်းမဆောင်၌ ကျင်းပသည်။

အစည်းအဝေးတွင် ပြည်ထောင်စုအစိုးရအဖွဲ့မှ ပေးပို့သည့် ၂၀၁၅ - ၂၀၁၆ ဘဏ္ဍာရေးနှစ် အစိုးရ၏ ကြွေးမြီဆိုင်ရာနှစ်ပတ်လည် အစီရင်ခံစာနှင့်စပ်လျဉ်း၍ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ရှင်းလင်းတင်ပြသည်။

အဆိုပါ အစီရင်ခံစာနှင့်စပ်လျဉ်း၍ ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာ (၅/၂၀၁၇)ကို ဒုတိယဥက္ကဋ္ဌ ဇလွန်မဲဆန္ဒနယ်မှ ဦးအောင်မင်းက ဖတ်ကြားတင်ပြသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယက မန်းဝင်းခိုင်သန်းက ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် အစိုးရ၏ ကြွေးမြီဆိုင်ရာ နှစ်ပတ်လည်အစီရင်ခံစာအပေါ် ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာ(၅/၂၀၁၇) နှင့် စပ်လျဉ်းပြီး ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့ သဘောကွဲလွဲသော မြန်မာ့ပိုင်နက်ပင်လယ်နှင့်ပင်လယ်ဇုန်များ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ ထပ်မံလေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာကို အတွင်းရေးမှူး ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဒေါက်တာမြတ်ညဏစိုးက ဖတ်ကြားတင်ပြသည်။

အဆိုပါ အစီရင်ခံစာနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်နာယကက ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော အရှေ့တောင်အာရှ သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုဆိုင်ရာစီမံကိန်းကို အကောင်အထည်ဖော်ရန်အတွက် ကမ္ဘာ့ဘဏ်ထံမှ ချေးငွေအမေရိကန်ဒေါ်လာ ၁၂၅ သန်း ချေးယူရန်ကိစ္စနှင့်စပ်လျဉ်း၍ ပဉ္စမပုံမှန်အစည်းအဝေး ဒုတိယနေ့တွင် လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်အပေါ် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ ဆောင်ရွက်မည့် မြို့ပြရေကြီးရေလျှံမှု အန္တရာယ်များအား စီမံခန့်ခွဲခြင်းနှင့်စပ်လျဉ်း၍ ရန်ကုန်မြို့သည် နိုင်ငံတော်၏ အရေးကြီးသော ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ဝင်ရိုးတစ်ခုဖြစ်ပြီး မြို့ပြဖြစ်ထွန်းမှုလျင်မြန်စွာ ဖြစ်ပေါ်နေပါကြောင်း၊ အရွယ်အစားအားဖြင့် ကြီးမားပြီး ဂျီဒီပီ၏ ၂၅ ရာခိုင်နှုန်းခန့်ကို ထုတ်လုပ်ပေးပါကြောင်း၊ ၂၀၁၄ ခုနှစ် အိမ်ထောင်စုသန်းခေါင်စာရင်း ကောက်ယူချက်အရ ရန်ကုန်မြို့၏ လူဦးရေသည် ၇ ဒသမ ၃၆ သန်းရှိပြီး မြို့ပြလူဦးရေ တိုးတက်မှုအရ မြို့၏ အခြေခံအဆောက်အအုံများသည် စိုးရိမ်ဖွယ်ဖြစ်ပြီး မြို့ပြဝန်ဆောင်မှုများသည်လည်း မြို့နေပြည်သူများအား လွှမ်းခြုံနိုင်စွမ်းမရှိသည်ကို ရင်ဆိုင်ကြုံတွေ့နေရပါကြောင်း။

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီအနေဖြင့် ရေဖြန့်ဝေခြင်း၊ ရေဆင်းမြောင်းများ ထိန်းသိမ်းဆောင်ရွက်ခြင်း၊ ရေဆိုးထုတ်ခြင်းနှင့် အမှိုက်စီမံခန့်ခွဲမှု အပါအဝင် စည်ပင်သာယာဝန်ဆောင်မှု အများစုအားတာဝန်ယူဆောင်ရွက် ပေးလျက်ရှိပါကြောင်း၊ ကမ္ဘာ့ဘဏ်ချေးငွေအား ပြန်လည်ပေးဆပ်ရာတွင် အသုံးပြုမည့် ငွေကြေးအရင်းအမြစ်အဖြစ် ရေဖိုးရေခများကို အသုံးပြုမည်ဖြစ်၍ ပြန်လည်ပေးဆပ်နိုင်စွမ်းအတွက် စိတ်ချရသည့် အနေအထားတွင်ရှိသည့်အတွက် ရန်ကုန်မြို့တော်ကို ရွေးချယ်ရခြင်း ဖြစ်ပါကြောင်း။

စီမံကိန်းအကောင်အထည်ဖော်ပြီးပါက လမ်းမတော်၊ လသာ၊ ပန်းဘဲတန်း၊ ကျောက်တံတား၊ ဗိုလ်တထောင်နှင့် ပုဇွန်တောင် မြို့တွင်း(၆)မြို့နယ်များ တိုက်ရိုက်အကျိုးခံစားခွင့်ရရှိမည့်အပြင် နယ်နိမိတ်ထိစပ်လျက်ရှိသည့် ဆိပ်ကမ်း၊ အလုံ၊ ဒဂုံ၊ ဗဟန်းနှင့် မင်္ဂလာတောင်ညွန့် စသည့် ဆက်စပ်မြို့နယ်များကလည်း သွယ်ဝိုက်အကျိုးခံစားခွင့်ရရှိမည်ဖြစ်ပါကြောင်း၊ စမ်းချောင်းမြို့နယ် အပါအဝင် ကျန်ရှိသည့်မြို့နယ်များတွင် ရေကြီးရေလျှံမှု လျော့နည်းရေး အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ကမ္ဘာ့ဘဏ်ချေးငွေဖြင့် ဆောင်ရွက်မည့် စီမံကိန်း (၆)နှစ်တာကာလအတွင်း ယင်းမြို့နယ်များအတွက် လိုအပ်သော သတင်းအချက်အလက်၊ အသေးစိတ်ပုံစံများ၊ မြို့ပြအင်ဂျင်နီယာပိုင်းဆိုင်ရာ အကြံပြုလေ့လာဆန်းစစ်မှုများကို ပြင်ဆင်ရန် အစီအမံများ ပြုလုပ်သွားမည်ဖြစ်ပါကြောင်း ဆွေးနွေးပြောကြားသည်။

ကမ္ဘာ့ဘဏ်မှ ချေးငွေ အမေရိကန်ဒေါ်လာ ၁၂၅ သန်း ချေးယူရန်ကိစ္စနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်နာယက မန်းဝင်းခိုင်သန်းက လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ ထောက်ခံမဲများသည့်အတွက် အတည်ပြုကြောင်း ကြေညာသည်။

ယင်းနောက် နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသည့် နျူကလီးယားသိပ္ပံနှင့် နည်းပညာ သုတေသန၊ ဖွံ့ဖြိုးရေးနှင့် လေ့ကျင့်သင်ကြားရေးဆိုင်ရာ ဒေသတွင်း ပူးပေါင်းဆောင်ရွက်ရေး သဘောတူစာချုပ် (၁၉၇၈ RCA) အစားထိုး (၂၀၁၇ RCA) တွင် မြန်မာနိုင်ငံမှအဖွဲ့ဝင်အဖြစ် ဆက်လက်ပါဝင်ရန် ကိစ္စနှင့်စပ်လျဉ်း၍ ဝါးခယ်မမဲဆန္ဒနယ်မှ ဦးဇော်သိန်း၊ တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီး ဇော်ထွန်းဦး၊ ကျောက်ဆည်မဲဆန္ဒနယ်မှ ဒေါက်တာတင်အောင်၊ ဖာပွန်မဲဆန္ဒနယ်မှ ဦးစောထွန်းမြအောင်နှင့် မြဝတီမဲဆန္ဒနယ်မှ ဦးစိန်ဗိုလ်တို့က ထောက်ခံဆွေးနွေးကြသည်။

အဆိုပါ ကိစ္စနှင့်စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက မြန်မာနိုင်ငံအနေဖြင့် ပါဝင်လက်မှတ်ရေးထိုးခွင့်ပြုရန်တင်ပြရာ လွှတ်တော်က သဘောတူကြောင်း ကြေညာသည်။

ထို့နောက် အမျိုးသားပညာရေး မူဝါဒကော်မရှင်၏ ၆ လတာကာလအတွင်း လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာ(၂၀၁၆ ခုနှစ် အောက်တိုဘာလမှ ၂၀၁၇ ခုနှစ် ဧပြီလအထိ)နှင့် စပ်လျဉ်း၍ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါက်တာသန်းဝင်း၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးဝေစိန်အောင်၊ အောင်မြေသာစံ မဲဆန္ဒနယ်မှ ဒေါက်တာလှမိုး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးကျော်နိုင်၊ ကျောက်တော်မဲဆန္ဒနယ်မှ ဦးဦးထွန်းဝင်း၊ တောင်တွင်းကြီး မဲဆန္ဒနယ်မှ ဦးမင်းသိန်း၊ ငပုတောမဲဆန္ဒနယ်မှ ဦးသန်းအောင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးခင်မောင်လတ်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဒေါ်ရွှေရွှေစိန်လတ်နှင့် မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးအောင်မျိုးလတ်တို့က အကြံပြုဆွေးနွေးကြသည်။

တောင်တွင်းကြီး မဲဆန္ဒနယ်မှ ဦးမင်းသိန်းက အမျိုးသားသင်ရိုးညွှန်းတမ်းကော်မတီအား အကြံပေးလိုသည်မှာ ဝိဇ္ဇာဘာသာရပ်နှင့် သိပ္ပံဘာသာရပ်တို့ကို ဟန်ချက်ညီသည့် သင်ရိုးညွှန်းတမ်းဖြစ်ရန် လိုအပ်ပါကြောင်း၊ သိပ္ပံဘာသာရပ် ဦးစားပေး၍ တစ်ဖက်စောင်းနင်း ပညာရေးမဖြစ်ရန်လိုအပ်ပါကြောင်း၊ ယနေ့ဘွဲ့ရ လူငယ်များအနေဖြင့် သမိုင်းနှင့်ပထဝီဆိုင်ရာ အသိပညာဗဟုသုတ နည်းပါးသည့်အတွက် မြန်မာနိုင်ငံ၌ မြစ်ကြီးလေးစင်းရှိသည်ကို မသိရှိပါကြောင်း၊ ထို့ကြောင့် ဝိဇ္ဇာနှင့် သိပ္ပံဘာသာရပ်များ၏ သင်ရိုးညွှန်းတမ်းရေးဆွဲရာတွင် ဟန်ချက်ညီရန် လိုအပ်ပါကြောင်း၊ သင်ရိုးညွှန်းတမ်းများသည် လက်တွေ့ဘဝနှင့်လည်းနီးစပ်ရန် လိုအပ်ပါကြောင်း၊ လက်တွေ့ဘဝနှင့် မနီးစပ်သော သင်ရိုးညွှန်းတမ်းများကို ယနေ့အထိ တွေ့ရှိနေရပါကြောင်း ဆွေးနွေးပြောကြားသည်။

မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမဲဆန္ဒနယ်မှ ဒေါက်တာလှမိုးက အမျိုးသားသင်ရိုးညွှန်းတမ်းကော်မတီဝင်များ ခန့်အပ်ရာတွင် ရာထူးကြီးကြီး ထမ်းဆောင်ဖူးသူများ၊ ပညာရေး၌ နှစ်ရှည်လများ အမှုထမ်းဖူးပြီး သက်ဆိုင်ရာ ဘာသာရပ်တွင် ဘွဲ့ကြီးကြီးရသူများကို အဖွဲ့ဝင်အဖြစ် မရွေးချယ်သင့်ပါကြောင်း၊ အမှန်တကယ်ရွေးချယ်သင့်သည်မှာ သက်ဆိုင်ရာ ဘာသာရပ်နယ်ပယ်၌ အထူးကျွမ်းကျင်ပြီး ပညာရပ်အပေါ် တစိုက်မတ်မတ်အားထုတ်သူ ဖြစ်ရမည်ဖြစ်ပါကြောင်း၊ ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်ရုံမျှမက နိုင်ငံတကာပညာရေးနှင့် အဆက်မပြတ်သူလည်း ဖြစ်ရန်လိုပါကြောင်း၊ မိမိနိုင်ငံ၏ လက်ရှိအခြေအနေနှင့် လိုအပ်ချက်များကို နားလည်ပြီး အားပြည့်အင်ပြည့် ဆောင်ရွက်လိုသူများကို ရွေးချယ်တာဝန်ပေးရန် လိုအပ်ပါကြောင်း၊ ထို့ကြောင့် ကော်မတီကို နိုင်ငံတော်နှင့် နိုင်ငံသားများအကျိုးကို ရှေးရှုပြီး လိုအပ်သလို ပြင်ဆင်ဖြည့်စွက်ပြောင်းလဲဖွဲ့စည်းရန် အကြံပြုတင်ပြလိုပါကြောင်း။

အစီရင်ခံစာတစ်ခုလုံးကို အနှစ်ချုပ်ကြည့်ပါက ကော်မတီအနေဖြင့် ပညာရေးဝန်ကြီးဌာနရှိ ဦးစီးဌာနများ၏ လုပ်ငန်းဆောင်ရွက်နေမှုများ၊ CSI လုပ်ငန်းစဉ်များကို ကြားနာစုံစမ်းလေ့လာသုံးသပ်ဆဲအဆင့်တွင် ရှိပါကြောင်း၊ အစီရင်ခံစာအရ ထူးခြားစွာ ဆောင်ရွက်နိုင်ခြင်း မရှိသေးပါကြောင်း၊ မြန်မာ့ပညာရေးပြောင်းလဲရေးအတွက် အရေးကြီးသော အခန်းကဏ္ဍတွင် ပါဝင်နေသည့် အမျိုးသားပညာရေး မူဝါဒကော်မရှင်အနေဖြင့် ယခုထက် ပိုမိုအားထည့်ဆောင်ရွက်ရန် လိုအပ်ပါကြောင်း အကြံပြုပြောကြားသည်။

အမျိုးသားပညာရေး မူဝါဒကော်မရှင်၏ ၆ လတာကာလအတွင်း လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များအပေါ် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက အချိန်ယူပြန်လည် ရှင်းလင်းခွင့်ပြုပါရန်တင်ပြရာ လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာသည်။

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို ဇွန် ၁ ရက်တွင် ကျင်းပသွားရန် လျာထားကြောင်း သိရသည်။

**သူရဇော်၊ အေးအေးသန့်**

# ဖျာပုံမြို့၌ 3D အဆင့်မြင့်ရုပ်ရှင်ရုံသစ် ဖွင့်လှစ်

**ရန်ကုန် မေ ၂၆**

မြန်မာ့ရုပ်ရှင်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် PARADISO CINEMAS CO.,LTD မှ မြန်မာနိုင်ငံအတွင်း ရုပ်ရှင်ရုံ ၁၀၀ စီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့(၁၂)ရပ်ကွက် ဒုတိယလမ်း ပန်းခြံအနီးရှိ PARADISO (ဖျာပုံ)အဆင့်မြင့် 3D ရုပ်ရှင်ရုံသစ် ဖွင့်လှစ်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ကျင်းပသည်။

PARADISO 3D အဆင့်မြင့်ရုပ်ရှင်ရုံကြီးများကို မော်ဘီနှင့် မုံရွာမြို့တို့တွင် အောင်မြင်စွာဖွင့်လှစ်ခဲ့ပြီး ဖျာပုံမြို့တွင် တတိယမြောက်ဖွင့်လှစ်ခြင်းဖြစ်သည်။ PARADISO (ဖျာပုံ)ရုပ်ရှင်ရုံတွင် တနင်္လာနေ့မှ သောကြာနေ့အထိ နေ့စဉ်ပွဲချိန်နှစ်ပွဲနှင့် စနေ၊ တနင်္ဂနွေ၊ အစိုးရရုံးပိတ်ရက်များနှင့် ဥပုသ်နေ့များတွင် ပွဲချိန်သုံးပွဲပြသမည်ဖြစ်ပြီး လက်မှတ်ဈေးနှုန်းများအနေဖြင့် ကျပ် ၁၂၀၀၊ ကျပ် ၁၇၀၀၊ ကျပ်၂၂၀၀ နှင့် နှစ်ယောက်တွဲခုံ ကျပ် ၅၄၀၀ တို့ သတ်မှတ်ထားကြောင်း သိရသည်။

"3D အဆင့်မြင့်ရုပ်ရှင်ရုံဆိုပေမယ့် လောလောဆယ် မြန်မာကားတွေစပြမယ်။ နိုင်ငံခြားကားတွေကတော့ နောက်မှပြဖြစ်မယ်။ အရင်တုန်းက ကျွန်တော်တို့ဖျာပုံမှာ ရုပ်ရှင်ရုံနှစ်ရုံရှိပါတယ်။ အခုတော့ မပြဖြစ်တော့ဘူး။ 3D အဆင့်မြင့်ရုပ်ရှင်ရုံက ဒါပထမဆုံး စဖွင့်တာပါ။ အခုလို အဆင့်မြင့်ရုပ်ရှင်ရုံကြီး ပေါ်ပေါက်လာတဲ့အတွက် ပြည်သူတွေအပန်းဖြေကြည့်ရှုနိုင်မယ်။ ကျွန်တော်တို့ဘက်ကလည်း အကောင်းဆုံးဝန်ဆောင်မှုတွေကို ဆောင်ရွက်ပေးမှာပါ"ဟု PARADISO(ဖျာပုံ) ရုပ်ရှင်ရုံမန်နေဂျာ ဦးအောင်ကိုမင်းက ပြောသည်။

အဆိုပါ ရုပ်ရှင်ရုံသစ်ဖွင့်ပွဲတွင် 'ကျွန်' ရုပ်ရှင်ဇာတ်ကားကို ရုံတင်ပြသခဲ့ပြီး"အခုလို အဆင့်မြင့်ရုပ်ရှင်ရုံသစ်ကြီး ဖွင့်လှစ်လိုက်တဲ့အတွက် ဝမ်းသာဂုဏ်ယူပါတယ်။ ကလေးတွေရော လူကြီးတွေပါ အားလပ်ရက်တွေမှာ အနားယူ အပန်းဖြေကြည့်ရှုလို့ရပါတယ်။ အနုပညာရသမြောက်ပြီး ပညာပေးကားတွေ ရုံတင်ပြရင်တော့ ပိုကြိုက်ပါတယ်"ဟု ဒေသခံတစ်ဦးကပြောသည်။

ထို့အပြင် PARADISO ရုပ်ရှင်ရုံများတွင်ပြသလျက်ရှိသော ရုပ်ရှင်ဇာတ်ကားများနှင့် အခြား Promotion သတင်းအချက်အလက်များကို အချိန်နှင့်တစ်ပြေးညီ သိရှိရန် PARADISO CINEMAS CO.,LTD Page တွင် ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ပြီး ရုပ်ရှင်လက်မှတ်များအား ပိုမိုအဆင်ပြေချောမွေ့စွာ ဝယ်ယူနိုင်ရန် Online Booking စနစ်ကိုလည်း စတင်အသုံးပြုနိုင်ပြီဖြစ်ကြောင်း သိရသည်။



ရုပ်ရှင်ရုံသစ်ဖွင့်ပွဲသို့ ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ ကရင်တိုင်းရင်းသားရေးရာဝန်ကြီးနှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်နှင့် ရုပ်ရှင်သရုပ်ဆောင်အနုပညာရှင်များ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များနှင့် PARADISO CINEMAS CO.,LTD မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။ **သတင်း-အေးမင်းသူ**

**ဓာတ်ပုံ-ခင်မောင်ဝင်း(ကြေးမုံ)**

# ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းအပ်နှံနိုင်ရေး အားလုံးဝိုင်းဝန်းဆောင်ရွက်ပေးစေချင်

## မောင်သောင်းဝင်း(တမန်ဟောင်း)

မြန်မာနိုင်ငံ ပညာရေးဝန်ကြီးဌာနသည် ၂၀၁၇-၂၀၁၈ ပညာသင်နှစ်တွင် ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းအပ်နှံရေးအတွက် မေ ၂၅ ရက်မှ ၃၁ ရက် အထိကာလကို “ကျောင်းအပ်နှံရေးသီတင်းပတ်” အဖြစ် သတ်မှတ်ဆောင်ရွက်သွားမည်ဖြစ်သည်။ ကျောင်းသား မိဘအားလုံး မိမိရင်သွေးငယ်များကျောင်းအပ်နှံရေး အတွက် အလုပ်ရှုပ်လျက်ရှိကြသည်။ ပညာရေးဝန်ထမ်း များသည်လည်း မွမ်းမံသင်တန်းများတက်ရောက်ခြင်း၊ ကျောင်းလက်ခံရေးအတွက် ကြိုတင်ပြင်ဆင်ခြင်းစသည့် တာဝန်များဖြင့် ပင်ပန်းလျက်ရှိကြသည်။ ၂၀၁၆-၂၀၁၇ ပညာသင်နှစ်မှစ၍ အခြေခံပညာကျောင်းများတွင် အခမဲ့ ပညာရေးစနစ်သတ်မှတ်ခဲ့သဖြင့် ကျောင်းအပ်နှံစရိတ်များ အထိုက်အလျောက် သက်သာလာသောကြောင့် ကျောင်းသားမိဘများ စိတ်ချမ်းသာလျက်ရှိကြသည်။

### မွန်မြတ်သည့် စေတနာ

ကျောင်းနေအရွယ်ကလေးများအားလုံး ကျောင်းအပ်နှံနိုင်ရေးအတွက် ဆရာ၊ မိဘ၊ ဒေသဆိုင်ရာအာဏာပိုင်များအပြင် တာဝန်သိပြည်သူလူထုကြီးကလည်း တတ်နိုင်သမျှ ပူးပေါင်းဆောင်ရွက်သွားရန် လိုအပ်မည်ဖြစ်သည်။ ထို့ကြောင့် ကျောင်းသားမိဘများဖြစ်ကြသည့် စာရေးသူတို့သည် နိုင်ငံတော်အစိုးရ၏ မွန်မြတ်သည့်စေတနာကို အသိအမှတ်ပြုလျက် ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းအပ်နှံနိုင်ရေးလုပ်ငန်းတွင် တတ်အားသရွေ့ ပူးပေါင်းပါဝင်ဆောင်ရွက်သွားသင့်ပါသည်။

ပညာရေးဝန်ကြီးဌာနက ၂၀၁၇-၂၀၁၈ ပညာသင်နှစ်အတွက် အခြေခံကျောင်းများတွင် ကျောင်းအပ်နှံရေး အစီအစဉ်ဆိုင်ရာ သိရှိရန်အချက်များကို နိုင်ငံပိုင်သတင်းစာများတွင် ထုတ်ပြန်ထားသည်ကို တွေ့ရှိရပါသည်။ ထိုအစီအစဉ်အရ အထက်တန်းအဆင့်အထိ အခမဲ့ပညာရေးစနစ်ဖြစ်သည့်အပြင် မူလတန်းအဆင့်အတွက် ကျောင်းဝတ်စုံတစ်စုံစီကိုပါ အခမဲ့ပေးသွားမည်ဖြစ်သည်။ ထို့အပြင် အလယ်တန်းကျောင်းသား ကျောင်းသူများကို ကျောင်းသုံးပြဋ္ဌာန်းစာအုပ်တစ်စုံစီ အခမဲ့ပေးသွားမည်ဖြစ်သည်။ ကျောင်းသားမိဘများသည် ကျောင်းအပ်နှံရာတွင် ကုန်ကျစရိတ်သက်သာလာမှုအပေါ် ဝမ်းသာပီတိဖြစ်လျက်ရှိကြသည်။

စာရေးသူလည်း ကျောင်းသားမိဘတစ်ဦးဖြစ်သောကြောင့် ထိုအစီအစဉ်အတွက် များစွာပီတိဖြစ်ရပါသည်။ ထို့အပြင် ပညာရေးဝန်ထမ်းများကိုလည်း ကျောင်းသားမိဘများထံမှ အခကြေးငွေကောက်ခံခြင်း၊ လက်ဆောင်ပစ္စည်းများလက်ခံခြင်း မပြုလုပ်ရန်နှင့် အခြားမည်သည့်ပစ္စည်းကိုမျှ ရောင်းချခြင်းမပြုလုပ်ရန်လည်း တားမြစ်ထားပါသည်။ ပြည်သူများကရွေးချယ်တင်မြှောက်ထားသော ဒီမိုကရေစီအစိုးရသည် “ပြည်သူနှင့်အတူ”ဆိုသော ဆောင်ပုဒ်နှင့်အညီ မျိုးဆက်သစ်များ၏ပညာရည်အဆင့်အတန်းမြှင့်တင်နိုင်ရန်အတွက် လက်တွေ့ကျကျ စတင်ဖော်ဆောင်နေပြီဖြစ်ပေသည်။

### တရားဝင်တားမြစ်ထား

ပညာရေးဝန်ကြီးဌာနသည် ပညာရေးဝန်ထမ်းများအား ကျောင်းသားမိဘများထံမှ မည်သည့်အခကြေးငွေကိုမျှ ကောက်ခံခြင်းမပြုရန် တရားဝင်တားမြစ်ထားသည်။ ထိုသို့ထုတ်ပြန်ထားခြင်းသည် လက်ရှိအစိုးရ၏ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ခြေလှမ်းပင်ဖြစ်သည်။ ယခင်ကမိဘများသည် ကျောင်းအပ်နှံနိုင်ရေးအတွက် ငွေကုန်ကြေးကျခံပြီး ပြင်ဆင်ကြရသည်။ မိမိသား၊ သမီးများ မျက်နှာမငယ်ရရေးအတွက် ကျောင်းအုပ်၊ အတန်းပိုင်း၊ ဘာသာပြဆရာမနှင့် ကျောင်းစာရေးတို့ကို မျက်နှာချိုသွေးကြရသည်။ မျက်နှာချိုသွေးရာတွင် နှုတ်ဖြင့်မရပေ။ ရာထူးအဆင့်အလိုက် ပေးအပ်နိုင်ရန်အတွက် သင့်တော်သည့် လက်ဆောင်ပစ္စည်းများ ပြင်ဆင်သွားကြရသည်။ ထိုသို့ ပြင်ဆင်မသွားလျှင် မိမိ၏ကလေးသည် နောက်ဆုံးအခန်း၊ နောက်ဆုံးထိုင်ခုံတွင် တစ်နှစ်ပတ်လုံးနေသွားရဖို့ သေချာသွားပြီဖြစ်သည်။

ထို့အပြင် ယခင်ကကျောင်းအပ်နှံရာတွင် အချို့သော ပညာရေးဝန်ထမ်းများသည် မိဘများ၏ မေးမြန်းစုံစမ်းမှုကို မတူသလို၊ မတန်သလိုမျက်နှာထားဖြင့် ခပ်ပြတ်ပြတ် ဘုဆတ်ဆတ်ဖြေတတ်ကြသည်။ အချို့သော မိဘများကမူ လက်ဆောင်မပေးသဖြင့် ထိုသို့ပြုမူခြင်းဖြစ်သည်ဟု ကောက်ချက်ချသည်။ လက်ဆောင်ပစ္စည်းသာယူသွားမည်ဆိုလျှင် ကျောင်းအပ်နှံရာတွင် အစစအရာရာ အဆင်ပြေသည်ဟု ပြောကြသည့်မိဘများလည်း ရှိနေဆဲပင်ဖြစ်သည်။ မည်သို့ပင်ဆိုစေကာမူ ကောင်းမွန်သောစနစ်တစ်ခုသို့ ပြောင်းလဲကျင့်သုံးရာတွင် [illegible] သူများလည်း ရှိကောင်းရှိနိုင်ပါသည်။ ထိုဝန်ထမ်းများကို ခပ်ဆတ်ဆတ်ပုတ်နှိုးပြီး ခေတ်နှင့်လျော်ညီစွာပြုမူကျင့်ကြံနေထိုင်နိုင်ရေးအတွက် အချိန်မီဝိုင်းဝန်းဖေးမပြုပြင်ပေးသွားရန် လိုအပ်မည်ဖြစ်သည်။

မြန်မာ့လူမှုအသိုက်အဝန်းတွင် လက်ဆောင်ပစ္စည်းပေးသော အလေ့အထသည်အရိုးစွဲနေပြီဖြစ်သည်။ ဂါရဝတရားအရသော်လည်းကောင်း၊ ရင်းနှီးမှုအရသော်လည်းကောင်း၊ ကျေးဇူးတင်သောအားဖြင့်သော်လည်းကောင်း၊ လုပ်ငန်းအဆင်ပြေ ချောမွေ့ရေးအတွက်သော်လည်းကောင်း ပစ္စည်း၏တန်ဖိုးများသည်၊ နည်းသည်ကို ပဓာနမထားဘဲ လက်ဆောင်ပစ္စည်းပေးလေ့ရှိကြသည်။ မိတ်ဆွေသူငယ်ချင်းအိမ်သို့ သွားရောက်လည်ပတ်သည့်အချိန်၌ပင်လျှင် လက်ဆောင်ပစ္စည်းယူသွားလေ့ရှိကြသည်။

### လက်ဆောင်ပစ္စည်း

စာရေးသူတို့ငယ်စဉ်ကလည်း ဆရာ ဆရာမများကို တောင်ယာထွက်ခြံထွက်သီးနှံများဖြင့် လက်ဆောင်ပေးခဲ့ဖူးပါသည်။ သို့သော် မျက်မှောက်ကာလတွင်မူ အကျိုးမျှော်၍ လက်ဆောင်ပစ္စည်းများ ပေးလာကြသည်။ လက်ဆောင်ပစ္စည်းများ၏တန်ဖိုးကလည်း ခန့်မှန်း၍ပင်မရနိုင်လောက်အောင် တန်ဖိုးကြီးမားလာသည်။ လုပ်ပိုင်ခွင့်ရှိသူများကလည်း လက်ဆောင်ပစ္စည်းမပါလျှင် အလုပ်ကြန့်ကြာအောင် ပညာပြထားလေ့ရှိကြသည်။ ထို့ကြောင့် လက်ဆောင်ပစ္စည်းအရောင်းဆိုင်များသည် ရောင်းလိုက်သော လက်ဆောင်ပစ္စည်းများကို ဈေးနှိမ်ပြီးပြန်လည်ဝယ်ယူခြင်းဖြင့် အလုပ်ဖြစ်ကြီးပွားနေကြသည်။

ယခင်ကကျောင်းအပ်နှံရာတွင် ကျောင်းသားမိဘများထံမှ တရားဝင်အလှူငွေကောက်ခံလေ့ရှိပါသည်။ မိဘများသည် အဆင်ပြေသည်ဖြစ်စေ၊ မပြေသည်ဖြစ်စေ မိမိ၏ သား၊သမီးများ မျက်နှာမငယ်ရရေးအတွက် တတ်အားသရွေ့ အလှူငွေထည့်ဝင်ကြရသည်။ Elite သား၊သမီးများ သာတက်ခွင့်ရသည့် ရန်ကုန်မြို့ရှိ နာမည်ကြီး အခြေခံပညာအထက်တန်းကျောင်းတစ်ကျောင်းဆိုလျှင် ကျောင်းသားအသစ်များထံမှ နောက်ဆုံးပေါ်ကွန်ပျူတာကိုပင် အလှူခံသည်ဟုဆိုသည်။ ထိုကျောင်းတွင် ငွေကိုရေလိုသုံးနိုင်သူများသာ တက်ရောက်ခွင့်ရကြသည်။ လက်ရှိပညာရေးစနစ်တွင် ထိုကျောင်းရှိပညာရေးဝန်ထမ်းများသည် ပညာရေးဝန်ကြီးဌာန၏ညွှန်ကြားချက်ကို အမှန်တကယ်လိုက်နာဖော်ဆောင်မှု ရှိ၊မရှိကိုလည်း စိစစ်ကြပ်မတ်သင့်ပါသည်။

အစဉ်အဆက်အစိုးရများသည် အခမဲ့ပညာရေးအစီအစဉ်ကို အမြော်အမြင်ကြီးမားစွာဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရန်ကြိုးပမ်းခဲ့ကြသည်။ သို့ရာတွင် အဆင့်ဆင့်သော ပညာရေးဝန်ထမ်းအချို့၏ မပြောင်းလဲနိုင်သော Mindset နှင့် အချို့သောမိဘများ၏ အကဲပိုသောလုပ်ရပ်များကြောင့် ထိုအစီအစဉ်ကို လက်တွေ့ကျကျရုပ်လုံးပေါ်အောင် အကောင်အထည်မဖော်နိုင်ခဲ့ချေ။ ထိုစဉ်က အချို့သောကျောင်းများတွင် လစဉ်အစမ်းစာမေးပွဲများအတွက် မေးခွန်းထုတ်ရာတွင် ကုန်ကျသော စာရွက်စာတမ်းဖိုးနှင့် မိတ္တူကူးခ၊ သန့်ရှင်းရေးကြေးနှင့်ဘာကြေး၊ ညာကြေးဆိုသော ခေါင်းစဉ်များဖြင့် ကျောင်းသားမိဘများထံမှ ငွေကြေးကောက်ခံလေ့ရှိကြသည်။

### တစ်ပြားတစ်ချပ်မျှ မပေးခဲ့ရ

အထူးသဖြင့် နိုင်ငံတော်အစိုးရသည် ပညာရေးဝန်ကြီးဌာနအောက်ရှိ ကျောင်းအားလုံးသို့ ကျောင်းသားအရေအတွက်အပေါ်မူတည်၍ အထွေထွေအသုံးစရိတ်များ ထုတ်ပေးထားပြီးဖြစ်သည်။ ထိုငွေကြေးများအနက်မှ လစဉ် မေးခွန်းထုတ်ရာတွင် ကုန်ကျသည့် စာရွက်စာတမ်းဖိုးနှင့်အထွေထွေကုန်ကျစရိတ်များ ပေးချေနိုင်ပါသည်။ ထို့အပြင် ကျောင်းများတွင် အထွေထွေလုပ်သားများ ခန့်ပေးထားပါသည်။ စာရေးသူတို့ငယ်စဉ်က ကျောင်းတွင်း ကျောင်းပြင်သန့်ရှင်းရေးကို နေ့စဉ်တာဝန်ကျအသင်းများကသာ လုပ်ခဲ့ရပါသည်။ ထိုစဉ်ကသန့်ရှင်းရေးကြေးနှင့် မေးခွန်းဖိုး တစ်ပြားတစ်ချပ်မျှမပေးခဲ့ရပေ။

ကျောင်းသားမိဘများကလည်း မိမိ၏ သားသမီးများ မျက်နှာသာပေးခံရရေးအတွက် ဆရာ ဆရာမများကို လက်ဆောင်ပစ္စည်းမျိုးစုံပေး၍ မျက်နှာချိုသွေးနေကြသည်။ တချို့သောမိဘများသည် သားသမီးများ၏ ပညာရေးမှတ်တမ်းတွင် အဆင့်တိုးတက်လာရေးအတွက် ဆရာ ဆရာမများကို တန်ဖိုးကြီးမားသည့် လက်ဆောင်ပစ္စည်းများ ပေးလာကြသည်။ ထိုလုပ်ရပ်သည် ကျောင်းသားမိဘများက ပညာရေးဝန်ထမ်းများ၏ အကျင့်စာရိတ္တကို စတင်ဖျက်ဆီးခြင်းဖြစ်သည်။ မိဘများအပိုင်းကလည်း သားသမီးများ၏ အရည်အချင်းအစစ်အမှန်ကိုသာ လက်ခံသင့်ပေသည်။ မှားယွင်းသောနည်းလမ်းဖြင့် မမှန်ကန်သောအရည်အချင်းသတ်မှတ်ချက်များကို ငွေဖြင့်ပေးမဝယ်သင့်ပေ။

မိဘများသည် ကျောင်းတွင် ကျောင်းစာကိုပုံမှန်လိုက်နိုင်ပြီး သင်ခန်းစာကျေညက်သော မိမိ၏ သား၊ သမီးများကို ကျူရှင်ထားခြင်း၊ ဝိုင်းထားခြင်းမျိုးမပြုလုပ်သင့်ပေ။ တချို့သောမိဘများ၊ အထူးသဖြင့် အမျိုးသမီးများသည် ကျူရှင်နှင့် ဝိုင်းထားနိုင်သည်ကိုပင် ဂုဏ်ယူဝင့်ကြွားစွာ ပြိုင်ဆိုင်လေ့ရှိကြသည်။ ကျူရှင်နှင့်ဝိုင်းများတွင် ထူးထူးခြားခြား ထပ်မံသင်ကြားလေ့မရှိဘဲ ကျောင်းတွင်သင်ကြားထားသည့် သင်ခန်းစာများကိုသာ ထပ်မံလေ့ကျင့်ခိုင်းခြင်းနှင့် ကျက်မှတ်ခိုင်းခြင်းတို့ကို ပြုလုပ်ခိုင်းလေ့ရှိကြသည်။ ကျောင်းတွင် သင်ခန်းစာမီအောင်လိုက်နိုင်သော ကလေးကို မိမိအိမ်၌သာ လေ့ကျင့်ကျက်မှတ်ခိုင်းလျှင် လုံလောက်မှုရှိပါသည်။

### ရှက်ဖွယ်ကောင်း

စာရေးသူတို့ငယ်စဉ်က ဇွန်လ ၁ ရက်နေ့ ကျောင်းစဖွင့်သည့်နေ့တွင် အတန်းပိုင်ဆရာ ဆရာမများသည် ကျောင်းသား ကျောင်းသူများအား ပုံနှိပ်စာအုပ်နှင့်ဗလာစာအုပ်များထုတ်ပေးခြင်း၊ ကျောင်းစည်းကမ်းများပြောပြခြင်း၊ နေ့အလိုက်သန့်ရှင်းရေးလုပ်ရမည့်အသင်းများခွဲပေးခြင်းနှင့် နေ့စဉ်စာသင်ချိန် အချိန်ဇယားများကိုပြောကြားခြင်းဖြင့် အလုပ်ရှုပ်လေ့ရှိကြသည်။ သို့သော်မျက်မှောက်ခေတ်တွင် အချို့သော အတန်းပိုင်ဆရာ ဆရာမများသည် ကျောင်းစတက်သည်နှင့် စာသင်ခန်းအတွင်းဝင်လာပြီး သူတို့၏ ကျူရှင်တွင်တက်မည့် ကျောင်းသား ကျောင်းသူများကို လက်ထောင်ခိုင်းသည့်အလုပ်ကိုစတင်ကြပါသည်။ အနန္တဂိုဏ်းဝင်ဆရာတစ်ဦးအတွက် ရှက်ဖွယ်ကောင်းသည့် လုပ်ရပ်ပင်ဖြစ်သည်။

အတန်းပိုင်ဆရာမက ထိုသို့မေးသည့် အချိန်တွင် လက်မထောင်နိုင်သောကလေးများ၏ရင်ထဲတွင် မည်သို့ခံစားနေရမည်ဆိုသည်ကို အဆွေစာရှုသူများ စဉ်းစားကြည့်စေချင်ပါသည်။ ကျောင်းသားတိုင်း ကျူရှင်တက်နိုင်ကြမည်မဟုတ်ချေ။ ကျောင်းသားမိဘများတွင် အခက်အခဲကိုယ်စီရှိကြပါသည်။ ထို့ကြောင့် ဆရာ ဆရာမများသည် မြင့်မြတ်သောဆရာသမားတို့၏ စိတ်ဓာတ်ကိုမွေးမြူလျက် တပည့်များကို ကျောင်းစာသင်ခန်းအတွင်း၌သာ တတ်မြောက်အောင် စေတနာထား၍ သင်ကြားပြသပေးသွားမည်ဆိုလျှင် များစွာအကျိုးဖြစ်ထွန်းစေမည်ဖြစ်ပါသည်။

ထို့ကြောင့် နိုင်ငံတော်အစိုးရက မျိုးဆက်သစ်များ ပညာရည်မြင့်မားရေးနှင့် ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းနေနိုင်ရေးစီမံကိန်းများကို အမြော်အမြင်ကြီးမားစွာဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိချိန်တွင် အောက်ခြေပညာရေးဝန်ထမ်းများအပိုင်းကလည်း လက်ဆောင်ပစ္စည်းယူလာသည်ဖြစ်စေ၊ မယူလာသည်ဖြစ်စေ စေတနာမမဲ့ကြဖို့လိုပါသည်။ အဆင့်ဆင့်သော တာဝန်ရှိသူများ၊ ကျောင်းအကျိုးတော်ဆောင်များ၊ ကျောင်းအုပ်ချုပ်ရေးအဖွဲ့များနှင့် ကျောင်းသားမိဘများသည် ယခင် အကျင့်ဟောင်းများကိုဆက်လက်စွဲကိုင်နေကြသည့်ဝန်ထမ်းများကိုဝိုင်းဝန်းပြုပြင်တည့်မတ်ပေးသွားရန် လိုအပ်ပါသည်။ ထိုသို့ မိဘ၊ ဆရာ၊ ကျောင်းသား၊ ပြည်သူ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများအားလုံး တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်မှသာလျှင် နိုင်ငံတော်ကအကောင်အထည်ဖော်နေသည့် အခမဲ့ပညာရေးစနစ် လက်တွေ့ကျကျ အောင်မြင်မှုရရှိနိုင်မည် ဖြစ်သည်။

မျက်မှောက်ကာလသည် ပညာခေတ်ဖြစ်လာသောကြောင့် ကမ္ဘာ့နိုင်ငံအသီးသီးသည် စိန်ခေါ်မှုများစွာကို ရင်ဆိုင်ရလျက်ရှိပါသည်။ ထိုစိန်ခေါ်မှုများကို ရင်ဆိုင်နိုင်မည့် စဉ်ဆက်မပြတ် လေ့လာသင်ယူနေသော လူ့ဘောင်အဖွဲ့အစည်းတစ်ရပ် ဖြစ်ပေါ်လာနိုင်ရေးအတွက် ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းအပ်နှံနိုင်ရေးလုပ်ငန်းများကို စီမံချက်ချ၍ ဆောင်ရွက်နေခြင်းဖြစ်သည်။ ထိုသို့ဆောင်ရွက်ရာတွင် ကျောင်းသား၊ ဆရာ၊ မိဘ၊ ပြည်သူများနှင့် ဒေသဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့တို့အကြား တက်ညီလက်ညီ ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်သွားရန်လိုအပ်ပေသည်။

အထူးသဖြင့် အောက်ခြေလူတန်းစားမိသားစုများတွင် ကျောင်းနေအရွယ်ကလေးများကို အချိန်မီ ကျောင်းအပ်နှံနိုင်ခြင်းမရှိကြချေ။ အချို့သောမိဘများသည် လတ်တလောကြုံတွေ့နေရသည့် မိသားစု စား၊ ဝတ်၊ နေရေး အခက်အခဲအရ ရင်သွေးငယ်များကို ကျောင်းအပ်နှံလေ့မရှိဘဲ အလုပ်လုပ်ခိုင်းလေ့ရှိကြသည်။ ကျောင်းနေအရွယ်ကလေးတစ်ဦးသည် မိသားစု၏ငွေကြေးအခက်အခဲကို ပြေလည်အောင်ဖြေရှင်းနိုင်လောက်သည်အထိ ငွေကြေးရှာဖွေနိုင်မည် မဟုတ်ချေ။ ထို့ကြောင့် ထိုမိသားစုများကို တွေ့ဆုံဆွေးနွေး၍ ကလေးငယ်များအား ကျောင်းအပ်နှံရေးအတွက် ပညာပေးစည်းရုံးသိမ်းသွင်းဆောင်ရွက်သွားရန် လိုအပ်ပါသည်။

အချို့သော မိဘများသည် နောင်ခါလာနောင်ခါချေး သဘောထားကာ လတ်တလောအခက်အခဲကိုသာ ကြည့်ပြီး ကျောင်းနေအရွယ်ကလေးငယ်များကို ကျောင်းအပ်နှံခြင်းမရှိဘဲ အရွယ်မရောက်မီပင် လက်ဖက်ရည်ဆိုင်များနှင့် စားသောက်ဆိုင်များတွင် စားပွဲထိုးခိုင်းခြင်း၊ ဘူးခွံ၊ ပုလင်းခွံများကောက်၍ ရောင်းခိုင်းခြင်း၊ ကားမှတ်တိုင်များ၊ မီးပွိုင့်များ၊ ကား၊ ရထား၊ သင်္ဘောများပေါ်တွင် ကွမ်းယာ၊ ဆေးလိပ်၊ သတင်းစာ၊ ဂျာနယ်၊ စာအုပ်၊ စာစောင်များ ရောင်းခိုင်းလေ့ရှိကြသည်။ ထိုသို့ဝန်နှင့်အား မမျှသည့် တာဝန်များကို စေခိုင်းခြင်းသည် လူ့အခွင့်အရေးချိုးဖောက်မှုပင်ဖြစ်သည်။ ထိုကလေးများသည် အရွယ်ရောက်လာသည့်အခါ အတန်းပညာရေးဆုံးခန်းတိုင်အောင်သင်ကြားခဲ့ရသော ကလေးများကဲ့သို့ အမှား၊ အမှန် ခွဲခြားနိုင်စွမ်းမရှိခြင်း၊ လူ့အဖွဲ့အစည်းနှင့်တိုင်းပြည်အကျိုးပြုလုပ်ငန်းများတွင်လည်း ပါဝင်ဆောင်ရွက်နိုင်စွမ်းမရှိသည့်အပြင် နေ့စဉ်ဘဝရပ်တည်ရေးအတွက်ပါ အခက်အခဲဖြစ်လာသောကြောင့် ဘဝနေဝင်ချိန် အဆုံးသတ်ကောင်းနိုင်မည်မဟုတ်ချေ။

### အခမဲ့ပညာရေး အစီအစဉ်

ခြုံ၍တင်ပြရလျှင် နိုင်ငံတစ်နိုင်ငံ၏ အနာဂတ်သည် မျိုးဆက်သစ်လူငယ်များ၏ ပညာတတ်မြောက်မှုအဆင့်အတန်းပေါ်တွင် များစွာတည်မှီလျက်ရှိသည်။ ထို့ကြောင့် နိုင်ငံတော်အစိုးရသည် ဘက်စုံထူးချွန်သော မျိုးဆက်သစ်လူငယ်များပေါ်ထွန်းရေးနှင့် ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းနေနိုင်ရေးတို့အတွက် “အခမဲ့ပညာရေးအစီအစဉ်” ကို စတင်အကောင်အထည်ဖော်နေပြီဖြစ်သည်။ ထိုသို့နိုင်ငံတော်အစိုးရက ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းနေနိုင်ရေးအတွက် အခမဲ့ပညာရေးအစီအစဉ်ကို ငွေကြေးမြောက်မြားစွာ အကုန်အကျခံပြီး အကောင်အထည်ဖော် ဆောင်ရွက်နေမှုအပေါ် ပညာရေးဝန်ထမ်းများသည် တိကျစွာလိုက်နာဆောင်ရွက်သွားရန် လိုအပ်မည်ဖြစ်သည်။ ထို့အပြင် ကျောင်းသား မိဘများကလည်း လက်ဆောင်ပစ္စည်းပေးပြီး အခွင့်အရေးယူသည့် အတိတ်ကအလေ့အထဆိုးကို စွန့်လွှတ်သွားရန် လိုအပ်ပါသည်။ အထူးသဖြင့် မေ ၂၅ ရက်မှ ၃၁ ရက် အတွင်း ကျောင်းနေအရွယ်ကလေးအားလုံးကို ကျောင်းအပ်နှံနိုင်ရေးအတွက် ဆရာ၊ မိဘ၊ ရပ်မိရပ်ဖများ၊ ဒေသဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းများနှင့် ပြည်သူများ၏ တစ်တပ်တစ်အား ပါဝင်ဆောင်ရွက်ကြမည့် ပေါင်းစည်းမှုအင်အားများ များစွာလိုပါသည်။ မည်သို့ပင်ဆိုစေကာမူ ကျောင်းနေအရွယ်ကလေးအားလုံးသည် စာသင်ခန်းအတွင်းသို့ အချိန်မီဝင်ရောက်နိုင်ပြီး အတန်းပညာကို ဆုံးခန်းတိုင်သည်အထိ သင်ယူခွင့်ရရှိနိုင်ကြပါစေ။ ။

ပညာရေးဝန်ကြီးဌာန

ပညာ

၂၀၁၇-၂၀၁၈ ပညာသင်နှစ်

ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းအပ်နှံရေးနှင့် ကျောင်းထွက်သူပပျောက်ရေး
ပြည်သူအားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်ပေး

ကျောင်းအပ်နှံရေးသီတင်းပတ်
၂၀၁၇၊ မေလ (၂၅) မှ (၃၁) ရက်အထိ

# ဥပဒေဆိုင်ရာ အထောက်အကူပေးရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေ ပြဋ္ဌာန်း

## ဥပဒေဆိုင်ရာအထောက်အကူပေးရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေ

**(၂၀၁၇ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၈။)**
**၁၃၇၉ ခုနှစ်၊ နယုန်လဆန်း ၁ ရက်**
**(၂၀၁၇ ခုနှစ်၊ မေလ ၂၆ ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို ဥပဒေဆိုင်ရာအထောက်အကူပေးရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဥပဒေဆိုင်ရာ အထောက်အကူပေးရေးဥပဒေပုဒ်မ ၂၊ ပုဒ်မခွဲ (ဂ) တွင်ပါရှိသော "ခရိုင်ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့ သို့မဟုတ် မြို့နယ်ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့" ဆိုသည့်စကားရပ်ကို "ခရိုင်ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့၊ မြို့နယ်ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့အသီးသီး" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၃။ ဥပဒေဆိုင်ရာ အထောက်အကူပေးရေးဥပဒေပုဒ်မ ၃ တွင် -

(က) ပုဒ်မခွဲ(က)၊ ပုဒ်မခွဲ(ခ) နှင့် ပုဒ်မခွဲ(ဃ)တို့ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(က) ဥပဒေဆိုင်ရာ အထောက်အကူပေးရာတွင် ဥပဒေအရာ၌ မျှတမှုနှင့် တန်းတူညီမျှမှုအခွင့်အရေးများရရှိစေရန်၊

(ခ) ပြစ်မှုများတွင် ဥပဒေနှင့်အညီ ခုခံချေပခွင့်နှင့် အယူခံပိုင်ခွင့်တို့ကို ဆောင်ရွက်ရာ၌ နိုင်ငံတကာစံချိန်စံညွှန်းနှင့် ကိုက်ညီမှု၊ စိတ်ကောင်းစေတနာထားရှိမှုတို့ကို အခြေခံ၍ ထိရောက်သည့် ဥပဒေဆိုင်ရာ အထောက်အကူရရှိစေရန်၊

(ဃ) ပြစ်မှုဆိုင်ရာဥပဒေပြဿနာများကို ဖြေရှင်းရာတွင် ပွင့်လင်းမြင်သာပြီး တရားမျှတမှုရရှိစေခြင်းဖြင့် တရားဥပဒေစိုးမိုးမှုနှင့် တရားဥပဒေအပေါ် ယုံကြည်မှု ပိုမိုမြင့်မားလာစေရန်၊"

(ခ) ပုဒ်မခွဲ (ဇ)ကို ပယ်ဖျက်ရမည်။

၄။ ဥပဒေဆိုင်ရာ အထောက်အကူပေးရေးဥပဒေ ပုဒ်မ ၄၊ ပုဒ်မခွဲ (ဈ)ကို အောက်ပါအတိုင်းအစားထိုးရမည် -

"(ဈ) ဥပဒေဆိုင်ရာအထောက်အကူပေးသူများကို ဥပဒေနှင့်အညီ လွတ်လပ်စွာဆောင်ရွက်ခွင့်ရှိစေရေးနှင့် ယင်းတို့အား အကာအကွယ်ပေးရေး။"

၅။ ဥပဒေဆိုင်ရာ အထောက်အကူပေးရေးဥပဒေ ပုဒ်မ ၅ တွင်-

(က) ပုဒ်မခွဲ (ဇ) တွင်ပါရှိသော "အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန"ဆိုသည့်စကားရပ်ကို "စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

(ခ) ပုဒ်မခွဲ (ဈ) ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(ဈ) တရားလွှတ်တော်ရှေ့နေများကောင်စီမှ အမည်စာရင်းတင်သွင်းသော တရားလွှတ်တော်ရှေ့နေအဖြစ် အနည်းဆုံး ၁၅ နှစ် အမှုလိုက်ပါဆောင်ရွက်ခဲ့သည့် ရှေ့နေလေးဦး၊" အဖွဲ့ဝင်

(ဂ) ပုဒ်မခွဲ(ဈ) ၏နောက်တွင်ပုဒ်မခွဲ (ည)အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"(ည) ပုဒ်မခွဲ (ဈ) ပါ အဖွဲ့ဝင်လေးဦးအနက် ဥက္ကဋ္ဌက တာဝန်ပေးအပ်သူတစ်ဦး။" အတွင်းရေးမှူး

၆။ ဥပဒေဆိုင်ရာအထောက်အကူပေးရေးဥပဒေ ပုဒ်မ ၆၊ ပုဒ်မခွဲ (င) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(င) အများပြည်သူတို့အား ဥပဒေရေးရာနှင့် တရားစီရင်ရေးဆိုင်ရာ အသိပညာပေးမှုများကို စီမံချက်များ ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊"

၇။ ဥပဒေဆိုင်ရာ အထောက်အကူပေးရေး ဥပဒေပုဒ်မ ၈ တွင်-

(က) ပုဒ်မခွဲ (ဆ)ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(ဆ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့က သဘောတူညီသော တရားလွှတ်တော်ရှေ့နေအဖြစ် အနည်းဆုံး ၁၀ နှစ် အမှုလိုက်ပါ ဆောင်ရွက်ခဲ့သည့် ရှေ့နေလေးဦး၊" အဖွဲ့ဝင်

(ခ) ပုဒ်မခွဲ(ဆ)၏ နောက်တွင်ပုဒ်မခွဲ (ဇ)အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"(ဇ) ပုဒ်မခွဲ (ဆ) ပါအဖွဲ့ဝင်လေးဦးအနက် ဥက္ကဋ္ဌကတာဝန်ပေးအပ်သူတစ်ဦး။" အတွင်းရေးမှူး

၈။ ဥပဒေဆိုင်ရာ အထောက်အကူပေးရေးဥပဒေပုဒ်မ ၉ တွင် -

(က) ပုဒ်မခွဲ (က) နှင့် ပုဒ်မခွဲ (ခ) တို့ကို အောက်ပါအတိုင်းအစားထိုးရမည်-

"(က) မိမိတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်းရှိ အဆင့်ဆင့်သော ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့များကို ကြီးကြပ်ခြင်းနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ခ) အများပြည်သူတို့အား ဥပဒေရေးရာနှင့် တရားစီရင်ရေးဆိုင်ရာ အသိပညာပေးမှုများကို စီမံချက်ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊"

(ခ) ပုဒ်မခွဲ (စ) တွင်ပါရှိသော "ပြည်နယ်အတွင်းရှိ ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့များ" ဆိုသည့်စကားရပ်ကို "ပြည်နယ်အတွင်းရှိ အဆင့်ဆင့်သော ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့များ"ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၉။ ဥပဒေဆိုင်ရာအထောက်အကူပေးရေးဥပဒေပုဒ်မ ၁၀၊ ပုဒ်မခွဲ (က)ကို အောက်ပါအတိုင်းအစားထိုးရမည် -

"(က) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဖြစ်ပါက ယင်းတို့၏ ဒေသဦးစီးအဖွဲ့ရုံးစိုက်သည့် မြို့နယ်ရှိ မြို့နယ်ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့သည် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့အဖြစ် ပူးတွဲတာဝန်ယူ ဆောင်ရွက်ရမည်။"

၁၀။ ဥပဒေဆိုင်ရာ အထောက်အကူပေးရေးဥပဒေပုဒ်မ ၁၁ တွင်-

(က) ပုဒ်မခွဲ (က)နှင့် ပုဒ်မခွဲ(င)တို့ကို အောက်ပါအတိုင်းအစားထိုးရမည် -

"(က) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ သို့မဟုတ် ခရိုင်အတွင်းရှိ မြို့နယ်ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့များကို ကြီးကြပ်ခြင်းနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခြင်း၊

(င) အများပြည်သူတို့အား ဥပဒေရေးရာနှင့် တရားစီရင်ရေးဆိုင်ရာ အသိပညာပေးမှုများကို စီမံချက်များရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊"

(ခ) ပုဒ်မခွဲ (ဆ)ကို ပယ်ဖျက်ရမည်။

၁၁။ ဥပဒေဆိုင်ရာ အထောက်အကူပေးရေးဥပဒေတွင်-

(က) ပုဒ်မ ၁၂ ၏ ခြေဆင်းကို အောက်ပါအတိုင်း အစားထိုးရမည်-

"၁၂။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်သည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့နှင့်ညှိနှိုင်း၍ မြို့နယ်ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့ကို အောက်ပါအတိုင်း ဖွဲ့စည်းရမည်-"

(ခ) ပုဒ်မ ၁၂၊ ပုဒ်မခွဲ (ဃ) ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(ဃ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့က သဘောတူညီသော အနည်းဆုံး ၃ နှစ် အမှုလိုက်ပါ ဆောင်ရွက်ခဲ့သည့် ရှေ့နေတစ်ဦး။" အတွင်းရေးမှူး

၁၂။ ဥပဒေဆိုင်ရာ အထောက်အကူပေးရေးဥပဒေပုဒ်မ ၁၃၊ ပုဒ်မခွဲ (က) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(က) အများပြည်သူတို့အား ဥပဒေရေးရာနှင့် တရားစီရင်ရေးဆိုင်ရာ အသိပညာပေးမှုများကို စီမံချက်များ ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊"

၁၃။ ဥပဒေဆိုင်ရာ အထောက်အကူပေးရေးဥပဒေပုဒ်မ ၂၇၊ ပုဒ်မခွဲ (ခ) တွင်ပါရှိသော "ကောင်စစ်ဝန်ရုံးသို့ နှောင့်နှေးမှုမရှိဘဲ အကြောင်းကြားရမည်" ဆိုသည့်စကားရပ်ကို "ကောင်စစ်ဝန်ရုံး သို့မဟုတ် သံရုံးသို့ နှောင့်နှေးမှုမရှိဘဲ အကြောင်းကြားခြင်းပြုရမည်" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၁၄။ ဥပဒေဆိုင်ရာအထောက်အကူပေးရေး ဥပဒေပုဒ်မ ၃၁ တွင်ပါရှိသော "ဥပဒေဆိုင်ရာ အထောက်အကူတောင်းခံခွင့်ရှိသူများထဲမှ" ဆိုသည့်စကားရပ်ကို "ဥပဒေဆိုင်ရာ အထောက်အကူတောင်းခံခွင့်ရှိသူများအနက်" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၁၅။ ဥပဒေဆိုင်ရာ အထောက်အကူပေးရေးဥပဒေပုဒ်မ ၃၇၊ ပုဒ်မခွဲ (ဂ) တွင် ပါရှိသော "ဥပဒေဆိုင်ရာအထောက်အကူပေးသူများအနေဖြင့်" ဆိုသည့် စကားရပ်ကို "ဥပဒေဆိုင်ရာ အထောက်အကူပေးသူများကို" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၁၆။ ဥပဒေဆိုင်ရာ အထောက်အကူပေးရေးဥပဒေပုဒ်မ ၃၉ တွင် ပါရှိသော "မဆောင်ရွက်ခြင်းများပေါ်ပေါက်လျှင်" ဆိုသည့်စကားရပ်ကို "ဆောင်ရွက်ခြင်းမပြုကြောင်းပေါ်ပေါက်လျှင်"ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၁၇။ ဥပဒေဆိုင်ရာ အထောက်အကူပေးရေးဥပဒေပုဒ်မ ၄၀ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၄၀။ ပြည်ထောင်စုဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့သည် ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့ အဆင့်ဆင့်အတွက် လိုအပ်သည့် ဝန်ထမ်းဖွဲ့စည်းပုံရေးဆွဲတင်ပြ၍ ပြည်ထောင်စုတရားသူကြီးချုပ်မှတစ်ဆင့် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဖွဲ့စည်းဆောင်ရွက်နိုင်သည်။"

၁၈။ ဥပဒေဆိုင်ရာ အထောက်အကူပေးရေးဥပဒေပုဒ်မ ၄၇ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၄၇။ ဤဥပဒေသည် မိမိတို့အစီအစဉ်ဖြင့် ဥပဒေအကူအညီပေးရေးလုပ်ငန်း လုပ်ဆောင်နေသောပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ လုပ်ငန်းဆောင်ရွက်ချက်များအပေါ် အဟန့်အတားမဖြစ်စေရ။"

၁၉။ ဥပဒေဆိုင်ရာအထောက်အကူပေးရေးဥပဒေပုဒ်မ ၄၈၊ ပုဒ်မခွဲ(က) တွင်ပါရှိသော "စည်းမျဉ်းများနှင့် စည်းကမ်းများ" ဆိုသည့်စကားရပ်ကို "စည်းမျဉ်းနှင့် စည်းကမ်းများ"ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

---

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။**

**(ပုံ) ထင်ကျော်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

---

# ဗုဒ္ဓဘာသာယဉ်ကျေးမှုစာမေးပွဲ ရွှေတောင်၌ ကျင်းပ



**ရွှေတောင် မေ ၂၆**

ဗုဒ္ဓဘာသာယဉ်ကျေးမှုစာမေးပွဲကို ပဲခူးတိုင်းဒေသကြီး ရွှေတောင်မြို့ သာသနာ့ဗိမာန်တော်ကြီး၌ (၃၄)ကြိမ်မြောက်အဖြစ် မေ ၂၅ ရက်က ကျင်းပရာ အခြေခံပညာအဆင့် ကျောင်းသား ကျောင်းသူ ၂၆၁ ဦး ဝင်ရောက်ဖြေဆိုခဲ့ကြောင်း သိရသည်။

အဆိုပါ ဗုဒ္ဓဘာသာယဉ်ကျေးမှု စာဖြေဌာနများသို့ ရွှေတောင်မြို့နယ် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ သိုက်ကုန်းတောရကျောင်းဆရာတော် ဦးသုစိတ္တ၊ တွဲဖက်အကျိုးတော်ဆောင် ရွှေတောင်တိလောကာရုံကျောင်းတိုက်ဆရာတော် ဦးနန္ဒိယ၊ ရွှေမျက်မှန်ကျောင်းတိုက်ဆရာတော် ဦးဝဏ္ဏသီရိ၊ ကျောက်တန်း ရွှေလရောင်ကျောင်းတိုက် ဆရာတော် ဦးပုညာဇောတတို့က လိုက်လံကြီးကြပ်၍ ရွှေတောင်မြို့ သာသနာ့ဗိမာန် ဥပထမ္ဘက (သံဃာဝေယျာဝစ္စအဖွဲ့)မှ ဦးမြင့်အောင်နှင့် ဦးအောင်မြင့်စိန်တို့အဖွဲ့က စာဖြေကလေးငယ်များ လိုအပ်ချက်များကို လိုက်လံဖြည့်ဆည်းပေးပြီး ကလေးငယ်အားလုံးအား အချိုရည် တိုက်ကျွေးဒါနပြုခဲ့သည်။ ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်းကို ရွှေတောင်မြို့တွင် စာသင်ဌာနကိုးခု ဖွင့်လှစ်သင်ကြားပေးခဲ့ပြီး စာဖြေဌာနသုံးခုဖြစ်သော ညောင်စာရေး၊ ကျောင်းကုန်းနှင့် သာသနာ့ဗိမာန်တော်တို့တွင် တစ်မြို့နယ်လုံး ထက်၊ လယ်၊ မူအဆင့် ကလေးငယ် ၆၅၀ ဝင်ရောက်ဖြေဆိုခဲ့ကြောင်း သိရသည်။

**အောင်(ခတုဗေဒ)**

**❋ ပြည်ထောင်စုမှ**

ထို့နောက် အတွင်းရေးမှူးအဖွဲ့က မူဝါဒအဆိုပြုလွှာများကို တစ်ချက်ချင်းရှင်းလင်းကြပြီး အစိုးရအစုအဖွဲ့နှင့် လွှတ်တော်အစုအဖွဲ့၊ တပ်မတော်အစုအဖွဲ့၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအစုအဖွဲ့နှင့် နိုင်ငံရေးပါတီများအစုအဖွဲ့တို့မှ ကိုယ်စားလှယ်များက မူဝါဒအဆိုပြုလွှာများအပေါ် အချက်တစ်ချက်ချင်းအလိုက် အလှည့်ကျဆွေးနွေးကြသည်။

ယင်းနောက် ဆွေးနွေးစုစည်းချက်များအား တင်ပြခြင်း၊ ဆွေးနွေးခြင်းနှင့် မှတ်တမ်းတင်ခြင်းတို့ကို ဆောင်ရွက်ကြပြီး ဦးဆောင်သဘာပတိက နိဂုံးချုပ်အမှာစကား ပြောကြားသည်။

ထို့အတူ လူမှုရေးကဏ္ဍဆွေးနွေးပွဲတွင် ဦးဆောင်သဘာပတိအဖြစ် ဦးသိန်းဆွေက ဆောင်ရွက်ပြီး သဘာပတိအဖွဲ့ဝင်များအဖြစ် ဒေါက်တာနော်ကပေါ်ထူးနှင့် ဦးအာဒွဲလယ်တို့က ဆောင်ရွက်ကြသည်။

ဆွေးနွေးပွဲတွင် ဦးဆောင်သဘာပတိ ဦးသိန်းဆွေက အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် အစိုးရအစုအဖွဲ့နှင့် လွှတ်တော်အစုအဖွဲ့၊ တပ်မတော်အစုအဖွဲ့၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအစုအဖွဲ့နှင့် နိုင်ငံရေးပါတီများအစုအဖွဲ့တို့မှ ကိုယ်စားလှယ်များက ဆွေးနွေးစုစည်းချက်များအား တင်ပြခြင်း၊ ဆွေးနွေးခြင်းနှင့် မှတ်တမ်းတင်ခြင်းတို့ကို ဆောင်ရွက်ကြပြီး ဦးဆောင်သဘာပတိက နိဂုံးချုပ်အမှာစကား ပြောကြားသည်။

ထို့အတူ မြေယာနှင့်သဘာဝပတ်ဝန်းကျင်ကဏ္ဍဆွေးနွေးပွဲတွင် ဦးဆောင်သဘာပတိအဖြစ် ဒေါက်တာဝါဝါမောင်က ဆောင်ရွက်ပြီး သဘာပတိအဖွဲ့ဝင်များအဖြစ် နိုင်လှခိုင်နှင့် ပဒိုစောဘာဒီဖိုး တို့က ဆောင်ရွက်ကြသည်။

ဆွေးနွေးပွဲတွင် ဦးဆောင်သဘာပတိ ဒေါက်တာဝါဝါမောင်က အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် အစိုးရအစုအဖွဲ့နှင့် လွှတ်တော်အစုအဖွဲ့၊ တပ်မတော်အစုအဖွဲ့၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအစုအဖွဲ့နှင့် နိုင်ငံရေးပါတီများအစုအဖွဲ့တို့မှ ကိုယ်စားလှယ်များက ဆွေးနွေးစုစည်းချက်များအား တင်ပြခြင်း၊ ဆွေးနွေးခြင်းနှင့် မှတ်တမ်းတင်ခြင်းတို့ကို ဆောင်ရွက်ကြပြီး ဦးဆောင်သဘာပတိက နိဂုံးချုပ် အမှာစကား ပြောကြားသည်။

အလားတူ လုံခြုံရေးကဏ္ဍဆွေးနွေးပွဲတွင် ဦးဆောင်သဘာပတိအဖြစ် ဦးညွန့်မောင်ကဆောင်ရွက်ပြီး သဘာပတိအဖွဲ့ဝင်များအဖြစ် ဖြားတန်ခွန်ဥက္ကာနှင့် ဗိုလ်မှူးချုပ်ဝင်းမိုးတို့က ဆောင်ရွက်ကြသည်။

ဆွေးနွေးပွဲတွင် ဦးဆောင်သဘာပတိ ဦးညွန့်မောင်က အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် အစိုးရအစုအဖွဲ့နှင့် လွှတ်တော်အစုအဖွဲ့၊ တပ်မတော်အစုအဖွဲ့၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအစုအဖွဲ့နှင့် နိုင်ငံရေးပါတီများအစုအဖွဲ့တို့မှ ကိုယ်စားလှယ်များက စုစည်းချက်များအား တင်ပြခြင်း၊ ဆွေးနွေးခြင်းနှင့် မှတ်တမ်းတင်ခြင်းတို့ကို ဆောင်ရွက်ကြပြီး ဦးဆောင်သဘာပတိက နိဂုံးချုပ်အမှာစကား ပြောကြားသည်။

မွန်းလွဲပိုင်းတွင် အစိုးရအစုအဖွဲ့၊ လွှတ်တော်အစုအဖွဲ့၊ တပ်မတော်အစုအဖွဲ့နှင့် နိုင်ငံရေးပါတီများအစုအဖွဲ့များ၏ ဆွေးနွေးပွဲများကို (MICC-II) သတ်မှတ်နေရာအသီးသီး၌လည်းကောင်း၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအစုအဖွဲ့ ဆွေးနွေးပွဲကို Horizon Lake View ဟိုတယ်၌လည်းကောင်း စတင်ကျင်းပသည်။

အစုအဖွဲ့ဆွေးနွေးပွဲများတွင် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ မြေယာနှင့် သဘာဝပတ်ဝန်းကျင်နှင့် လုံခြုံရေးကဏ္ဍအလိုက် ဆွေးနွေးခဲ့သော မူဝါဒအဆိုပြုလွှာများနှင့် စပ်လျဉ်း၍ ထွက်ရှိချက်များကို သက်ဆိုင်ရာအစုအဖွဲ့အလိုက် သုံးသပ်ခြင်း၊ ဆွေးနွေးခြင်း၊ အကြံပြုခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။

မေ ၂၇ ရက် နံနက်ပိုင်းတွင် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ (UPDJC) အတွင်းရေးမှူးအဖွဲ့အစည်းအဝေးနှင့် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ (UPDJC) အစည်းအဝေးများကို ကျင်းပမည်ဖြစ်ကြောင်းနှင့် မွန်းလွဲပိုင်းတွင် (UPDJC)၏ ဆုံးဖြတ်ချက်များအား သက်ဆိုင်ရာအစုအဖွဲ့တွင် ရှင်းလင်းတင်ပြခြင်းတို့ကို ဆောင်ရွက်ကြမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**



နိုင်ငံရေးကဏ္ဍဆွေးနွေးပွဲ ကျင်းပစဉ်။



လွှတ်တော်အစုအဖွဲ့ကိုယ်စားလှယ်များ ဆွေးနွေးပွဲကျင်းပစဉ်။



စီးပွားရေးကဏ္ဍဆွေးနွေးပွဲ ကျင်းပစဉ်။



တပ်မတော်အစုအဖွဲ့ကိုယ်စားလှယ်များ ဆွေးနွေးပွဲကျင်းပစဉ်။



လူမှုရေးကဏ္ဍဆွေးနွေးပွဲ ကျင်းပစဉ်။



နိုင်ငံရေးပါတီအစုအဖွဲ့ကိုယ်စားလှယ်များ ဆွေးနွေးပွဲကျင်းပစဉ်။

# ဆလုံကျေးရွာများတွင် နိုင်ငံသားစိစစ်ရေးကတ်များ ကွင်းဆင်းဆောင်ရွက်

**ကော့သောင်း မေ ၂၆**

ကော့သောင်းမြို့နယ် အမျိုးသားမှတ်ပုံတင်နှင့် နိုင်ငံသားဦးစီးဌာနမှ ဝန်ထမ်းများသည် မေ ၂၅ ရက်တွင် ကော့သောင်းမြို့နယ် ကျေးရွာများရှိ ဆလုံလူမျိုးများအား နိုင်ငံသားစိစစ်ရေးကတ်နှင့် အိမ်ထောင်စုလူဦးရေစာရင်းပုံစံများ ထုတ်ပေးခြင်းလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်ကြရာ ဆလုံ(ခေါ်)မော်ကင်း လူမျိုးများနေထိုင်သော ညောင်ဝိကျွန်းကျေးရွာ၊ မကြုံဂလက်ကျေးရွာနှင့် ဂျလန်းကျွန်းကျေးရွာများရှိ လူဦးရေစာရင်းအရ မိသားစုများသို့ အိမ်ထောင်စုစာရင်းများထုတ်ပေးပြီး အသက်(၁၀)နှစ်နှင့် (၁၈)နှစ်ပြည့်သူများကို နိုင်ငံသားစိစစ်ရေးကတ်များ ထုတ်ပေးသည်။

ယခင်က ဆလုံ(ခေါ်)မော်ကင်းလူမျိုးများသည် နေရာအတည်တကျ နေထိုင်လေ့မရှိဘဲ ပင်လယ်ကျွန်းများတွင် လှည့်လည်နေထိုင်လေ့ရှိကြပြီး ယခုအခါ ကျေးရွာများတွင် အိုးအိမ်ထူထောင်ကာ အတည်တကျ နေထိုင်လာကြခြင်း၊ ခရီးသွားလာမှုများရှိလာခြင်းတို့ကြောင့် အဆင်ပြေစေရန် တာဝန်ရှိအဖွဲ့အစည်းများပူးပေါင်းကာ ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း သိရသည်။

**ကျော်စိုး(ကော့သောင်း)**

# မြန်မာနိုင်ငံ မြောက်ပိုင်းအဖွဲ့ခုနစ်ဖွဲ့အား ညစာဖြင့် တည်ခင်းဧည့်ခံ



**နေပြည်တော် မေ ၂၆**

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ ဒုတိယအစည်းအဝေးဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာသည့် "ဝ" ပြည်သွေးစည်းညီညွတ်ရေးပါတီ၊ "ဝ" ပြည်သွေးစည်းညီညွတ်ရေးတပ်မတော်(UWSP/UWSA)၊ အမျိုးသားဒီမိုကရေစီမဟာမိတ်တပ်မတော်(NDAA)၊ ကချင်လွတ်လပ်ရေးအဖွဲ့၊ ကချင်လွတ်မြောက်ရေးတပ်မတော်(KIO/KIA)၊ ရှမ်းပြည်တိုးတက်ရေးပါတီ၊ ရှမ်းပြည်တပ်မတော်(SSPP/ SSA)၊ တအာင်းအမျိုးသားလွတ်မြောက်ရေးတပ်မတော်(TNLA)၊ မြန်မာအမျိုးသားဒီမိုကရေစီမဟာမိတ်တပ်မတော်(MNDAA)နှင့် ရက္ခိုင့်တပ်မတော်(AA) မြန်မာနိုင်ငံ မြောက်ပိုင်းအဖွဲ့ခုနစ်ဖွဲ့တို့အား ယနေ့ညပိုင်းက နေပြည်တော် Horizon Lake View ၌ ညစာဖြင့် တည်ခင်းဧည့်ခံသည်။

ညစာစားပွဲသို့ ငြိမ်းချမ်းရေးကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာတင်မျိုးဝင်း၊ ငြိမ်းချမ်းရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဦးသိန်းဇော်၊ ငြိမ်းချမ်းရေးကော်မရှင်အကြံပေးအဖွဲ့ခေါင်းဆောင် ဦးအောင်ကြည်၊ မြန်မာနိုင်ငံဆိုင်ရာတရုတ်နိုင်ငံသံအမတ်ကြီး မစ္စတာ ဟုန်လျန်၊ ငြိမ်းချမ်းရေးဆိုင်ရာကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။**(ယာပုံ)**

**(သတင်းစဉ်)**

# တပ်မတော်နဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေရဲ့ ညီညွတ်မှု၊ သဘောထားကြီးမှု၊ ပူးပေါင်းဆောင်ရွက်မှုဖြင့် ငြိမ်းချမ်းရေးရနိုင်မယ်

နေပြည်တော် မေ ၂၆

**ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု ပေါ်ထွန်းလာရေးအတွက် အခြေခံမူများကို အစိုးရ၊ လွှတ်တော်၊ တပ်မတော်၊ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်း၊ နိုင်ငံရေးပါတီ စသည်တို့မှ ကိုယ်စားလှယ်များက ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ ဒုတိယအစည်းအဝေးတွင် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ လုံခြုံရေးနှင့် မြေယာနှင့် သဘာဝပတ်ဝန်းကျင်ကဏ္ဍများကို ဆွေးနွေးမေးမြန်းအကြံပြုမှုများ လုပ်ဆောင်လျက်ရှိရာ ယင်းသို့ကဏ္ဍအလိုက် ဆွေးနွေးမှုများနှင့် ရရှိလာမည့်ရလဒ်များနှင့်စပ်လျဉ်း၍ တက်ရောက်လာသူတချို့ကို မေးမြန်းဖြစ်ခဲ့သည်။**



စိုင်းအိုက်ပေါင်း



ဒေါ်နမ့်ခင်အေးဦး



ဦးဂျင်မီ



ဒေါက်တာအေးမောင်



ဦးထွန်းထွန်းဟိန်

**စိုင်းအိုက်ပေါင်း(ရှမ်းတိုင်းရင်းသားများဒီမိုကရက်တစ်ပါတီဥက္ကဋ္ဌ)**

ဒီကနေ့ ဆွေးနွေးတဲ့နိုင်ငံရေးကဏ္ဍမှာ ကျွန်တော်က ဦးဆောင်သဘာပတိ တာဝန်ယူရပါတယ်။ နိုင်ငံရေးကဏ္ဍဆွေးနွေးပွဲမှာ အဓိကအချက် ၂၁ ချက်ရှိပါတယ်။ အဲဒီ ၂၁ ချက်ကို အစိုးရနဲ့ လွှတ်တော်၊ တပ်မတော်၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့၊ နိုင်ငံရေးပါတီအစုအဖွဲ့ စတဲ့ အစုအဖွဲ့အသီးသီးရဲ့ အမြင်တွေ တင်ပြကြပါတယ်။ တင်ပြတဲ့အချက်တွေကို အတွင်းရေးမှူးအဖွဲ့ကနေစုစည်းပါတယ်။ ဆုံးဖြတ်ချက်ချတာ မရှိသေးပါဘူး။ အစုအဖွဲ့လိုက် ပြန်လည်ဆွေးနွေးဦးမှာပါ။ ဘာပဲပြောပြော ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကိုသွားမယ်ဆိုတဲ့ လမ်းကြောင်းပေါ်တော့ ရောက်နေပါပြီ။ အဲဒီမှာ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်၊ တန်းတူရည်တူအခွင့်အရေး၊ ဖက်ဒရယ်စနစ်ဆိုတာတွေတော့ ရုပ်လုံးပေါ်လာပါပြီ။ အခုလောလောဆယ်တော့ စကားလုံးရဲ့ အဓိပ္ပာယ်သက်ရောက်မှုတွေကိုပဲ ဆွေးနွေးနေပါတယ်။ တပ်မတော်ဘက်က ခွဲမထွက်ရဆိုတဲ့ စကားလုံးကို ထည့်ချင်တယ်။ ကျန်တဲ့အစုအဖွဲ့တွေက ခွဲမထွက်ရဆိုတဲ့ စကားလုံးကို ပျော့ပျော့ပျောင်းပျောင်း သုံးချင်တယ်။ ဥပမာ အတူတကွငြိမ်းချမ်းစွာ ရာသက်ပန် စုပေါင်းနေထိုင်ရေးဆိုတာမျိုး သုံးချင်တယ်။ အတူတူပဲလေ ခွဲမထွက်တာပဲ။ ခွဲမထွက်တဲ့ပုံစံတင်ပြကြတာ သုံးချက်လောက်ရှိတယ်။ အခုမှစဆွေးနွေးတာဆိုတာ တချို့က အတို့အထိမခံနိုင်ဘူးဖြစ်နေတာတော့ရှိတာပေါ့။ နောက်ပိုင်း ဆွေးနွေးရင်း ဆွေးနွေးရင်းနဲ့ ယုံကြည်မှုရှိလာပြီး အဆင်ပြေသွားမှာပါ။ ကျွန်တော်က ၉၃ ကနေ ၉၆ အထိ အမျိုးသားညီလာခံကို တက်ခဲ့ဖူးပါတယ်။ အဲဒီတုန်းက လုပ်တဲ့ညီလာခံနဲ့ ဒီညီလာခံ ပုံစံမတူပါဘူး။ အဲဒီတုန်းက လုံးဝအထိမခံဘူး။ ကျွန်တော်တို့တင်တဲ့စာတမ်းတွေကို အရင်ဆုံး၏သည် မရွေးပါမကျန် အကုန်လုံးတည်းဖြတ်ပစ်တယ်။ အခုဒီမှာ အဲတာမျိုးတွေမရှိဘူး။ ဒီမိုကရေစီအပြည့်အဝရှိတယ်။ အဲဒီတစ်ချက်တော့ လုံးဝကွာတယ်။ အဲဒီတုန်းက ဖက်ဒရယ်ဆိုတဲ့ စကားမပြောနဲ့ ဖက်ဒရယ်ဆို ထောင်ထဲသွားပဲ။ အဲဒီတုန်းက ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ဆိုတာ ပြောလို့မရဘူး။ အခုတော့ အားလုံးကတိုင်းရင်းသားတွေရဲ့ခံစားချက်ကို သိလာပါပြီ။ ပြည်မမှာရှိတဲ့ ပါတီတွေက သဘောပေါက်လာတယ်။ တပ်မတော်ဘက်ကလည်း နားလည်လာတယ်။ ဖက်ဒရယ်စနစ်ကို မသွားရင်မရဘူးဆိုတာ သိလာကြပါပြီ။

**ဒေါ်နမ့်ခင်အေးဦး (ကရင်ပြည်သူ့ပါတီတွဲဖက်အတွင်းရေးမှူး)**

စီးပွားရေးကဏ္ဍမှာတော့ ဒီနေ့မှာ သက်ဆိုင်ရာပြည်ထောင်စု၊ တိုင်းဒေသကြီး၊ ပြည်နယ် အစိုးရနဲ့ ဒေသန္တရအစိုးရတွေက ပြည်နယ်ရဲ့ ဖွံ့ဖြိုးတိုးတက်ရေးအတွက် Business Plan ဆွဲဖို့၊ အဲဒီအစိုးရတွေက ပြည်ထောင်စုအစိုးရ၊ တိုင်းဒေသကြီးနဲ့ ပြည်နယ်အစိုးရတွေ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွေမှာရှိတဲ့ အစိုးရတွေက ပြည်နယ်ရဲ့ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေ၊ ပြည်တွင်းရင်းနှီးမြှုပ်နှံမှုတွေ ပိုပြီးတော့ ဆွဲဆောင်မှုရှိအောင်နဲ့ မြင့်မားလာစေဖို့အတွက် ဆွဲဆောင်မှုရှိတဲ့ ဥပဒေတွေ၊ လုပ်ထုံးလုပ်နည်းတွေကို ရေးဆွဲဖို့ဆိုပြီးတော့ နှစ်ချက်ကို ဆွေးနွေးပါတယ်။ ဒေသန္တရ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးကို ဗဟိုအစိုးရတွေနဲ့ ပြည်နယ်အစိုးရတွေ ဘယ်လိုရှေ့ဆက်ပြီး လုပ်ကိုင်ကြမလဲဆိုတာ Business Plan ဆွဲဖို့ အဓိကဆွေးနွေးတာဖြစ်ပါတယ်။ မူဝါဒအပေါ်မှာပဲ ဆွေးနွေးကြတယ်၊ တင်ပြကြတယ်။ ရလဒ်ပိုင်းကတော့ကောင်းပါတယ်။ ပြည်နယ်အစိုးရ၊ တိုင်းဒေသကြီးအစိုးရ၊ ဗဟိုအစိုးရတွေနဲ့ ဘယ်လို ပူးပေါင်းဆောင်ရွက်ကြမလဲဆိုတာကို အဓိကဆွေးနွေးပါတယ်။ တစ်ခါတစ်ရံမှာ ပြည်ထောင်စုအစိုးရကပဲဖြစ်ဖြစ်၊ ပြည်နယ်အစိုးရကပဲဖြစ်ဖြစ် လုပ်ပိုင်ခွင့်တွေပေးလိုက်ပေမယ့် ဒေသမှာရှိတဲ့ ဒေသခံတွေရဲ့ ပတ်ဝန်းကျင် ထိခိုက်နစ်နာမှုတွေရှိတဲ့အခါ သဘောမတူတဲ့အခါမှာ လုပ်လို့မရတာလည်း ရှိတာပေါ့။ အစိုးရပိုင်းကလည်း ဒေသခံလူထုနဲ့ ဆွေးနွေးပြီး သဘောတူညီမှသာ အစိုးရက ချမှတ်ပေးတယ်။ စီးပွားရေးကဏ္ဍနဲ့ ပတ်သက်ပြီး မူဝါဒကို အရင်ချမှတ်မယ်။ ဒါပေမယ့် မူဝါဒတွေကို ဘယ်လောက်ပဲ သဘောတူတူ တကယ့်လက်တွေ့လုပ်တဲ့အခါမှာ အငြင်းအခုံဖြစ်ရတာတွေ၊ တချို့ကုမ္ပဏီကြီးတွေက လက်တစ်လုံးခြားလုပ်တတ်တာလေးတွေရှိတယ်။ အဲဒါဟာ လက်တွေ့လုပ်တဲ့အခါမှာ တကယ်အရေးကြီးတယ်။ ဒီမှာ ဆွေးနွေးကြတာလည်း အမြင်မတူတာတွေ သိပ်မရှိပါဘူး။ အများစုကတော့ သဘောတူကြပါတယ်။

**ဦးဂျင်မီ(၈၈ မျိုးဆက်ငြိမ်းချမ်းရေးနှင့်ပွင့်လင်းလူ့အဖွဲ့အစည်း)**

လူမှုရေးကဏ္ဍမှာ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးစာချုပ်အပေါ်မှာ အခြေခံထားတဲ့ အခြေခံမူလေးချက်ရှိပါတယ်။ အဲဒီအခြေခံမူလေးချက်နဲ့ပဲ တက်ရောက်လာသူတွေက ဘယ်ဟာတော့သဘောတူတယ်၊ ဘယ်ဟာတော့သဘောမတူဘူး၊ ဘယ်ဟာတော့ပြင်သင့်တယ်၊ ဘယ်ဟာတော့မပြင်သင့်ဘူးဆိုတာတွေ ဆွေးနွေးကြပါတယ်။ အဲဒီလေးချက်ထဲမှာ ဒုက္ခသည်တွေရဲ့အကြောင်း၊ ပြည်တွင်းရွှေ့ပြောင်းဒုက္ခသည်တွေအကြောင်း၊ စစ်အတွင်းမှာ မသန်စွမ်းတွေ၊ သက်ကြီးရွယ်အိုတွေ၊ ကလေးသူငယ်တွေနဲ့ အမျိုးသမီးတွေ၊ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးကိစ္စတွေ ပါဝင်ပါတယ်။ အားလုံးကတော့ အခြေခံမူလေးချက်ကို မငြင်းကြဘူး။ မူအရတော့ ဒီလေးချက်လုံးကို သဘောတူတယ်။ စကားလုံးရွေးချယ်မှုနဲ့ လူမှုရေးနဲ့ ပတ်သက်တဲ့ စိုးရိမ်သောကတွေ၊ တိုင်းရင်းသားတွေရဲ့ စိုးရိမ်ပူပန်မှုတွေရှိတယ်။ အဲဒါတွေကို ညှိနှိုင်းအဖြေတစ်ခုထုတ်ပြီးတော့မှ ပြင်သင့်တာပြင်၊ ဖြည့်စွက်သင့်တာဖြည့်စွက်လုပ်တယ်။ ဒီညီလာခံဟာ အင်မတန်မှ အရေးပါတဲ့ညီလာခံကြီး၊ တစ်နည်းအားဖြင့်ပြောမယ်ဆိုရင် ဒီညီလာခံဟာ နှစ်ပေါင်းများစွာ မျှော်လင့်ထားတဲ့ အမျိုးသားပြန်လည်သင့်မြတ်ရေးအစည်းအဝေးကြီးပဲ။ အဲဒီအစည်းအဝေးကြီးကနေ တစ်မျိုးသားလုံး လိုက်ပါလာလိမ့်မယ်ဖြစ်တဲ့အတွက် ချမှတ်တဲ့အစီအစဉ်တွေ၊ ဆောင်ရွက်မယ့်ကိစ္စတွေဟာ တကယ်တမ်းလက်တွေ့အကောင်အထည်ဖော် လုပ်ဆောင်တဲ့အခါမှာလည်း အောင်မြင်လိမ့်မယ်လို့ ယုံကြည်ပါတယ်။

**ဒေါက်တာအေးမောင်**

နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ လုံခြုံရေးနှင့် မြေယာနှင့် သဘာဝပတ်ဝန်းကျင်ဆိုတဲ့ ကဏ္ဍကြီးငါးခုမှာ နိုင်ငံရေးနဲ့ လုံခြုံရေးက အင်မတန်အရေးကြီးတယ်။ နိုင်ငံရေးအရ ပြေလည်မှုရရင် လုံခြုံရေးလည်းပြေလည်သွားနိုင်သလို လုံခြုံရေးအရ ပြေလည်သွားရင် နိုင်ငံရေးလည်းပြေလည်သွားနိုင်တယ်။ အဲဒါဟာ မြန်မာ့နိုင်ငံရေးဖြစ်စဉ်မှာ အဓိကလို့တောင် ပြောလို့ရတဲ့အနေအထားမှာရှိနေတယ်။ လုံခြုံရေးဆိုတာ အတို့အထိမခံနိုင်ဘူး။ NCA စာချုပ်ချုပ်ဖို့ ဖြစ်လာတာကိုက တပ်မတော်နဲ့ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းတွေ ငြိမ်းချမ်းရေးကိုလိုချင်လို့ ချုပ်လာတဲ့စာချုပ်ဖြစ်တယ်။ ဖြစ်စဉ်အားလုံးရဲ့အဓိကပင်ရင်းသည် တပ်မတော်နဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေရဲ့ ညီညွတ်မှု၊ သဘောထားကြီးမှု၊ ပူးပေါင်းဆောင်ရွက်မှုဖြင့် ငြိမ်းချမ်းရေးရအောင်သွားလိုမှုနဲ့ တိုက်ရိုက်ပတ်သက်နေတယ်။ အဲဒီအခါမှာ(၂၁)ရာစုပင်လုံ ဒုတိယအစည်းအဝေးကို လုံခြုံရေးကဏ္ဍတင်ဖို့မတင်ဖို့တောင်မှ UPDJC အတွင်းရေးမှူးအဖွဲ့က စဉ်းစားပေးကြတယ်လို့သိရပါတယ်။ အခုလက်ရှိက မူကိုဆွေးနွေးဖို့လမ်းဖွင့်ပေးနေဆဲဖြစ်တယ်။ မူဆိုတာ တစ်ခုတည်းသော တပ်မတော်ဆိုတဲ့အနေအထားလေးကို မူအားဖြင့် သဘောတူတဲ့အနေအထားမှာတော့ရှိတယ်။ ဘယ်လိုအတည်ပြုသတ်မှတ်မှာလဲဆိုတဲ့အပိုင်းက ဆွေးနွေးလို့မပြီးသေးဘူး။

**ဦးထွန်းထွန်းဟိန် (ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်)**

ပြီးခဲ့တဲ့ကာလတွေမှာ အမျိုးသားအဆင့်ဆွေးနွေးပွဲတွေ ခုနစ်နေရာလုပ်ပြီးပြီပါပြီ။ အဲဒီမှာဆွေးနွေးခဲ့တဲ့ အချက်တွေကိုပဲ ဒီမှာဆွေးနွေးနေတာပါ။ အဲဒီမှာ အောက်ကတက်လာတဲ့ ဆွေးနွေးချက်ပေါင်း ၅၂၈ ခုရှိပါတယ်။ အဲဒီ ၅၂၈ ခုကို UPDJC ကနေဖွဲ့ထားတဲ့ လုပ်ငန်းကော်မတီတွေရှိပါတယ်။ အဲဒီလုပ်ငန်းကော်မတီတွေထဲမှာ မြေယာနဲ့သဘာဝပတ်ဝန်းကျင်ကော်မတီဆိုတာပါတယ်။ အဲဒီကော်မတီက ဆွေးနွေးချက် ၅၂၈ ခုကို သဘောသဘာဝ တူရာတူရာတွေကို စုစည်းတယ်။ မတူတဲ့ဟာတွေကို သီးသန့်ခွဲထားတယ် ရရှိလာတဲ့အချက်တွေကို UPDJC ကို ပြန်လည်တင်ပြတယ်။ UPDJC အစည်းအဝေးကနေ သတ်မှတ်ပေးလိုက်တဲ့အချက်ခြောက်ချက်ထွက်လာတယ်။ အဲဒီအချက်ခြောက်ချက်ကိုပဲ မနေ့ကလည်းဆွေးနွေးတယ် ဒီနေ့လည်း ဆွေးနွေးတယ်။ အဓိကကတော့ ပွင့်လင်းရမယ်၊ ရှင်းလင်းတဲ့ မူဝါဒဖြစ်ရပါမယ်။ ဒေသခံတောင်သူလယ်သမားကို အကျိုးပြုနိုင်မယ့်အချက်တွေပါရမယ်။ အခုလောလောဆယ်တော့ စကားလုံးအသုံးအနှုန်း ဝေါဟာရအတိမ်အနက်တွေပေါ်မှာပဲ အမြင်ချင်းဖလှယ်ဆွေးနွေးနေကြပါတယ်။ ငြိမ်းချမ်းရေးဆိုတော့ တစ်ပြည်လုံးမှာရှိတဲ့ ပြည်သူလူထုရဲ့ ဆန္ဒကို လိုချင်တာပါ။ လိုချင်တဲ့အချက်အလက်တွေကို စုစည်းပြီး ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံမှာ တင်ပြသွားရမှာဖြစ်ပါတယ်။ အခက်ဆုံးအပိုင်းကတော့ စုစည်းပြီး ဘယ်လိုတင်ပြမလဲဆိုတာပါပဲ။

**အေဝမ်းစိုး၊ နိုင်လင်းကြည်**

**❂အိမ်ရှင် မလေးရှားအသင်းမှ**

ဇွန်လတတိယပတ်တွင် လေ့ကျင့်မှု စတင်ပြုလုပ်မည်ဖြစ်ပြီး ပြိုင်ပွဲမတိုင်မီရရှိသည့် ပြင်ဆင်ချိန် နှစ်လအတွင်း နိုင်ငံတကာပြိုင်ပွဲနှင့် ခြေစမ်းပွဲများ ဆက်တိုက်ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ မြန်မာ ယူ-၂၂ အသင်းနှင့် မလေးရှား ယူ-၂၂ အသင်းတို့သည် ပြီးခဲ့သည့်နှစ်ကုန်ပိုင်းတွင် ခြေစမ်းပွဲကစားရန် စီစဉ်ခဲ့သော်လည်း အကြောင်းအမျိုးမျိုးကြောင့် ပျက်ပြယ်ခဲ့ပြီး ဇူလိုင်လတွင် ပြန်လည်ကစားရန် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်နှင့် မလေးရှားဘောလုံးအဖွဲ့ချုပ်တို့ သဘောတူညီမှုရခဲ့ခြင်းဖြစ်သည်။

လက်ရှိတွင် မြန်မာ ယူ-၂၂ အသင်းကို ဖွဲ့စည်းရခြင်း မရှိသေးဘဲ ၂၀၁၅ ခုနှစ်က နယူးဇီလန်နိုင်ငံ၌ ကျင်းပခဲ့သည့် ယူ-၂၀ ကမ္ဘာ့ဖလားပြိုင်ပွဲယှဉ်ပြိုင်ခဲ့သည့် မြန်မာ ယူ-၂၀ အသင်းမှ ကစားသမားအများစု ပါဝင်လာဖွယ်ရှိနေပြီး(၂၈)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲတွင် ငွေတံဆိပ်ရခဲ့သည့်အသင်းမှ အသက်မီသည့် ကစားသမားအချို့လည်း ရွေးချယ်ခံရဖွယ်ရှိနေသည်။

ဆီးဂိမ်းပြိုင်ပွဲယှဉ်ပြိုင်မည့် မြန်မာ ယူ-၂၂ အသင်းကို နည်းပြချုပ်အဖြစ် ဂတ်ဖရိုင်းဒရစ်က ကိုင်တွယ်မည်ဖြစ်ပြီး စင်ကာပူဆီးဂိမ်းတွင် ငွေတံဆိပ်ရယူပေးခဲ့သည့် နည်းပြ ဦးကြည်လွင်က လက်ထောက်နည်းပြအဖြစ် ဆောင်ရွက်မည်ဖြစ်သည်။ မကြာမီဖွဲ့စည်းမည့် မြန်မာ ယူ-၂၂ အသင်းတွင် နာမည်ကြီးကစားသမားများဖြစ်သော အောင်သူ၊ နန္ဒကျော်၊ မျိုးကိုထွန်း၊ မောင်မောင်လွင်၊ စည်သူအောင်၊ ဟိန်းသီဟဇော် စသည့်ကစားသမားများ ပါဝင်လာမည်ဖြစ်သည်။

မြန်မာ ယူ-၂၂ အသင်းသည် ဆီးဂိမ်းပြိုင်ပွဲမတိုင်မီ အိမ်ရှင်အသင်းဖြစ်သော မလေးရှားအသင်းနှင့် ခြေစမ်းခွင့်ရရှိသောကြောင့် အကျိုးရှိမည့်ပွဲဟုဆိုရမည်ဖြစ်သည်။ မြန်မာ ယူ-၂၂ အသင်းသည် ဆီးဂိမ်းပြိုင်ပွဲမတိုင်မီ ဇွန် ၂၈ ရက်မှ ဇူလိုင် ၂ ရက်အထိ ကျင်းပမည့် လေးနိုင်ငံ ယူ-၂၂ ဖိတ်ခေါ်ပြိုင်ပွဲ၊ ဇူလိုင် ၁၉ ရက်မှ ၂၃ ရက်အထိ ကျင်းပမည့် အာရှ ယူ-၂၃ ခြေစစ်ပွဲတို့ ယှဉ်ပြိုင်ရမည်ဖြစ်ပြီး ယင်းပြိုင်ပွဲနှစ်ခုစလုံးကို ရန်ကုန်မြို့၌ ကျင်းပမည်ဖြစ်သည်။ ထို့ပြင် မလေးရှား၊ အင်တာမီလန်လူငယ်အသင်းတို့နှင့် ခြေစမ်းပွဲများ ကစားမည်ဖြစ်ပြီး ပြည်ပလေ့ကျင့်ရေးခရီးစဉ်လည်း စီစဉ်နေကြောင်း သိရသည်။

မလေးရှား ယူ-၂၂ အသင်းသည် ၂၀၀၉၊ ၂၀၁၁ ဆီးဂိမ်းပြိုင်ပွဲတွင် နှစ်ကြိမ်ဆက်တိုက် ရွှေတံဆိပ်ရယူနိုင်ခဲ့သော်လည်း ပြီးခဲ့သည့် ၂၀၁၅ ဆီးဂိမ်းပြိုင်ပွဲတွင် အုပ်စုအဆင့်မှ ထွက်ခဲ့ရသည်။ မြန်မာအသင်းသည် ဆီးဂိမ်းရွှေဆုနှင့် နှစ်ပေါင်းများစွာ ဝေးကွာလျက်ရှိသော်လည်း နောက်ဆုံးကျင်းပခဲ့သည့် ဆီးဂိမ်းပြိုင်ပွဲတွင် ငွေတံဆိပ်ရယူနိုင်ခဲ့သည်။

**သတင်း-ရှိုင်းထက်ဇော်**
**ဓာတ်ပုံ-စိုးညွန့်**

**❒ကျောဖုံးမှ**

ရှမ်းပြည်တိုးတက်ရေးပါတီ၊ ရှမ်းပြည်တပ်မတော် (SSPP/SSA) အဖွဲ့များနှင့် ယနေ့ မွန်းလွဲပိုင်းတွင်လည်းကောင်း၊ တအာင်းအမျိုးသား လွတ်မြောက်ရေးတပ်မတော် (TNLA)၊ မြန်မာအမျိုးသား ဒီမိုကရက်တစ် မဟာမိတ်တပ်မတော် (MNDAA)၊ ရက္ခိုင့် တပ်မတော်(AA) တို့ကို ယနေ့မွန်းလွဲတွင် နေအိမ်၌ သီးခြားစီဖိတ်ခေါ်တွေ့ဆုံခဲ့ပြီး တွေ့ဆုံပွဲအပြီးတွင် "ဝ" ပြည်နယ် ပြင်ပဆက်ဆံရေးဌာန အကြီးအကဲ ကျောက်ကော့အမ်းက သတင်းမီဒီယာများနှင့် တွေ့ဆုံခဲ့သည်။

ကျောက်ကော့အမ်းက "ကျွန်တော်တို့ဘာမှ မဆွေးနွေးဘူး။ အဓိကတစ်ယောက်နဲ့တစ်ယောက် ရင်းနှီးအောင်တွေ့ဆုံတာပါ။ ဒါပေမယ့် သူပြောတဲ့ NCA နဲ့ ကျွန်တော်တို့ ပြန်ပြင်ထားတဲ့ဟာနဲ့ မတူဘူးပေါ့။ ကျွန်တော်တို့ကအရင် NCA နဲ့တော့ထိုးမှာမဟုတ်ဘူး။ ကျွန်တော်တို့ ပြန်ပြင်ဆင်မှုပဲထိုးမယ်။ ဒီတစ်ခေါက် ဒေါ်အောင်ဆန်းစုကြည် တရုတ်ပြည်ကိုသွားတဲ့အချိန်က One Belt One Road ပေါ်လစီကိုတရုတ်သမ္မတရှီကျင့်ဖျင်နဲ့ ဆွေးနွေးဖြစ်တယ်။ ကြားထဲမှာ သူတို့သဘောတူညီထားတာလည်းရှိရင်ရှိမယ်။ အဲ့ဒါကြောင့် တရုတ်ပြည်က ကျွန်တော်တို့ကို တိုက်တွန်းပြီးတော့ မြန်မာနိုင်ငံရဲ့ငြိမ်းချမ်းရေးလမ်းစဉ်ရောက်အောင် သူတို့ရဲ့အကျိုး၊ မြန်မာပြည်ရဲ့အကျိုး၊ နှစ်ဖက်အကျိုးအတွက် သူတို့ကအားသွန်ခွန်စိုက်နဲ့ပြောပြီးမှ မြန်မာနိုင်ငံရဲ့ ငြိမ်းချမ်းရေးလမ်းစဉ်ထဲကို ပါဝင်နိုင်အောင်ပါ။

တပ်ဘက်နဲ့ ကျွန်တော်တို့ UWSA နဲ့ကအဆင်ပြေပါတယ်။ ကျွန်တော်ထင်တာကတော့ တွေ့မယ်လို့မထင်တော့ပါဘူး။ သိပ်မထူးဆန်းပါဘူး။ သူ့ဘက် သူ့ရပ်တည်ချက်နဲ့ ကိုယ့်ရပ်တည်ချက် ရှိမှာပါ။ ဒါညှိယူရမှာပါ။ အားလုံးတကယ်ပဲ ငြိမ်းငြိမ်းချမ်းချမ်းဖြစ်ချင်တယ်။ ငြိမ်းချမ်းရေးအတွက် အားလုံးကြိုးပမ်းပြီးတော့ ဆောင်ရွက်မယ်ဆိုရင် တစ်ရက်ရက်တော့ ငြိမ်းချမ်းလာမှာပါလို့ ကျွန်တော် အပြည့်အဝယုံကြည်ပါတယ်"ဟု ပြောကြားသည်။

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ဖိတ်ကြားမှုကြောင့် သွားရောက်တွေ့ဆုံခဲ့ရာတွင် ယခုရှိနေသည့် အနေအထားမှနေ၍ ရှေ့ဆက်လှမ်းနိုင်ရန် ဆွေးနွေးခဲ့ပြီး (၂၁) ရာစုပင်လုံညီလာခံဖွင့်ပွဲသို့ တက်ရောက်ခဲ့သည့်အတွက် ကြိုဆိုဩဘာခံခြင်းဖြစ်ကြောင်း တအာင်းအမျိုးသား လွတ်မြောက်ရေးတပ်မတော် (TNLA) အတွင်းရေးမှူး တာပန်လှက ပြောကြားသည်။

TNLAအတွင်းရေးမှူး တာပန်လှက "အကျိုးရှိပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ အထူးသဖြင့် ကျွန်တော်တို့ PSLF/TNLA နဲ့ ပဲဖြစ်ဖြစ်၊ မြောက်ပိုင်းက အဖွဲ့တွေနဲ့ပဲဖြစ်ဖြစ် လအတန်ကြာပိတ်ဆို့နေတဲ့ တွေ့ဆုံဆွေးနွေးမှုက တာဝန်ရှိတဲ့သူအချင်းချင်းတွေ့ဆုံနိုင်ဖို့ အထူးသဖြင့် အစိုးရဘက်ကတွေ့ဆုံနိုင်ဖို့က လမ်းကြောင်းမဖြစ်ပေါ်ခဲ့ဘူး။ အခုဒါလမ်းကြောင်းစတင်ဖြစ်ပေါ်လာခဲ့ပြီး ဆက်သွားနိုင်ဖို့ကို ကျွန်တော်တို့ဘက်ကမျှော်မှန်းပါတယ်။ နောက်ပိုင်းတွေ့ဆုံဖို့ အများကြီးဆက်လက်ဆွေးနွေးရဦးမယ်"ဟုပြောသည်။

**သတင်း-ရဲခေါင်ညွန့်၊ဓာတ်ပုံ-မိုင်းအနိုင်**

# လုံခြုံရေးနှင့် နိုင်ငံရေး အပါအဝင် ကဏ္ဍငါးခုတွင် တစ်သမတ်တည်းဖြစ်စေရန် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ အစည်းများသီးခြားဆွေးနွေး

**နေပြည်တော် မေ ၂၆**

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံ (ဒုတိယအစည်းအဝေး)သို့ အတည်ပြုရန် တင်သွင်းမည့် နိုင်ငံရေးကဏ္ဍ၊ စီးပွားရေးကဏ္ဍ၊ လူမှုရေးကဏ္ဍ၊ မြေယာနှင့် သဘာဝပတ်ဝန်းကျင်ကဏ္ဍ၊ လုံခြုံရေးကဏ္ဍ ငါးခုနှင့်စပ်လျဉ်း၍ NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း (၈) ဖွဲ့မှ ဖွဲ့စည်းထားသည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ဦးဆောင်အဖွဲ့ (PPST) က Horizon Lake View ဟိုတယ်၌ ယနေ့မွန်းလွဲပိုင်းတွင် သီးခြားဆွေးနွေးခဲ့သည်။

အဆိုပါသီးခြားဆွေးနွေးမှုသည် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ (UPDJC) တွင် ဆက်လက်ဆွေးနွေးရာ၌ တစုတစည်းဖြစ်ရန်ရည်ရွယ်သည်ဟု ပအိုဝ်းအမျိုးသား လွတ်မြောက်ရေးအဖွဲ့ချုပ် ဥက္ကဋ္ဌ ခွန်မြင့်ထွန်းကပြောသည်။

"အခုက ကဏ္ဍငါးခုအတွက် ပြန်ဆွေးနွေးတာ။ မနက်ဖြန် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC)မှာ ပြန်ဆွေးနွေးမယ်။ ကဏ္ဍအလိုက်ဆွေးနွေးပြီးပြီမို့ အစုအဖွဲ့လိုက် ပြန်ဆွေးနွေးတာပါ။ UPDJC အစည်းအဝေးကျရင် ကျွန်တော်တို့ရဲ့ သဘောထားကိုတစုတစည်းတည်း ပြန်ပြောနိုင်အောင်ပါ" ဟုပြောသည်။

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံ (ဒုတိယအစည်းအဝေး)သို့ တင်သွင်းအတည်ပြုမည့် ကဏ္ဍငါးရပ်အနက် နိုင်ငံရေးကဏ္ဍနှင့် လုံခြုံရေးကဏ္ဍတို့သည် ဆွေးနွေးမှုပြင်းထန်သောကဏ္ဍနှစ်ရပ်ဖြစ်သည်။

"နိုင်ငံရေးကဏ္ဍမှာ လောလောဆယ်တော့ စကားလုံးအထားအသိုဆွေးနွေးနေပါတယ်။ ပြည်ထောင်စုရဲ့ ယူနစ်တွေကို ဘယ်လိုခေါ်ဝေါ်မယ်ဆိုတာ ဆွေးနွေးနေဆဲပါ။ ဖက်ဒရယ်ပြည်ထောင်စုကိစ္စကတော့ ဆွေးနွေးလို့မပြတ်သေးလို့ပါ"ဟု ခွန်မြင့်ထွန်းကပြောသည်။

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံ (ဒုတိယအစည်းအဝေး)သို့ တင်သွင်းအတည်ပြုမည့် နိုင်ငံရေးကဏ္ဍတွင် အချုပ်အခြာအာဏာ၊အချုပ်အခြာအာဏာ ကျင့်သုံးမှု၊ တန်းတူရေး၊ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်၊ ဖက်ဒရယ်ပြည်ထောင်စုမူ (ဖွဲ့စည်းမှုနှင့် အာဏာခွဲဝေမှု)၊ ပါတီစုံဒီမိုကရေစီစနစ်ခေါင်းစဉ်ခွဲ(၆) ခုနှင့် အချက်ပေါင်း (၂၁) ချက်ပါရှိသည်။

"လုံခြုံရေးကဏ္ဍက အဖြေထွက်တာမထွက်တာထက် အခုလိုလက်ခံဆွေးနွေးနေတာကောင်းပါတယ်။ အချိန်နည်းနည်းယူရမယ်။ ဒါပေမယ့် အဖြေထွက်အောင် ဆွေးနွေးရပါမယ်"ဟုပြောသည်။

လုံခြုံရေးကဏ္ဍတွင် "တစ်ခုတည်းသောတပ်မတော်ထားရှိရေး မူဝါဒ"ကို ဆွေးနွေးလျက်ရှိပြီး နိုင်ငံတော်ကာကွယ်ရေးဆိုင်ရာကိစ္စရပ်များအတွက် အစိုးရ၊ လွှတ်တော်၊ တပ်မတော်အစုအဖွဲ့မှ စာတမ်းတစ်စောင်၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများကစာတမ်းတစ်စောင်၊ နိုင်ငံရေးပါတီအစုအဖွဲ့မှ စာတမ်းတစ်စောင် တင်သွင်းထားသည်။

တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) လက်မှတ်ရေးထိုးထားသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း ၈ ဖွဲ့မှာKNU (ကရင်အမျိုးသားအစည်းအရုံး)၊ KNU/KNLA(P.C) ကရင်အမျိုးသားအစည်းအရုံး/ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော်(ငြိမ်းချမ်းရေးကောင်စီ)၊ DKBA(ဒီမိုကရေစီအကျိုးပြု ကရင်တပ်မတော်)၊ CNF (ချင်းအမျိုးသားတပ်ဦး)၊ PNLO (ပအိုဝ်းအမျိုးသား လွတ်မြောက်ရေးအဖွဲ့ချုပ်)၊ ABSDF (မြန်မာနိုင်ငံလုံးဆိုင်ရာကျောင်းသားများ ဒီမိုကရက်တပ်ဦး)၊ RCSS (ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ)၊ ALP (ရခိုင်ပြည်လွတ်မြောက်ရေးပါတီ) တို့ဖြစ်ကြသည်။



**လုံခြုံရေးကဏ္ဍဆွေးနွေးပွဲ ကျင်းပစဉ်။**

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံ (ဒုတိယအစည်းအဝေး)သို့ တင်သွင်းအတည်ပြုမည့် နိုင်ငံရေးကဏ္ဍ၊ စီးပွားရေးကဏ္ဍ၊ လူမှုရေးကဏ္ဍ၊ မြေယာနှင့် သဘာဝပတ်ဝန်းကျင်ကဏ္ဍ၊ လုံခြုံရေးကဏ္ဍ ငါးခုမှ အချက် (၄၁) ချက်ကို အစိုးရနှင့်လွှတ်တော်အစုအဖွဲ့၊ တပ်မတော်အစုအဖွဲ့၊ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများအစုအဖွဲ့၊ နိုင်ငံရေးပါတီများအစုအဖွဲ့တို့က ညီလာခံတတိယနေ့တွင် အစုအဖွဲ့အလိုက် သီးခြားစီ ဆွေးနွေးခဲ့ကြသည်။

**သတင်း-ရဲခေါင်ညွန့်**
**ဓာတ်ပုံ-ကျော်ဇေယျ**

## ပြင်ဆင်ဖတ်ရှုရန်

မေ ၂၅ ရက်ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ ၁၁ တွင်ဖော်ပြခဲ့သော "(၂၁)ရာစုပင်လုံ (ဒုတိယအစည်းအဝေး) တက်ရောက်သူအချို့၏ စကားသံများ" သတင်းပထမကော်လံတွင် "ဦးဆမ်ဆောင်းကား 'ဝ' အမျိုးသားစည်းလုံးညီညွတ်ရေးပါတီ ဒုတိယဥက္ကဋ္ဌ" ဟု ပြင်ဆင်ဖတ်ရှုပါရန်။

**(စာတည်း)**

# ပုံမှန် ကျပ် ၃၀၀ အစား စဆုံး ကျပ် ၃၀၀ သို့ ပြောင်းလဲ

ကာသစ်အစီးရေ ၇၀ ဖြင့် မေ ၂၅ ရက်တွင် စတင်ပြေးဆွဲသော လှိုင်သာယာ၊ ဘုရင့်နောင်၊ ဆင်မလိုက်၊ မြေနီကုန်း၊ ရွှေဂုံတိုင်၊တာမွေ၊ မင်္ဂလာဈေး၊သိမ်ဖြူ လမ်း (၅၀) (ကုန်သည်လမ်း)ကမ်းနားလမ်း၊ သခင်မြပန်းခြံ၊ ဗိုလ်ချုပ်လမ်းကြောင်းအသစ်တိုးချဲ့ပြေးဆွဲရာတွင် ပုံမှန်ကားခ ကျပ် ၃၀၀ ဟု ငွေပုံးအောက်တွင် စာကပ်ထားသည်။

သို့ဖြစ်ရာ လှိုင်သာယာမှသိမ်ဖြူအကြား စီးနင်းနေသောခရီးသည်များကားခ ပိုပေးစီးလာရသည်။ မြို့တွင်းပတ်ခရီးသည်များသည်လည်း ကားခ ကျပ် ၁၀၀ အစား ကျပ် ၃၀၀ ပေးစီးလာရသည်။

ယင်းဖြစ်စဉ်များကြောင့် မေ ၂၆ ရက်တွင် လှိုင်သာယာ၊ သိမ်ဖြူ ၂၀၀၊ မြို့တွင်းပတ် ၁၀၀ စဆုံး ၃၀၀ စာတန်းပြောင်းလဲကပ်ထားကြောင်း ခရီးသည်များက ပြောသည်။ ကားသစ်အစီးရေ ၃၀ သာမြို့တွင်းပတ်ဗိုလ်ချုပ်လမ်းခရီးတွင် မေ ၂၅ ရက်မှစ၍ပြောင်းလဲ ပြေးဆွဲရာ မြို့တွင်းပတ်ယာဉ်လိုင်း သုံးလိုင်းတွင် ကားအစီးရေအနည်းဆုံး ဖြစ်နေသည်။

မေ ၂၆ ရက် မွန်းလွဲတစ်နာရီဝန်းကျင်အချိန်တွင် ယာဉ်ကြီးအသစ်အစီးရေ ၃၀ ဖြင့် ပြေးဆွဲသော ဗိုလ်ချုပ်လမ်းသွား ကုန်သည်လမ်းနှင့်ကမ်းနားလမ်းတို့မှ ပြန်သော မြို့တွင်းပတ်ယာဉ်ခရီးစဉ်တစ်ကြောင်းတွင်မှတ်တိုင် ၁၈ တိုင် မီးပွိုင့် ၂၀ ဝန်းကျင်ရှိပြီး ဗိုလ်ချုပ်လမ်းမပေါ်၌ ဆေးရုံကြီး မှတ်တိုင်မှပန်းဆိုးတန်းမှတ်တိုင်တို့အကြား နေ့စဉ်ယာဉ်ပိတ်ဆို့မှုများအချိန် အတန်ကြာကြာမြင့်တက်လျက်ရှိသည်။

ဗိုလ်ချုပ်လမ်းသွား မြို့တွင်းပတ်ယာဉ်လိုင်းတွင် ဂိတ်ရင်းသခင်မြပန်းခြံ၌ ယာဉ်စီးရေနည်းပြီး တစ်စီးနဲ့တစ်စီးကြား ဂိတ်လွှတ်ချိန်ကွာခြားသဖြင့် ခရီးစဉ်လမ်းကြောင်းပေါ်ရှိ ခရီးသည် စုပြုံနေတတ်ကြောင်း လိုင်းကားစီးသူများက ပြောသည်။

ကားခနှုန်းထား ခရီးတိုတစ်ဖြတ်ကျပ် ၁၀၀ ကို လေအေးပေးစက်မပါသောယာဉ်လိုင်းအများစုတွင် စီးနင်းနိုင်ခြင်း မရှိသေးသော်လည်း ကားခ တိုးမြှင့်ယူခြင်းများကိုမူ စတင်မြင်တွေ့ရသည်။ စံပြရုပ်ရှင်ရုံမှတ်တိုင် (ဘုန်းကြီးလမ်း)အထိ ပြေးဆွဲနေသည့် ထောက်ကြန့်မှလာသော BRT lite ယာဉ်အဝါများသည် ယခင်ကားခ ပုံသေကျပ် ၃၀၀ မှ ယခုစနစ်သစ်တွင်ကားခကျပ် ၂၀၀ သာပေးရသည်။ ယခုဖြစ်စဉ်ကြောင့် ကားခပြန်လည်တိုးလာမည်ကိုပူပန်ခြင်းဖြစ်ရကြောင်း စော်ဘွားကြီးကုန်းမှလမ်းမတော်သို့အလုပ်လာဆင်းသူ ဦးမြင့်ဆွေက ပြောသည်။

**(မောင်စေအောင်)**

# ပထမတန်းသင်ရိုးသစ်နှင့် ကျောင်းသုံးစာအုပ်အသစ်များ ယခုနှစ်စာသင်နှစ်တွင် စတင်သင်ကြားမည်

**ရန်ကုန် မေ ၂၆**

ပညာရေးဝန်ကြီးဌာနအနေဖြင့် အခြေခံပညာမူလတန်း သင်ရိုးညွှန်းတမ်း ပြုပြင်ပြောင်းလဲရေးကို ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ (JICA)၏ ပူးပေါင်းကူညီမှုဖြင့် လုပ်ဆောင်ခဲ့ရာ ပထမတန်းသင်ရိုးသစ်နှင့် ကျောင်းသုံးစာအုပ်အသစ်များကို ယခုပညာသင်နှစ် (၂၀၁၇ ခုနှစ် ဇွန် ၁ ရက်)တွင် စတင်သင်ကြားနိုင်မည်ဖြစ်ကြောင်း ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA)မှ သိရသည်။

အဆိုပါ ပထမတန်းသင်ရိုးသစ်နှင့် ကျောင်းသုံးစာအုပ်အသစ်များကို ယခုပညာသင်နှစ်တွင် မြန်မာတစ်နိုင်ငံလုံးရှိ ပထမတန်း ကျောင်းသား ကျောင်းသူ ခန့်မှန်းခြေစုစုပေါင်း ၁ ဒသမ ၃ သန်းခန့် စတင်သင်ကြားနိုင်မည်ဟု သိရသည်။

ပညာရေးဝန်ကြီးဌာန၏ ကျောင်းသုံးစာအုပ်အသစ်များ ပြုစုရေးဆွဲခြင်းနှင့် သင်ရိုးသစ်မိတ်ဆက်ခြင်းများကို ၂၀၁၄ ခုနှစ် မေလမှစတင်၍ ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA)၏ အထောက်အပံ့ဖြင့် ဖွဲ့စည်းထားသော အခြေခံပညာမူလတန်းအဆင့် သင်ရိုးညွှန်းတမ်း ပြုပြင်ပြောင်းလဲရေး စီမံချက် (CREATE)မှ နည်းပညာပိုင်းဆိုင်ရာ ပူးပေါင်းကူညီလျက်ရှိကြောင်း သိရသည်။

သင်ရိုးသစ်နှင့် ဆရာလမ်းညွှန်စာအုပ်များကို ပညာရေးဝန်ကြီးဌာနမှ တာဝန်ပေးအပ်ထားသော သင်ရိုးညွှန်းတမ်းရေးဆွဲရေးအဖွဲ့မှ ဂျပန်ကျွမ်းကျင်ပညာရှင် ၄၀ နှင့် မြန်မာပညာရှင် ၆၀ တို့ ပူးပေါင်းပြုစုရေးဆွဲထားပြီး အမျိုးသားပညာရေးမူဝါဒကော်မရှင်က ဖွဲ့စည်းထားသည့် အမျိုးသားသင်ရိုးညွှန်းတမ်းကော်မတီထံမှ မကြာမီကပင် ခွင့်ပြုချက်ရရှိထားပြီးဖြစ်ကြောင်း သိရသည်။



မူလတန်းသင်ရိုးညွှန်းတမ်းသစ်သည် ဘာသာရပ်ကိုးခု(သင်ယူမှုနယ်ပယ် ၁၀ ခု) ဖြစ်သော မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ သိပ္ပံ၊ လူမှုရေး၊ ဘဝတွက်တာကျွမ်းကျင်စရာ၊ စာရိတ္တနှင့် ပြည်သူ့နီတိ၊ ကာယပညာ၊ အနုပညာ (ဂီတနှင့် ပန်းချီ) တို့ဖြင့် ပါဝင်ဖွဲ့စည်းထားပြီး ဒေသဆိုင်ရာ သင်ရိုးများကို သက်ဆိုင်ရာ ပြည်နယ်၊ တိုင်းဒေသကြီးမှ ရေးဆွဲသွားမည်ဖြစ်သည်။

သင်ရိုးသစ်သည် နှစ်ပေါင်း ၂၀ ကျော်ကြာပြီးနောက် ပထမဦးဆုံးအကြိမ် ပြုပြင်ပြောင်းလဲခြင်းဖြစ်ပြီး ကျောင်းသားကျောင်းသူများ သင်ယူရာတွင် ပိုမိုစိတ်ဝင်စားတက်ကြွစေရန်နှင့် ပျော်ရွှင်သောဘဝကို ဦးဆောင်နိုင်ရန်နှင့် နိုင်ငံတော်တိုးတက်စေရန်အတွက် လိုအပ်သော အသိပညာများ၊ အတတ်ပညာများနှင့် တန်ဖိုးထားတတ်မှုများရရှိစေရန် ရည်ရွယ်ကြောင်း သိရသည်။

သင်ရိုးသစ်၏ ကျောင်းသုံးစာအုပ်များသည် ကျောင်းသား ကျောင်းသူများ၏ လက်တွေ့ဘဝနှင့် ဆက်နွယ်မှုရှိပြီး ပျော်ရွှင်စွာ သင်ကြားနိုင်စေရန် ရောင်စုံရုပ်ပုံများ ထည့်သွင်းရေးဆွဲထားသည့်အပြင် ကလေးဗဟိုပြု နည်းလမ်းဖြင့် ဆရာ ဆရာမများ ထိရောက်စွာ သင်ကြားပေးနိုင်ရေးအတွက်လည်း အသေးစိတ်လမ်းညွှန်စာအုပ်များကို ဘာသာရပ်တိုင်းအတွက် ပြုစုထားပြီးဖြစ်ကြောင်း သိရသည်။

ယင်းသို့ သင်ရိုးသစ်နှင့် ကျောင်းသုံးစာအုပ်အသစ်များ ပြုပြင်ရေးဆွဲခြင်းအားဖြင့် နိုင်ငံတစ်ဝန်းရှိ မူလတန်းပညာရေးအဆင့်မြှင့်တင်ပေးနိုင်ရန်နှင့် နိုင်ငံတော်တည်ဆောက်ရာတွင် အရေးပါသော လူ့စွမ်းအားအရင်းအမြစ်များအား မွေးထုတ်ပေးနိုင်ရန် မျှော်လင့်ထားကြောင်း ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA)မှ သိရသည်။ **(ဆုနှင်းလဲ့)**

## စာပို့ခနှုန်းထားများ ပြောင်းလဲကောက်ခံသွားမည်

**နေပြည်တော် မေ ၂၆**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့စာတိုက်လုပ်ငန်းအနေဖြင့် ပြည်သူများ အဆင်ပြေချောမွေ့စွာ ဆက်သွယ်နိုင်ရန်အတွက် အစဉ်တစိုက် ကြိုးပမ်း၍ ခေတ်မီနည်းစနစ်များဖြင့် ဝန်ဆောင်မှုပေးလျက်ရှိပြီး လက်ရှိကျင့်သုံးနေသည့် ဈေးကွက်စီးပွားရေးစနစ်နှင့် လိုက်လျောညီထွေဖြစ်စေရန်အတွက် စာပို့ခနှုန်းထားများအား ၂၀၁၇ ခုနှစ် မေ ၂၅ ရက်မှ စတင်ပြောင်းလဲကောက်ခံသွားမည်ဖြစ်ကြောင်း သိရသည်။

ပြောင်းလဲကောက်ခံမည့် နှုန်းထားများမှာ ပြည်တွင်း ရိုးရိုးစာ တစ်စောင်အတွက် အခြေခံ စာပို့ခကို ယခင်ငွေကျပ် ၁၀၀ အစား ငွေကျပ် ၂၀၀၊ ပြည်တွင်း မှတ်ပုံတင်စာတစ်စောင်အတွက် အခြေခံစာပို့ခကို ယခင် ငွေကျပ် ၂၀၀ အစား ငွေကျပ် ၅၀၀၊ ပြည်ပရိုးရိုးစာ တစ်စောင်အတွက် အခြေခံစာပို့ခကို ယခင်ငွေကျပ် ၅၀၀ အစား ငွေကျပ် ၁၀၀၀၊ ပြည်ပမှတ်ပုံတင် စာတစ်စောင်အတွက် အခြေခံစာပို့ခကို ယခင်ငွေကျပ် ၁၂၀၀ အစား ငွေကျပ် ၂၅၀၀ သို့ ကောက်ခံသွားမည်ဖြစ်ကြောင်း ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနမှ သိရသည်။

**(သတင်းစဉ်)**

**စာအုပ်စာပေ လူ့မိတ်ဆွေ**



## ဒဂုံမြို့မ ကျောင်းသား ကျောင်းသူများကို ကျောင်းပြင်ပချိန် စာဆက်သင်ကြားပေးမည်

**ရန်ကုန် မေ ၂၆**

မြို့မကျောင်းသား ကျောင်းသူဟောင်း အသင်းကကြီးမှူး၍ အထက(၂) ဒဂုံ (မြို့မကျောင်း)နှင့် အထက(၃) ဒဂုံ (မြို့မကျောင်း)တို့တွင် တက်ရောက်နေသော ကျောင်းသား ကျောင်းသူများ အတွက် ဖွင့်လှစ်သည့် နွေရာသီ အင်္ဂလိပ်စာနှင့် သင်္ချာဘာသာရပ် ကျွမ်းကျင်မှု အထောက်အကူပြု သင်တန်းဆင်းပွဲ အခမ်းအနားကို မေ ၂၄ ရက် နံနက်ပိုင်းက ရန်ကုန်မြို့ရှိ အဆိုပါအသင်းရုံးခန်းမ၌ ကျင်းပသည်။

"သင်တန်းက အရင်နှစ်က ရှစ်တန်းဖြေထားတဲ့ ကလေးနဲ့ ကိုးတန်းဖြေထားတဲ့ ကလေးတွေကို သင်ကြားပေးခဲ့ပါတယ်။ ဒီနှစ်ကျောင်းဖွင့်ချိန်မှာလည်း ကိုးတန်းနဲ့ ဆယ်တန်းကလေးတွေကို ကျောင်းပြင်ပအချိန်မှာ အခမဲ့ သင်ပေးသွားမှာပါ။ ကျွန်တော်တို့အသင်းရဲ့မူက မြို့မကျောင်းရဲ့ ပညာရေးကို အားပေးဖို့ ဖြစ်ပါတယ်။ ဆက်လက်ဖွင့်မယ့် သင်တန်းတွေကိုလည်း ထောက်ပံ့သွားဖို့ရှိပါတယ်" ဟု မြို့မကျောင်းသား ကျောင်းသူဟောင်းအသင်း ဒုတိယ ဥက္ကဋ္ဌ(၄) ဦးတိုးမြင့်က ပြောသည်။

အဆိုပါ ကျောင်းပြင်ပစာသင်ချိန်ကို တစ်ရက်တစ်ဘာသာနှုန်းဖြင့် တနင်္လာနေ့မှ သောကြာနေ့အထိ နှစ်နာရီမှ လေးနာရီအထိ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

"ဘာသာစုံသင်သွားမှာပါ။ အချိန်ဇယားလည်း ဆွဲပြီးသွားပြီ။ အချိန်ကတော့ ကျောင်းဆင်းချိန်ဖြစ်ပါတယ်။ တစ်နှစ်စာလုံး တာဝန်ယူသင်ကြားပေးမှာပါ။ မိဘတွေကိုလည်း ခေါ်ပြောပြီးသွားပြီ။ ကျူရှင်ဖိုးကုန်မယ့်ငွေကို ဒီကလေးအတွက် တခြားအသက်မွေးဝမ်းကျောင်းတစ်ခုကို သင်ပေးလို့ရတာပေါ့"ဟု အထက(၂) ဒဂုံ(မြို့မကျောင်း) ကျောင်းအုပ်ကြီး ဦးစိုင်းကိုလေးက ပြောသည်။

အခမ်းအနားသို့ မြို့မကျောင်းသား ကျောင်းသူဟောင်းအသင်း ဒုတိယ ဥက္ကဋ္ဌ(၄) နှင့် တာဝန်ရှိသူများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများတက်ရောက်ခဲ့ကြပြီး ကျောင်းသား ကျောင်းသူများက အသင်းဝင်ဖောင်များ ဖြည့်ခဲ့ကြကြောင်း သိရသည်။

**(ဇာနည်မောင်)**

## သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ်ခြင်းဆိုင်ရာ လက်တွေ့ဆောင်ရွက်

**နေပြည်တော် မေ ၂၆**

သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ်ခြင်းဆိုင်ရာ လက်တွေ့ကွင်းဆင်း ဆောင်ရွက်ပေးခြင်းအနေဖြင့် ဇမ္ဗူသီရိမြို့နယ်အတွင်းရှိ ဂုံမင်းအင်းကျေးရွာ၌ မေ ၂၄ ရက်က ကျေးရွာဆယ်မာအူးလ်အွန်ဒုံးစီမံကိန်းမှ အဖွဲ့ဝင်များနှင့် ကျေးရွာနေပြည်သူများက ကျေးရွာလမ်းထိပ်လမ်းမကြီးဘေးဝဲ၊ ယာများ၌လည်းကောင်း၊ ရွာပတ်လမ်းအရှေ့ဘက်နှင့် အနောက်ဘက်တို့၌လည်းကောင်း သစ်ပင်ချုံနွယ်များနှင့် စွန့်ပစ်အမှိုက်များကို လိုက်လံကောက်ယူမီးရှို့ဖျက်ဆီးခဲ့ကြကြောင်း သိရသည်။

"ကျေးရွာသန့်ရှင်းသာယာလှပအောင် အားလုံးဝိုင်းဝန်းဆောင်ရွက်ရမှာပါ။ အမှိုက်မပစ်ရဆိုင်းဘုတ်လည်း ကပ်ပေးထားတယ်။ ဒီနှစ်အတွက် ကျေးရွာနဲ့ကျေးရွာနေပြည်သူတွေ စွမ်းဆောင်ရည်မြှင့်တင်ရေးကဏ္ဍအနေနဲ့ ဟောပြောပွဲတွေအပြင် လေ့လာရေးခရီးတွေ ပို့ဆောင်ပေးပါတယ်"ဟု ဆယ်မာအူးလ်အွန်ဒုံးစီမံကိန်းအဖွဲ့ဝင်တစ်ဦးက ပြောသည်။

ကျေးရွာပတ်ဝန်းကျင်သာယာလှပစေရန် ထိန်းသိမ်းဆောင်ရွက်ခြင်းသည် လူနေမှုပတ်ဝန်းကျင်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံလှုပ်ရှားမှုပင်ဖြစ်သည်။ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ်ခြင်း၊ အမှိုက်များအား အမျိုးအစားခွဲ၍ စွန့်ပစ်ခြင်း၊ စွန့်ပစ်ရမည့်နည်းလမ်းများနှင့်ပတ်သက်ပြီး နားလည်အောင်ပြုလုပ်၍ လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်ရမည်ဖြစ်သည်။

အဆိုပါ ဆယ်မာအူးလ်အွန်ဒုံးစီမံကိန်းထဲမှ ကျေးရွာတစ်ရွာလျှင် ကျပ်သိန်း ၂၇၀ ကျော်စီချထားပေးပြီး လူနေမှုပတ်ဝန်းကျင် ဖွံ့ဖြိုးတိုးတက်ရေးတွင် ၄၅ ရာခိုင်နှုန်း၊ ဝင်ငွေတိုးတက်ရရှိရေးတွင် ၅၀ ရာခိုင်နှုန်းနှင့် စွမ်းဆောင်ရည်မြှင့်တင်ရေးတွင် ငါးရာခိုင်နှုန်း အသီးသီးခွဲဝေအသုံးပြုနိုင်ကြောင်း၊ လုပ်ငန်းများဆောင်ရွက်ရာတွင်လည်း ကဏ္ဍတစ်ခုချင်းစီတွင် ကြီးကြပ်ရေးမှူးများဖြင့် အဆင့်ဆင့်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ တစ်နှစ်အတွင်းလုပ်ငန်းဆောင်ရွက်ချက်များအပေါ် အဆင့်သတ်မှတ်ပေးပြီး အပိုဆုငွေများကို ချီးမြှင့်ပေးလျက်ရှိကြောင်း သိရသည်။**(သန့်မောင်)**



# ဘူးသီးတောင်မြို့နယ်၌ အကြမ်းဖက်သင်တန်းတက်ရောက်ရန် စည်းရုံးပို့ဆောင်ပေးသူနှင့် မောင်တောမြို့နယ်တွင် ညမထွက်ရအမိန့်ဖောက်ဖျက်သူအား အရေးယူ

**နေပြည်တော် မေ ၂၆**
ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့နယ်၌ အကြမ်းဖက်သင်တန်းတက်ရောက်ရန် စည်းရုံးပို့ဆောင်ပေးသူ တစ်ဦးနှင့် မောင်တောမြို့နယ်၌ ညမထွက်ရအမိန့်ကျူးလွန်ဖောက်ဖျက်သူတစ်ဦးအား အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဘူးသီးတောင်မြို့နယ် ဖိုးခေါင်ချောင်းအုပ်စု ကန်တက်ရွာနေ မော်လဝီဆရာ မာမတ်ဟာဆောင်းသည် အကြမ်းဖက်သင်တန်းတက်ရောက်ခဲ့ပြီး ကျေးရွာရှိ လူငယ်များအား စည်းရုံးပို့ဆောင်နေကြောင်း သတင်းအရ ယမန်နေ့ ညနေ ၅ နာရီတွင် နယ်မြေလုံခြုံရေး ပူးပေါင်းအဖွဲ့က ၎င်း၏နေအိမ်တွင်ဖမ်းဆီးရမိခဲ့ပြီး စစ်ဆေးမှုများဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထို့အပြင် မောင်တောမြို့နယ် နယ်မြေလုံခြုံရေးတပ်ဖွဲ့ဝင်များသည် မေ ၂၄ ရက် ည ၉ နာရီ မိနစ် ၄၀ တွင် လှည့်ကင်းဆောင်ရွက်နေစဉ် ဂုံးနားကျေးရွာနေ အာနိစ္စအူလာ (ခ) တင်မောင်ဝင်းသည် ပြင်ဖြူကျေးရွာဘက်မှ မောင်တောမြို့ဘက်သို့ ဆိုင်ကယ်မောင်းနှင်လာသည်ကို စစ်ဆေးတွေ့ရှိရသဖြင့် ထုတ်ပြန်ထားသည့် ပုဒ်မ ၁၄၄ အား ကျူးလွန်ဖောက်ဖျက်မှုဖြင့် အရေးယူထားကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# မောင်တောမြို့နယ်၌ ဝမ်းပိုက်အတွင်း စိတ်ကြွဆေးပြားများ မျိုချသယ်ဆောင်လာသူတစ်ဦးအား ဖမ်းဆီးရမိ

**နေပြည်တော် မေ ၂၆**
ရခိုင်ပြည်နယ် မောင်တောမြို့နယ် မောင်တော-ကြိမ်ချောင်း ကားလမ်း၌ နယ်မြေလုံခြုံရေး တပ်ဖွဲ့ဝင်များသည် ယမန်နေ့နံနက်ပိုင်းက သတင်းအရ ရှာဖွေစစ်ဆေးရာမှ ဝမ်းပိုက်အတွင်း စိတ်ကြွဆေးပြားများ မျိုချသယ်ဆောင်လာသူတစ်ဦးအား ဖမ်းဆီးရမိခဲ့ကြောင်းသိရသည်။

မောင်တော-ကြိမ်ချောင်း ကားလမ်း၌ နယ်မြေလုံခြုံရေး တပ်ဖွဲ့ဝင်များသည် ယမန်နေ့ နံနက် ၇ နာရီခွဲခန့်က ဆိုင်ကယ်တစ်စီးအား ရပ်တန့်စစ်ဆေးစဉ် မောင်းနှင်လာသူမှာ ကြိမ်ချောင်းဘက်သို့ မောင်းနှင်ထွက်ပြေးသွားသဖြင့် ဆိုင်ကယ်နောက်မှလိုက်ပါလာသည့် ကျန်ရစ်သူအား စစ်ဆေးမေးမြန်းရာ ၎င်းမှာ ရေမျက်တောင်ကျေးရွာနေ ရာဟာမာအုလ္လာဖြစ်ပြီး မောင်းနှင်ထွက်ပြေးသွားသူမှာ တစ်ရွာတည်းနေ ဆီရာဇူလ်အီစ္စလာမ် ဖြစ်ကြောင်း၊ ၎င်းတို့နှစ်ဦးသည် ရေမျက်တောင်ကျေးရွာမှ ထွက်ခွာလာပြီး ဇင်ပိုင်ညာကျေးရွာအနီး ဓနိတောနေရာသို့အရောက်တွင် ဆီရာဇူလ်အီစ္စလာမ်က ပလတ်စတစ်ဖြင့် ထုပ်ထားသော ပိန္နဲစေ့အရွယ်ရှိ အထုပ် ၃၀ ခန့်ကို ဝမ်းဗိုက်ထဲမျိုချ၍ သယ်ဆောင်ပေးပါက ငွေကျပ် ၅၀၀၀၀ ပေးမည်ဖြစ်ကြောင်း ပြောကြား၍ အထုပ် ၃၀ ကို ဝမ်းဗိုက်အတွင်းသို့ မျိုချသယ်ဆောင်လာခဲ့ခြင်းဖြစ်ကြောင်း ပြောကြားသည်။

အထုပ်များကို မျိုချသယ်ဆောင်လာသူ ရာဟာမာအုလ္လာထံမှ WY/ R စာတန်းပါ စိတ်ကြွဆေးပြား ၄၈ ပြားပါ အထုပ် ၃၀ စုစုပေါင်းဆေးပြား ၁၄၄၀ (ခန့်မှန်းကာလ တန်ဖိုးငွေကျပ် ၂၉ သိန်းခန့်)ကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**



# ငွေဒင်္ဂါးပြားအတုများလာရောက်လိမ်လည်ရောင်းချသောအဖွဲ့အား ဖမ်းဆီး

**ကျောက်တံခါး မေ ၂၆**
ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့မရဲစခန်းအပိုင် ဟာရီးကျေးရွာအုပ်စု သူဌေးကုန်းကျေးရွာနေ ဦးပါရာကပ်၏နေအိမ်၌ မေ ၂၅ရက် ည ၇နာရီခန့်တွင် ငွေဒင်္ဂါးပြားများ လာရောက်ရောင်းချနေကြောင်းသတင်းအရ ရဲအုပ်ကျော်သူထက် ဦးဆောင်သော တပ်ဖွဲ့ဝင်များသည်သက်သေများနှင့်အတူ သွားရောက်စစ်ဆေးခဲ့ရာ ဗင်ဇင်ရိုး(၄၀)နှစ်၊ အာကိုစတီနို (၂၀) နှစ်၊ ဇိုဝါနီ (၃၂)နှစ်၊ တိုဘီယ (၃၇)နှစ် လှိုင်ကော်မြို့နယ်နေသူတို့နှင့် ၎င်းတို့၏ ကျောပိုးအိတ်အတွင်းမှ ငွေဒင်္ဂါးပြား ၇၅၀၊ ငွေဒင်္ဂါးပြား ၄၀နှင့် ငွေဒင်္ဂါး ၁၀ ပြားတိုကို ရှာဖွေတွေ့ရှိခဲ့သည်။ ဆက်လက်စစ်ဆေးခဲ့ရာ ငွေဒင်္ဂါးပြားများမှာ ကြေးပြားပေါ်တွင်တံဆိပ်အမှတ်အသားအတုများ ရိုက်နှိပ်ထားကာ ငွေရည်စိမ်၍ လိမ်လည်ရောင်းချခြင်းဖြစ်ကြောင်းထွက်ဆိုခဲ့သဖြင့် ၎င်းတို့လေးဦးအား ကျောက်တံခါးမြို့မရဲစခန်းက (ပ)၃၆၄/၂၀၁၇ ရာဇသတ်ကြီး ပုဒ်မ၄၆၈/၄၂၀/၁၁၄ ဖြင့် စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဖြိုးကိုလင်း(ညောင်ဝိုင်း)**

# ရေပူနှင့် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းများတွင် တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးဆောင်ရွက်လျက်ရှိ

**နေပြည်တော် မေ ၂၆**
တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် မတ် ၁ ရက်တွင်ဖွင့်လှစ်ဆောင်ရွက်လျက်ရှိရာ မေ ၂၅ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၅၁၂ စီး၊ သွင်းကုန် ၅၈၈ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၄၈ စီး၊ သွင်းကုန် ၁၈၉ စီးဖြင့် ကုန်စည်များသယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ မေ ၂၅ ရက်တွင် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု ၁၀ မှု(ခန့်မှန်းတန်ဖိုးကျပ် ၄၂ ဒသမ ၁၆၃ သန်းခန့်)ကို သိမ်းဆည်းရမိခဲ့ပြီး ထူးခြားသိမ်းဆည်းမှုနေဖြင့် မေ ၂၅ ရက်တွင် မြဝတီမှ ရန်ကုန်သို့သွားရောက်မည့် Toyota Crown,Toyota Alphard နှင့် Toyota Land Cruiser Prado ယာဉ်တို့ကို မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့ကတားဆီးစစ်ဆေးခဲ့ရာ တရားဝင်စာရွက်စာတမ်းအထောက်အထားတစ်စုံတစ်ရာတင်ပြနိုင်ခြင်းမရှိသဖြင့် အဆိုပါ ယာဉ်သုံးစီး (စုစုပေါင်းခန့်မှန်း တန်ဖိုးကျပ် ၁၁ ဒသမ ၅ သန်း)ကို တွေ့ရှိ၍ သိမ်းဆည်းခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



# အဆင့်မြင့်ဆက်သွယ်ရေး HYT စက်များအသုံးပြု၍ ပြစ်မှုကျူးလွန်သူများအား အချိန်တိုအတွင်း ဖမ်းဆီးအရေးယူလျက်ရှိ



**မန္တလေး မေ ၂၆**
မန္တလေးခရိုင် ခုနစ်မြို့နယ်အတွင်း အဆင့်မြင့်ဆက်သွယ်ရေး HYT စက်များကို အသုံးပြု၍ ပြစ်မှုကျူးလွန်သူများကို အချိန်တိုအတွင်း ဖမ်းဆီးအရေးယူနေမှုနှင့်ပတ်သက်၍ အမှတ်(၄)နယ်မြေရဲစခန်းမှ ရဲအုပ်မြတ်ကျော်သူက " ဒီဆက်သွယ်ရေးစက်က စခန်းတစ်ခုနဲ့ တစ်ခုကို အလျင်အမြန်ချိတ်ဆက်နိုင်ပြီး မန္တလေးခရိုင်တစ်ခုလုံးကို တစ်ပြိုင်နက်တည်း ညွှန်ကြားမှုပေးနိုင်တဲ့အတွက် တစ်နေရာမှာ တစ်စုံတစ်ခုဖြစ်ပြီ ဆိုတာနဲ့ ပြစ်မှုကျူးလွန်သူရဲ့ ပုံသဏ္ဍာန်၊ ဆိုင်ကယ်အမျိုးအစားကို သိတာနဲ့ အနီးစပ်ဆုံးစခန်းတွေနဲ့ လှည့်ကင်းတွေက အချိန်တိုအတွင်းမှာပဲ အရေးယူဆောင်ရွက်နိုင်ခဲ့တာ အခုဆို လေး၊ ငါး၊ ခြောက်မှု ရှိပါပြီ"ဟု ပြောသည်။

"အရင်အသုံးပြုတဲ့ သာမန်လက်ကိုင်စက်တွေက ပုသိမ်ကြီးကနေ အမရပူရကို ဆက်သွယ်ချင်ရင် ဆက်သွယ်လို့မရဘူး။ လိုင်းမမိတာတွေ၊ လိုင်းကျပ်တာတွေဖြစ်တယ်။ အခုဒီစက်က လုံခြုံရေးစနစ်တွေလည်းပါတယ်။ တစ်ပြိုင်နက်တည်း မန္တလေးတစ်ခရိုင်လုံးကို ချက်ချင်းဆက်သွယ်လို့ရတယ်။ တပ်ဖွဲ့ဝင်တစ်ယောက် က ဒီစက်ကို အသုံးပြုပြောဆိုဆက်သွယ်လိုက်တာနဲ့ စက်ကိုင်တဲ့သူအားလုံးက သိရှိပါတယ်"ဟု ၎င်းက ဆက်လက်ပြောကြားသည်။

ယခုအခါ ယင်းဆက်သွယ်ရေးစက်များကို စခန်းမှူး၊ မြို့နယ်မှူးအပြင် နယ်ထိန်းခေါင်းဆောင်များ၊ လှည့်ကင်းဆောင်ရွက်နေသော အဖွဲ့ခေါင်းဆောင်များအတွက် အလုံး ၁၀၀ ခန့် သုံးစွဲလျက်ရှိသည်။

မန္တလေးတိုင်းဒေသကြီးအတွင်း မှုခင်းကြိုတင်ကာကွယ်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် အသုံးပြုရန် မေ ၂၃ ရက်က လှူဒါန်းထားသော လှည့်ကင်းဆိုင်ကယ်များသည် အဆင့်မြင့်အင်ဂျင်အချက်ပြမီးများ၊ ဆက်သွယ်ရေးစနစ်များအပြင် အရေးတကြီးပြောဆိုနိုင်မည့် မိုက်ကရိုဖုန်းများ၊ ဟွန်းများ ပါဝင်ကာ လက်ရှိတွင် နယ်မြေရဲစခန်းအသီးသီး၌ တစ်စီးနှုန်းဖြင့် အသုံးပြုဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(ကြေးမုံ)**




## အက်ဖ်အေဖလားဖိုလ်လုပွဲစဉ်အတွက် အထူးထုတ်လုပ်ထားသည့် အနီ-အပြာအလံနှင့်ပတ်သက်ပြီး ပရိသတ်အများစု စိတ်ဆိုးဒေါသထွက်နေ

အက်ဖ်အေဖလားဖိုလ်လုပွဲစဉ်အတွင်း ပရိသတ်များကိုင်ဆောင်အားပေးရန် ထုတ်လုပ်ထားသည့် အနီတစ်ဝက်-အပြာတစ်ဝက် အလံနှင့်ပတ်သက်ပြီး အာဆင်နယ်နှင့် ချယ်လ်ဆီးပရိသတ်များက ဒေါသထွက်နေကြောင်း သိရသည်။ အဆိုပါအလံအကြောင်းကို အီးဗနင်းစတန်းဒတ်စာစောင်မှ သတင်းစာဆရာ ဂျိမ်းစ်အော်လီက စနေနေ့ကစားမည့် အက်ဖ်အေဖလားဖိုလ်လုပွဲတွင် လာရောက်အားပေးသည့်ပရိသတ်များ ကိုင်ဆောင်အားပေးရန် အဆိုပါဒီဇိုင်းသစ်အလံကို အက်ဖ်အေက ပေးလိမ့်မည်ဖြစ်ကြောင်း တွစ်တာစာမျက်နှာပေါ်တွင် စတင်တင်ခဲ့ခြင်းဖြစ်သည်။ ယင်းနောက် ပရိသတ်များက “ အဓိပ္ပာယ်မရှိသော လုပ်ရပ်” “ ရူးမိုက်သော လုပ်ရပ်” ဟူသော ဝေဖန်မှုများကိုသာ ရေးသားပြီး ကိုယ်အားပေးသော အသင်းအလံကိုသာ ကိုင်ဆောင်အားပေးခြင်းကသာ ပရိသတ်များ ပျော်ရွှင်မှုရရှိစေမည်ဟူသော မှတ်ချက်များ တွစ်တာစာမျက်နှာထက်တွင် ပလူပျံနေခဲ့သည်။

အာဆင်နယ်အသင်း ကိုယ်စားပြုအနီရောင်တစ်ဝက်၊ ချယ်လ်ဆီးအသင်း အမှတ်သင်္ကေတ အပြာရောင်တစ်ဝက်တို့အလယ်တွင် အက်ဖ်အေဖလားကြီးကို ထားသည့်အလံကို ကိုင်ဆောင်အားပေးရန် အက်ဖ်အေက စီစဉ်ထားခြင်းဖြစ်သည်။ အက်ဖ်အေ(အင်္ဂလန်ဘောလုံးအဖွဲ့ချုပ်)သည် နှစ်ဖက်ပရိသတ်များအတွက် ညီတူမျှတူ အားပေးနိုင်ရန် အဆိုပါအလံကို ဖန်တီးခဲ့ခြင်းဖြစ်သော်လည်း ပရိသတ်အများစုက မကျေနပ်ဘဲ ဒေါသထွက်နေခြင်းဖြစ်သည်။ ယင်းကိစ္စရပ်ကို အက်ဖ်အေက မကြေညာသေးမီမှာပင် သတင်းစာဆရာ ဂျိမ်းစ်က သူ၏ တွစ်တာစာမျက်နှာပေါ်မှတစ်ဆင့် ပရိသတ်များကို သတင်းဦးအဖြစ် အသိပေးခဲ့ရာ ပရိသတ်အများစုက ကြိုဆိုမှုမရှိခဲ့ကြသည်ကို ရေးသားသော မှတ်ချက်များကိုကြည့်ကာ အဖြေထုတ်နိုင်မည်ဖြစ်သည်။

## လာမည့်နွေဈေးကွက်အတွင်း ကစားသမားသုံးဦး အနည်းဆုံးခေါ်ယူရန် မန်ယူစီစဉ်ထား

**မန်ယူနည်းပြ မော်ရင်ဟိုက လာမည့်နွေဈေးကွက်အတွင်း ကစားသမားသစ် သုံးဦး(သို့မဟုတ်) လေးဦးကို ထပ်ခေါ်ရန် ဆန္ဒရှိနေပြီး သူအလိုရှိ ကစားသမားစာရင်းကို လွန်ခဲ့တဲ့ နှစ်လခွဲကာလကပင် မန်ယူဒုတိယအလုပ်အမှုဆောင်ချုပ် အက်ဝုဒ်ဝုဒ်သို့ ပေးခဲ့ပြီးဖြစ်သည်ဟု ဖွင့်ဟပြောကြားလိုက်သည်။ မော်ရင်ဟိုက လာမယ့်ရာသီ ပရီမီယာလိဂ်ဖလားကို စိန်ခေါ်နိုင်ရန်အတွက် တိုက်စစ်မှူးတစ်ဦးနှင့် ဗဟိုခံစစ်ကစားသမားတစ်ဦးကို မဖြစ်မနေအားဖြည့်ခေါ်ယူမည်ဖြစ်ပြီး အက်သလက်တီကိုတိုက်စစ်မှူး ဂရစ်ဇ်မန်းနှင့် ဘန်လေဗဟိုခံစစ်မှူး မိုက်ကယ်ကိန်းတို့မှာ အဆိုပါစာရင်း၏ ထိပ်ဆုံးနေရာတွင် ရှိနေသူများဖြစ်သည်။**



မော်ရင်ဟိုက “အက်ဝုဒ်ဝုဒ်မှာ ကျွန်တော့်စာရင်းရှိပြီးသားပါ”ဟု ယူရိုပါလိဂ်ဖိုလ်လုပွဲအပြီးတွင် ပြောကြားခဲ့သည်။ ဂရစ်ဇ်မန်းကိုခေါ်ယူလိုပါက မန်ယူအနေဖြင့် အက်သလက်နှင့် ဂရစ်ဇ်မန်းတို့ကြား ချုပ်ဆိုခဲ့သော

**မေလှဲ့သင်း ရေးသားသည်**

စာချုပ်ပါ အချက်အလက်အရ ယူရိုသန်း ၁၀၀ သုံးစွဲရမည်ဖြစ်သည်။ ဂရစ်ဇ်မန်း ကိုယ်တိုင်ကလည်း မန်ယူသို့ ပြောင်းရွှေ့ရန် ၆၀ ရာခိုင်နှုန်းလောက်ဖြစ်နေပြီဟု ပြင်သစ်ရုပ်သံ အစီအစဉ်တစ်ခုတွင် ပြောကြားခဲ့သေးသလို မန်ယူအသင်း၏ ချန်ပီယံလိဂ်ဝင်ခွင့်ရအနေအထားကြောင့် လာရောက်ပူးပေါင်းရန် အလားအလာကောင်းသွားပြီဖြစ်သည်။ ဂရစ်ဇ်မန်းကို ခေါ်ယူ၍ မရမှသာလျှင် တိုရီနိုတိုက်စစ်မှူး ဘာလော့တီကို ခေါ်ယူမည်ဖြစ်သည်။

ထို့ပြင် နောက်တန်းခံစစ်နေရာအတွက် ဘန်လေနောက်ခံလူ မိုက်ကယ်ကိန်းကို ပြန်လည်ခေါ်ယူရန် ကြိုးပမ်းသွားမည်ဖြစ်သည်။ ကိန်းသည် ၂၀၁၅ ခုနှစ်တွင် မန်ယူမှ ဘန်လေသို့ ပြောင်းရွှေ့သွားသူဖြစ်ပြီး နည်းပြ ဗန်ဟားလ်၏ ရောင်းချမှုအတော်များများက မန်ယူအသင်းကို ထိခိုက်စေသည်ဟု မော်ရင်ဟိုက ယူဆသည်။ သို့သော် ဘန်လေမန်နေဂျာ စီယံဒိုင်ချီကမူ ဘဏ္ဍာငွေလိုအပ်မှု မရှိသဖြင့် မိုက်ကယ်ကိန်းကို ထုတ်ရောင်းမည်မဟုတ်ဟု တုံ့ပြန်ထားပြီးဖြစ်သည်။

မန်ယူအသင်းတွင် တိုက်စစ်မှူး အီဗရာဟီမိုဗစ်နှင့် ရိုဂျိုတို့နှစ်ဦး အကြီးစားဒဏ်ရာပြဿနာ ကြုံတွေ့နေရသလို ရှဝိန်းစတိုင်ဂါ၊ ဒီပိုင်း၊ ရှနိုက်ဒါလင်တို့လည်း အသင်းမှ ထွက်ခွာသွားကြပြီဖြစ်သည်။ မော်ရင်ဟိုသည် ဗန်ဟားလ်ခေါ်ယူထားတဲ့ ကစားသမားများထဲမှ ဒီပိုင်း၊ ရှနိုက်ဒါလင်၊ ရှဝိန်းစတိုင်ဂါတို့ကို ထုတ်ရောင်းခဲ့ပြီးဖြစ်သလို လုခ်ရှော၊ ဒါမီယန်တို့ကိုလည်း ထုတ်ရောင်းမည်ဟု သတင်းထွက်နေသည်။ မန်ယူအသင်းသည် ယူရိုပါလိဂ်ချန်ပီယံအဖြစ် ချန်ပီယံလိဂ်ဝင်ခွင့်ရမည်ဖြစ်သော်လည်း ယခုနှစ်ဘောလုံးရာသီတွင် အဆင့်(၆)နေရာသာ ရရှိခဲ့သဖြင့် မိုယက်စ်လက်ထက် အဆင့်(၇)နေရာဖြင့် ရာသီသိမ်းနိုင်ခဲ့ပြီးနောက် သုံးနှစ်အတွင်း အနိမ့်ဆုံးအဆင့်တစ်ရပ်ဖြင့် ရာသီသိမ်းနိုင်မှုလည်းဖြစ်သည်။

# ဝင်ဘလေက လန်ဒန်ဒါဘီပွဲမှာ ဘယ်သူအောင်ပွဲခံမလဲ

**၂၀၁၇ အက်ဖ်အေဖလား ဖိုလ်လုပွဲကိုတော့ လာမယ့် မေ ၂၇ ရက်မှာ ဝင်ဘလေကွင်းအတွင်း ကျင်းပသွားဖို့ရှိနေပါတယ်။ ဒီပွဲစဉ်မှာတော့ လန်ဒန်ဒါဘီပြိုင်ဘက်တွေဖြစ်တဲ့အပြင် အင်္ဂလန်ဘောလုံးလောကရဲ့အသင်းကြီးတွေလည်းဖြစ်တဲ့ အာဆင်နယ်နဲ့ချယ်လ်ဆီးတို့ ဆုံတွေ့နေတာကြောင့် အကြိတ်အနယ်ရှိနိုင်ကာ စိတ်ဝင်စားဖို့လည်း ကောင်းနေပါတယ်။**

**ရှိုင်းမင်းမင်း**

**အာဆင်နယ် - ချယ်လ်ဆီး ည ၁၁း၀၀ (၂၇-၅-၁၇)**

### အာဆင်နယ်ရဲ့ အစဉ်အလာ

အာဆင်နယ်ဟာ ဒီပြိုင်ပွဲမှာ အောင်မြင်မှုအစဉ်အလာကြီးမားတဲ့အသင်းတစ်သင်းဖြစ်ပါတယ်။ အာဆင်နယ်အနေနဲ့ ဒီပြိုင်ပွဲမှာ ချန်ပီယံဆုဖလားကို (၁၂)ကြိမ်တိတိ အရယူထားနိုင်ကာ ဒီပြိုင်ပွဲအတွင်း မန်ယူနဲ့အတူတူ အအောင်မြင်ဆုံးအသင်းအဖြစ် ရပ်တည်နေနိုင်ပါတယ်။ ဒါ့အပြင် အာဆင်နယ်ဟာ ဒီဆုဖလားကို ၂၀၁၅ ခုနှစ်က နောက်ဆုံးရရှိခဲ့တာဖြစ်သလို ဒီတစ်ကြိမ်မှာသာ အနိုင်ရဗိုလ်စွဲနိုင်ခဲ့မယ်ဆိုရင်တော့ ချန်ပီယံဆုဖလားကို (၁၃) ကြိမ်တိတိ အရယူနိုင်မှာဖြစ်ကာ မန်ယူထက် ချန်ပီယံဆုရရှိမှုမှာ တစ်ကြိမ်အသာရယူသွားနိုင်မှာဖြစ်ပြီး အက်ဖ်အေဖလားပြိုင်ပွဲရဲ့ အအောင်မြင်ဆုံးအသင်းအဖြစ် တစ်သင်းတည်း ရပ်တည်သွားနိုင်မှာ ဖြစ်ပါတယ်။ ဒါ့အပြင် အာဆင်နယ်ဟာ အက်ဖ်အေဖလားဖိုလ်လုပွဲတွေမှာ ၂၀၀၁ ခုနှစ်တုန်းက ချယ်လ်ဆီးနဲ့ဆုံတွေ့ခဲ့ရမှာလည်း အနိုင်ရဗိုလ်စွဲနိုင်ခဲ့သလို အာဆင်နယ်ဟာ အက်ဖ်အေဖလားပြိုင်ပွဲအတွင်း ချယ်လ်ဆီးနဲ့ (၁၉)ကြိမ် ဆုံတွေ့ရာမှာလည်း ရှစ်ကြိမ်အနိုင်ရကာ ငါးကြိမ်သာရှုံးပွဲကြုံခဲ့ဖူးတဲ့ အစဉ်အလာကောင်းကို ပိုင်ဆိုင်ထားပါတယ်။

### ချယ်လ်ဆီးရဲ့ အစဉ်အလာ

ချယ်လ်ဆီးကတော့ အက်ဖ်အေဖလားဆုံတွေ့မှုတွေမှာ အာဆင်နယ်ကို အသာမရခဲ့ပေမယ့်လည်း အက်အေဖလားပြိုင်ပွဲအတွင်းမှာတော့ အောင်မြင်မှုခုနစ်ကြိမ်တိုင်တိုင် ရယူထားနိုင်ခဲ့တဲ့အသင်းဖြစ်ပါတယ်။ ဒါ့အပြင် ချယ်လ်ဆီးဟာ အဆိုပါအက်အေဖလားကို ခုနစ်ကြိမ် ရယူနိုင်ခဲ့ရာမှာ အီတလီမန်နေဂျာတွေဖြစ်တဲ့ ဗီယာလီ၊ အန်စလော့တီ၊ ဒီမတ်တီယိုတို့နဲ့အတူ သုံးကြိမ်တိုင်တိုင်ရယူထားနိုင်ကာ ချယ်လ်ဆီးကို ကိုင်တွယ်ခဲ့တဲ့ အီတလီမန်နေဂျာတွေအနက် အက်အေဖလားကိုအရ မယူပေးနိုင်ခဲ့သူဆိုလို့ ရေနာတစ်ဦးသာရှိခဲ့တာကို တွေ့ရပါတယ်။ ဒါပေမယ့်လည်း ချယ်လ်ဆီးအနေနဲ့ အက်ဖ်အေဖလားဖိုလ်လုပွဲတွေမှာ လန်ဒန်ဒါဘီပြိုင်ဘက်တွေနဲ့ ရင်ဆိုင်ရချိန်တွေမှာတော့ ရလဒ်ကောင်းမွန်ခြင်းမရှိခဲ့ဘဲ အာဆင်နယ်ကိုရှုံးခဲ့ဖူးသလို စပါးကိုလည်း အက်ဖ်အေဖလားဖိုလ်လုပွဲမှာ အရေးနိမ့်ခဲ့ရဖူးတဲ့ အစဉ်အလာတွေလည်းရှိခဲ့တာကို တွေ့ရပါတယ်။

### အာဆင်နယ်၏ ခြေစွမ်း

ဒါပေမယ့်လည်း လက်ရှိအချိန်မှာ အာဆင်နယ်အနေနဲ့လည်း ခြေစွမ်းကောင်းတွေကို ပြန်လည်ရယူနိုင်နေတာကို တွေ့ရပါတယ်။ အထူးသဖြင့် အာဆင်နယ်ဟာ ၃-၄-၃ ကစားကွက်ကို ပြောင်းလဲအသုံးပြုခဲ့ပြီးတဲ့နောက်ပိုင်းမှာ ခြေစွမ်းပိုင်း တောက်လျှောက်ကောင်းမွန်ခဲ့သလို မန်ယူ၊ ဆောက်သမ်တန်၊ စတုတ်၊ ဆန်းဒါးလန်တို့ကို ဆက်တိုက်အနိုင်ရခဲ့ကာ တိုက်စစ်က ၁၀ ဂိုးအထိ သွင်းယူနိုင်ခဲ့ပြီး ခံစစ်ကလည်း တစ်ဂိုးသာပေးခဲ့ရတာကိုလည်း တွေ့ရပါတယ်။ ဒါ့အပြင် အာဆင်နယ်ဟာ ဒီအက်ဖ်အေဖလားပြိုင်ပွဲမှာလည်း အကြိုဗိုလ်လုပွဲအဆင့်မှာ မန်စီးတီးလို အသင်းကောင်းတစ်သင်းကို အနိုင်ယူနိုင်ခဲ့တဲ့အထိ ခြေစွမ်းပိုင်းထက်မြက်ခဲ့သလို အသင်းကောင်းတစ်သင်းဖြစ်တဲ့ ဆောက်သမ်တန်ကိုလည်း ဂိုးပြတ်အနိုင်ယူနိုင်ခဲ့တဲ့အထိ ခြေစွမ်းပိုင်းထက်မြက်ခဲ့တာကို တွေ့ရပါတယ်။

### ချယ်လ်ဆီး၏ခြေစွမ်း

ဒါပေမယ့်လည်း လက်ရှိရာသီမှာတော့ ချယ်လ်ဆီးရဲ့ခြေစွမ်းပိုင်းက အကောင်းဆုံးအခြေအနေမှာ ရှိနေပါတယ်။ ဟာဇက်၊ ကော်စတာ၊ ပက်ဒရို၊ မာတစ်၊ ကန်တီ၊ လုဇ်၊ ကာဟေးလ်၊ အက်စ်ပီလီကူတာ စတဲ့ ကစားသမားတွေအားလုံးကလည်း ရာသီတစ်လျှောက်လုံး ခြေစွမ်းပိုင်းတည်ငြိမ်ခဲ့တာကို တွေ့ရပါတယ်။ အထူးသဖြင့် ချယ်လ်ဆီးဟာ ဒီအက်ဖ်အေဖလားပွဲမှာလည်း တောက်လျှောက်ခြေစွမ်းပြနိုင်ခဲ့ကာ ကွာတားဖိုင်နယ်အဆင့်နဲ့ အကြိုဗိုလ်လုပွဲအဆင့်တွေမှာ မန်ယူ၊ စပါးတို့လိုအသင်းတွေနဲ့ ရင်ဆိုင်ခဲ့ရပေမယ့် ခြေစွမ်းပြနိုင်ပွဲတွေရယူနိုင်ခဲ့သလို အသင်းငယ်တွေနဲ့ ကစားခဲ့တဲ့ အောက်အဆင့်ပွဲတွေမှာလည်း ဂိုးပြတ်နိုင်ပွဲတွေ ရယူနိုင်ခဲ့တဲ့အထိ ခြေစွမ်းတည်ငြိမ်ခဲ့တာကို တွေ့ရပါတယ်။

### သုံးသပ်ချက်

ဒါကြောင့်လည်း ဒီပွဲစဉ်မှာ ခြေစွမ်းပိုင်းကွာဟမှု ကျဉ်းမြောင်းနိုင်ကာ အကြိတ်အနယ် ရှိလာနိုင်ပါတယ်။ အထူးသဖြင့် အာဆင်နယ်ဟာ ဒီဆုဖလားမှမရရင် နှစ်နှစ်ဆက်တိုက် ဆုဖလားလက်မဲ့ဖြစ်လာမှာဖြစ်တာကြောင့် ဆုဖလားတစ်လုံးရယူနိုင်ဖို့အတွက် အားစိုက်ကစားလာမှာဖြစ်တဲ့အပြင် ဖိအားဒဏ်ခံနေရတဲ့ အာစင်ဝင်းဂါးအနေနဲ့လည်း သူ့ရဲ့ဂုဏ်သိက္ခာအတွက် ဒီဆုဖလားကို ရယူနိုင်ဖို့ အားစိုက်လာမှာဖြစ်ပါတယ်။ ဒါပေမယ့်လည်း ချယ်လ်ဆီးနည်းပြ ကွန်တီဟာလည်း ဒီမတ်တီယို၊ အန်စလော့တီစတဲ့ အီတလီမန်နေဂျာတွေလို ချယ်လ်ဆီးကို စတင်ကိုင်တွယ်တဲ့ နှစ်မှာတင် ဆုဖလားနှစ်လုံးရယူနိုင်ဖို့ အားစိုက်လာမှာဖြစ်သလို ချယ်လ်ဆီးအနေနဲ့လည်း ဒီတစ်ကြိမ်မှာသာ ချန်ပီယံဖြစ်ခဲ့မယ်ဆိုရင် အက်ဖ်အေဖလား အောင်မြင်မှုအစဉ်အလာမှာ စပါး၊ လီဗာပူးတို့ကို ကျော်ဖြတ်ကာ တတိယအောင်မြင်မှုအရှိဆုံးအသင်း ဖြစ်လာမှာဖြစ်တာကြောင့်လည်း နိုင်ပွဲရဗိုလ်စွဲနိုင်ဖို့ အားစိုက်ကစားလာမှာ သေချာနေပါတယ်။ ဒီရာသီဆုံတွေ့မှုမှာလည်း အာဆင်နယ်က အိမ်ကွင်းမှာ ချယ်လ်ဆီးကိုအနိုင်ရခဲ့သလို ချယ်လ်ဆီးကလည်း အာဆင်နယ်ကို အိမ်ကွင်းမှာ အနိုင်ရခဲ့တာကြောင့် ကွာဟမှုကျဉ်းမြောင်းလာကာ အကြိတ်အနယ် ပိုရှိနိုင်ပါတယ်။ ဒါပေမယ့်လည်း ၃-၄-၃ ကစားကွက်အပိုင်းမှာတော့ ကွန်တီဟာ အာစင်ဝင်းဂါးထက် ပိုမိုအကျွမ်းတဝင်ရှိနေကာ ကစားသမားအင်အားပိုင်းမှာလည်း ချယ်လ်ဆီးက ပိုမိုသာလွန်နေတာကြောင့် ပွဲရှိန်ကို အတင်အချပိုမိုပြုလုပ်နိုင်ပါတယ်။ ဒါကြောင့်လည်း ဒီပွဲမှာ အကြိတ်အနယ်ရှိနိုင်ကာ ချယ်လ်ဆီးက ကပ်ပြီးအနိုင်ရ ဗိုလ်စွဲသွားနိုင်ပါတယ်။

*နိုင်ငံတော်တည်ဆောက်ရာတွင် နိုင်ငံတော်အချုပ်အခြာအာဏာ၏ ခက်မသုံးဖြာဖြစ်သည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးဟူသည့် မဏ္ဍိုင်ကြီးသုံးရပ်ဖြင့် အချင်းချင်း အပြန်အလှန် ထိန်းကျောင်းဆောင်ရွက်သည်ဟု ဆိုထားရာ ဥပဒေဆိုင်ရာ အကြောင်းအရာများကို ပြည်သူများ သိရှိလေ့လာနိုင်ရန် စာရေးသူ မောင်စာဂ၏ ဥပဒေနှင့်စပ်ဆိုင်သော ဆောင်းပါးများကို ဖော်ပြပေးသွားပါမည်။ ဆောင်းပါးတွင် ပါရှိသည့် အကြောင်းအရာများသည် စာရေးသူ၏အာဘော်သာဖြစ်ပါသည်။ (စာတည်းအဖွဲ့)*



# စကားသက်သေတည်ပါစေ

မောင်စာဂ

**တစ်ဦးနှင့်တစ်ဦးသက်သေပြ၍ ပြောဆိုကြခြင်း**

တစ်ဦးနှင့်တစ်ဦး ပေါင်းသင်းဆက်ဆံပြောဆိုကြရာတွင် "ငါဒီလိုပြောခဲ့တယ်။ ဟုတ်လား မဟုတ်လား သူ့ကိုမေးကြည့်။ ငါဒီလိုမပြောခဲ့ဘူး။ မယုံရင် သူ့ကို မေးကြည့်။ ငါသူနဲ့အတူတူသွားခဲ့တယ်။ အဲဒီနေရာကို ရောက်ခဲ့တယ်။ ဘာလုပ်ခဲ့တယ်။ ဘာပြောခဲ့တယ်ဆိုတာ သိချင်ရင်သူ့ကို မေးကြည့်" စသည်စသည်ဖြင့် မိမိပြောဆို၊ သွားလာ၊ ပြုမူလုပ်ရှားခဲ့သည်များကို မှန်ကန်ကြောင်း၊ တစ်ဖက်သူယုံကြည်စေဖို့ သက်သေထူပြီး ပြောလေ့ဆိုလေ့ရှိကြသည်။ တစ်ခါတစ်ခါ မိမိ၏ ပြောဆို သွားလာပြုမူလှုပ်ရှားခဲ့သည်များ မှန်ကန်ကြောင်းကို တစ်ဖက်သူယုံကြည်စေဖို့ အခြားလူပုဂ္ဂိုလ်တစ်ဦးဦးကိုဖြစ်စေ၊ အရာဝတ္ထု၊ ပစ္စည်းတစ်ခုခုကို ပြသ၍ဖြစ်စေ သက်သေထူပြီး ပြောလေ့ဆိုလေ့ရှိကြသည်။ စကားသက်သေအပေါ် အခြေပြု၍ ယုံကြည်မှု၊ ကိုးစားမှု၊ အလေးထားမှု၊ တန်ဖိုးထားမှုတို့ဖြစ်ပေါ်စေသည်။ စကားသက်သေ တည်ကြသည့်အခါ လောကီ၊ လောကုတ္တရာ နှစ်ဖြာသော ကောင်းကျိုးချမ်းသာများရရှိခံစားကြရသည်။

**တရားရုံးတွင် သက်သေပြ၍ ထွက်ဆိုထုချေကြခြင်း**

မှုခင်းတစ်ရပ်ကို တရားရုံးက တရားစစ်ဆေးစီရင်မှုပြုသည့်အခါတွင်လည်း တရားစွဲဆိုသူက သူ၏စွဲချက်မှန်ကန်ကြောင်းသက်သေပြရသည်။ တရားစွဲဆိုခံရသူကလည်း သူ့အပေါ်စွဲဆိုထားချက် မမှန်ကန်ကြောင်း သက်သေပြ၍ ထုချေရှင်းလင်းရသည်။ လူသက်သေပြသည်။ ပစ္စည်းသက်သေပြသည်။ နှစ်မျိုးစလုံး တင်ပြကြသည်လည်းရှိသည်။ လူသက်သေခံချက်ကို သက်ရှိသက်သေခံချက် သို့မဟုတ် စကားပြောသော သက်သေခံချက်ဟုခေါ်ဆိုသည်။ ပစ္စည်းသက်သေခံချက်ကို သက်မဲ့သက်သေခံချက် သို့မဟုတ်စကားမပြောသော သက်သေခံချက်ဟူ၍ ခေါ်စမှတ်ပြုကြသည်။

**မည်သူတွေသက်သေခံနိုင်သနည်း**

တရားရုံး၌ မည်သူတွေသက်သေခံနိုင်ခွင့် ရှိပါသနည်းဟုမေးလာလျှင် မည်သူမဆို သက်သေခံနိုင်ခွင့်ရှိသည်ဟူ၍သာ အတိုချုံး၍ ဖြေရပါမည်။ တရားရုံးက မေးသည့်မေးခွန်းကို မှန်မှန်ကန်ကန် နားလည်၍ မှန်မှန်ကန်ကန် ဖြေဆိုနိုင်စွမ်းရှိမည်ဆိုပါက အသက်အရွယ်ငယ်လွန်းသည့်ကလေးဖြစ်စေ၊ အသက်အရွယ်ကြီးလွန်းသည့်လူကြီးဖြစ်စေ၊ အိုမင်းမစွမ်းသူဖြစ်စေ၊ ချည့်နဲ့နေသူဖြစ်စေ သက်သေခံနိုင်ခွင့်ရှိသည်။ မျက်စိမမြင်သူလည်း သက်သေခံနိုင်ခွင့်ရှိသည်။ ဆွံ့အနားမကြားသောသူသည်လည်း ခြေဟန်လက်ဟန်ပြသမေးမြန်း၍ ဖြေဆိုနိုင်စွမ်းရှိလျှင် သက်သေခံနိုင်ခွင့်ရှိသည်။ ရူးသွပ်စိတ်မနှံ့သူတစ်ဦးဖြစ်နေလင့်ကစား တရားရုံးကမေးမြန်းသည့်အချိန်တွင် စိတ်ပုံမှန်ကောင်းမွန်ပြီး မေးသောမေးခွန်းကို မှန်မှန်ကန်ကန်နားလည်၍ မှန်မှန်ကန်ကန် ဖြေဆိုနိုင်လျှင် သက်သေခံနိုင်ခွင့်ရှိသည်။ သူတစ်စိမ်းလည်း သက်သေခံနိုင်သည်။ ဆွေမျိုးတော်စပ်သူများလည်း သက်သေခံနိုင်သည်။

**သက်သေခံချက်အမျိုးမျိုး**

တရားစစ်ဆေးစီရင်သောမှုခင်းကိစ္စတစ်ရပ်တွင် စွပ်စွဲသူနှင့် စွပ်စွဲခံရသူတို့၏ ထွက်ဆိုချက် မျက်မြင်သက်သေထွက်ဆိုချက်၊ တစ်ဆင့်ကြားထွက်ဆိုချက်၊ ကြုံကြိုက်သက်သေထွက်ဆိုချက်၊ လက်ရေး၊ လက်မှတ်၊ လက်ဗွေ ပါရဂူ၊ ဆရာဝန်စသည့် ကျွမ်းကျင်ပညာရှင်များ၏ ထွက်ဆိုချက်၊ သေခါနီးပြောကြားချက်စသည်ဖြင့် တွေ့ရတတ်သည်။ ဤသို့သော သက်သေခံချက်မျိုးသည် နှုတ် သက်သေခံချက် (Oral evidence) ဟုခေါ်ဆိုသည်။ တစ်နည်း သက်ရှိသက်သေခံချက် သို့မဟုတ် စကားပြောသောသက်သေခံချက်ဖြစ်သည်။

စာချုပ်စာတမ်း၊ လက်ရေးစာ၊ လက်မှတ်၊ ဆေးစာ၊ ဓာတုဗေဒအစီရင်ခံစာ၊ စာပုံနှိပ်ခြင်း၊ ကျောက်ပုံနှိပ်ခြင်း၊ ဓာတ်ပုံရိုက်ကူးခြင်း၊ ဖြောင့်ချက်၊ သေတမ်းစစ်ချက်၊ ကြိုတင်အစစ်ခံချက်စသည့် အထောက်အထားအရာဝတ္ထုသက်သေခံချက်မျိုးကိုလည်း တွေ့ရတတ်သည်။ ဤသို့သော သက်သေခံချက်မျိုးသည် စာတမ်းအမှတ်အသားသက်သေခံချက် (Documentary evidence) ဟုခေါ်ဆိုသည်။ ထို့ပြင် မှုခင်းဖြစ်ပွားရာနေရာမှ တွေ့ရှိရသော ဆေးလိပ်တို၊ ဓာတ်မီးခြစ်၊ ဖိနပ်၊ ထီး၊ တုတ်၊ ဓား၊ လက်နက် စသည့်ပစ္စည်းတို့ကိုလည်း အဓိကသက်သေခံချက်များအဖြစ် တွေ့ရတတ်သည်။ ထိုသို့သော သက်သေခံချက်မျိုးသည်လည်း သက်မဲ့သက်သေခံချက် သို့မဟုတ် စကားမပြောသော သက်သေခံချက်များဖြစ်ကြသည်။

**သက်သေတင်ပြနည်း**

တရားစစ်ဆေးစီရင်မှုပြုသော မှုခင်းကိစ္စတစ်ရပ်တွင် လူပုဂ္ဂိုလ်ကိုသက်သေအဖြစ် တင်ပြမည်ဆိုပါက ထိုသူကိုယ်တိုင် ရုံးရှေ့သို့လာရောက်ကာ ထွက်ဆိုချက်ပေးရသည်။ အရာဝတ္ထုပစ္စည်းတစ်ခုခုကို သက်သေအဖြစ်တင်ပြမည်ဆိုပါက ထိုအရာဝတ္ထုပစ္စည်းကို သိရှိသောသူ သို့မဟုတ် ထိုအရာဝတ္ထုပစ္စည်းနှင့် သက်ဆိုင်သူက ရုံးရှေ့တွင်ထွက်ဆို၍ သက်သေခံအဖြစ် တင်ပြရသည်။

**ကျမ်းကျိန်ဆိုခြင်းနှင့် ကတိသစ္စာပြုခြင်း**

တရားရုံးရှေ့ သက်သေခံကြသည့်အခါ သက်သေသည် ကျမ်းကျိန်ဆိုခြင်း သို့မဟုတ် ကတိသစ္စာပြုခြင်းတို့ ဆောင်ရွက်ရသည်။ ဗုဒ္ဓဘာသာဝင်လူပုဂ္ဂိုလ်အတွက် ကျမ်းစာကို မိမိ၏လက်နှစ်ဖက်ဖြင့် စုံကိုင်၍ 'ယခုတရားရုံးရှေ့ ကျရောက်သည့်အမှုတွင် အလုံးစုံအမှန်အကန် အစစ်ခံပါမည်ဟု ကျွန်ုပ်ကြေညာပါသည်။ ကျွန်ုပ်သည် မမှန်မကန်သည်ကို အစစ်ခံသည်ရှိသော် သို့တည်းမဟုတ် မည်သည်ကိုမဆို ထိမ်ချန်ထားသည်ရှိသော် ဤကျမ်းစာတွင် ဖော်ပြထားသော ကျိန်စာများ ကျွန်ုပ်အားသင့်ပါစေသား။ ကျွန်ုပ်သည် အလုံးစုံအမှန်အကန်ကို အစစ်ခံသည်ရှိသော် ဤကျမ်းစာတွင် ဖော်ပြထားသော ကောင်းကျိုးချမ်းသာကို ခံစားရပါစေသား။

ခရစ်ယာန်ဘာသာဝင်သူအတွက် (သမ္မာကျမ်းစာကို ကိုင်၍) ထို့ပြင် ရဟူဒီလူမျိုးအတွက် (ဓမ္မဟောင်းသမ္မာကျမ်းစာကိုကိုင်၍) 'ကျွန်ုပ်ဟုတ်မှန်သည့်အတိုင်း အစစ်ခံပါမည်။ အလုံးစုံ အမှန်အကန်အစစ်ခံပါမည်။ မမှန်မကန်မပါရှိပါဟု ကျွန်ုပ်ကျမ်းကျိန်ဆိုပါသည်။ ဤမှန်သော သစ္စာစကားကြောင့် ကျွန်ုပ်အား ဘုရားသခင် ကယ်တော်မူပါစေသား။

ပါရာစီဘာသာဝင်သူအတွက် (ဇင်ဒါအာဝက်စတာကျမ်းစာကို လက်ျာလက်ဖြင့်ကိုင်၍) 'ကျွန်ုပ်ဟုတ်မှန်သည့်အတိုင်း အစစ်ခံပါမည်။ အလုံးစုံ မှန်ကန်စွာ အစစ်ခံပါမည်။ မမှန်မကန် မပါရှိပါဟု ကျွန်ုပ် ကျမ်းကျိန်ဆိုပါသည်။ မနာဆနီ၊ ဂဝါဆနီ၊ ကူနာဆနီ။

တရုတ်လူမျိုးဖြစ်သူအတွက် 'ဤအမှုတွင် ကျွန်ုပ်အမှန်အကန် အစစ်ခံပါမည်ဟု ကောင်းကင်ဘုံ ရှင်တော်ဘုရားရှေ့နှင့် ဤတရားသူကြီးရှေ့တွင် ကျွန်ုပ်ကျမ်းကျိန်ဆိုပါသည်။ မမှန်မကန်သည်ကို ကျွန်ုပ်အစစ်ခံသည်ရှိသော် ဤစက္ကူမီးလောင်၍ ပျောက်ကွယ်သွားဘိသကဲ့သို့ ကျွန်ုပ်ပျောက်ကွယ်သွားပါစေသား။

ဟိန္ဒူဘာသာဝင်နှင့် မဟာမေဒင်ဘာသာဝင်များမှစ၍ ကျမ်းသစ္စာကျိန်ဆိုရန် သဘောမတူသော မည်သည့်ဘာသာဝင်မဆိုဖြစ်သည့် သက်သေများအတွက် 'ဤအမှုတွင် ကျွန်ုပ်ဟုတ်မှန်သည်ကိုသာ အစစ်ခံပါမည်။ မည်သည်ကိုမျှ ထိမ်ချန်ခြင်းမပြုပါ။ မဟုတ်မမှန်သည်ကိုလည်း အစစ်မခံပါဟု ကျွန်ုပ်လေးနက်တည်ကြည်စွာ ကတိသစ္စာဆိုပါသည်။

**အပြန်အလှန်မေးမြန်းထုချေခွင့်ရှိသည်**

သက်သေတစ်ဦး၏ထွက်ဆိုချက်အပေါ် ယုံထိုက် မယုံထိုက်၊ မှန်၏ မမှန်၏၊ လက်ခံထိုက် မထိုက် အပြန်အလှန်မေးမြန်းကြရသည်။ တရားသူကြီးကလည်း လိုအပ်လျှင် မေးမြန်းရသည်။ သက်သေတစ်ဦးကို စစ်ဆေးသောအခါတွင် သက်သေတင်ပြသူဘက်က ပထမစစ်မေးရသည်။ ဥပမာ - တရားစွဲသူဘက်က သက်သေတင်ပြခြင်းဖြစ်လျှင် ယင်းဘက်က ပထမစတင်စစ်မေးရသည်။ တရားစွဲဆိုခံရသူဖက်က သက်သေတင်ပြခြင်းဖြစ်လျှင် ယင်းဖက်က စတင်စစ်မေးရသည်။ ထိုသို့ စစ်မေးခြင်းကို အဓိကစစ်မေးခြင်း (Examination-in-chief) ဟုခေါ်ဆိုသည်။ ထိုသို့ စစ်မေးပြီးလျှင် တစ်ဖက်အမှုသည်က ပြန်လှန်စစ်မေးရသည်။ ထိုသို့ စစ်မေးခြင်းကို (Cross-examination) ဟုခေါ်သည်။ ပြန်လှန်စစ်မေးပြီးသည့်အခါ သက်သေတင်ပြသူဖက်က လိုအပ်လျှင် ပြန်ရှင်းမေးမြန်းရသည်။ ထိုသို့စစ်မေးခြင်းကို (Re-examination) ဟုခေါ်ဆိုသည်။

အဓိကစစ်မေးရာတွင် နိမိတ်ပြမေးခွန်း (Leading question) များဖြစ်သော ရေလာမြောင်းပေးမေးခွန်းမျိုး မမေးရ။ အမှုနှင့်သက်ဆိုင်သမျှ မေးနိုင်သည်။ ပြန်လှန်စစ်မေးခြင်းတွင် နိမိတ်ပြမေးခွန်းများ မေးနိုင်သည်။ အမှုနှင့်သက်ဆိုင်သမျှ မေးနိုင်သည်။ ပြန်ရှင်းစစ်မေးခြင်းတွင် ပြန်လှန်စစ်မေးစဉ်က ထွက်ဆိုချက်များ မရှင်းလင်းသည့်အခါ သို့မဟုတ် အဓိကစစ်မေးစဉ်က ထွက်ဆိုချက်နှင့် ပြန်လှန်စစ်မေးစဉ်ထွက်ဆိုချက်များ ကွဲလွဲသွားသည့်အချက်များ ပေါ်လာသည့်အခါ ပြန်ရှင်းမေးမြန်းနိုင်သည်။ မေးခွန်းအသစ်များ မမေးရ စသည်ဖြင့် စည်းကမ်းသတ်မှတ်ချက်များရှိသည်။ ယင်းသတ်မှတ်ထားချက်များ ဘောင်အတွင်းက မေးမြန်းရသည်။ ထုချေရှင်းလင်းရသည်။ တင်ပြလာသော သက်သေခံပစ္စည်းများအပေါ်တွင်လည်း မှန်၏၊ မမှန်၏ကို အထက်ပါ မေးခွန်းများမေးမြန်း၍ အဖြေထုတ်ကြရသည်။ ဤနည်းဖြင့် သက်သေထွက်ဆိုချက်စကားများ ယုံထိုက်၊ မယုံထိုက်၊ မှန်၏၊ မမှန်၏တို့ကို စစ်ကြောမေးမြန်း၍ ဆန်းစစ်ကြရသည်။

**လက်ခံနိုင်သောထွက်ဆိုချက်ပြောစကားများ**

မှုခင်းကိစ္စအဝဝကို တရားစီရင်မှုပြုရသည့်အခါ သက်သေအမျိုးမျိုးကို တွေ့ရှိရသည်။ သက်သေများ၏ ထွက်ဆိုချက်၊ ပြောစကားများ အမျိုးမျိုးအဖုံဖုံနှင့် ကြုံရသည်။ ဤသို့သော အခြေအနေတွင် မည်သို့သော ထွက်ဆိုချက် ပြောစကားများကို လက်ခံနိုင်ပါသနည်း။ ဥပဒေကြောင်းအရ စံများသတ်မှတ် ပြဋ္ဌာန်းထားရှိသည်။ ယင်းအတိုင်း လိုက်နာကြရသည်။ ယင်းသို့ သတ်မှတ်ပြဋ္ဌာန်းထားရှိသော စံများထဲမှ အဓိကအချက်အချို့ကို ကောက်နုတ်ဖော်ပြပါရစေ။

ကိုယ်တိုင်ကိုယ်ကျ တိုက်ရိုက်သိရှိမြင်တွေ့သူများ၏ ပြောစကားများကို ယုံကြည်လက်ခံသည်။ တစ်ဆင့်ကြား ပြောစကားများကို မယုံကြည်ပါ။ အသံကိုကြား၍ လူကိုမှတ်မိသည်ဆိုသော ပြောစကားများကို လက်မခံပါ။ ထင်မြင်ယူဆချက်ဖြင့် ပြောသောစကားများကို ထည့်သွင်းမစဉ်းစားပါ။

ကျွမ်းကျင်သူ ပညာရှင်များဖြစ်ကြသော လက်ရေး၊ လက်မှတ်၊ လက်ဗွေ၊ ခြေဗွေပါရဂူများ၊ ဆရာဝန်များ၊ ဓာတုဗေဒဝန်များ စသည်တို့၏ မိမိတို့နှင့်သက်ဆိုင်သည့် ပညာရပ်နှင့်စပ်လျဉ်းပြီး ပြောကြားလာသော ထင်မြင်ချက်စကားများကို မှန်သည်ဟု လက်ခံသည်။ သို့ရာတွင် တစ်ခါတစ်ရံ၌ ကျွမ်းကျင်သူပညာရှင်၏ထင်မြင်ချက်သည် ယုံကြည်စိတ်ချရသော မျက်မြင်သက်သေတစ်ဦး၏ ထွက်ဆိုချက်နှင့်ကွဲလွဲခဲ့သော် မျက်မြင်သက်သေ၏ ပြောဆိုစကားကို လက်ခံသည်။ ကျွမ်းကျင်သူ၏ ထင်မြင်ချက်သည် ထင်မြင်ချက်သာဖြစ်သည်ဟု မှတ်ယူသည်။

သက်သေတစ်ဦးသည် စကားအမျိုးမျိုးပြောသည်။ အမှန်ရော၊ အမှားတွေရော ရောနှောနေသည်။ ထိုသို့တွေ့ရသော်လည်း ယင်းသက်သေ၏ ပြောစကားအားလုံးကိုမပယ်။ အမှားစကားတွေကို ဖယ်ထုတ်ပြီး မှန်သောစကားများကို ရွေးထုတ်၍ လက်ခံသည်။

စစ်ဆေးနေသော အမှုတွဲတွင်ပါရှိသည့် သက်သေများ၏ ပြောစကားများကိုသာ ထည့်သွင်းစဉ်းစားသည်။ အမှုတွဲတွင် မပါရှိသည့်တရားရုံး၏ ပြင်ပတွင် အမှုနှင့်ပတ်သက်သည့် ပြောစကားများကို လက်မခံပါ။ အမှုတွဲတွင် မပါရှိသော သက်သေခံချက်များကို ထည့်သွင်းမစဉ်းစားပါ။ ဆွေမျိုးတော်စပ်သူတို့၏ ပြောဆိုစကားများသာဖြစ်သည်ဟူသော အကြောင်းပြချက်ဖြင့် မဖယ်ထုတ်ပါ။ ထောက်ခံသော ကွင်းဆက်ပြောစကားများရှိက လက်ခံစဉ်းစားသည်။

အသက်ငယ်ရွယ်သူများ၊ အိုမင်းမစွမ်းသူများ၊ ရောဂါစွဲကပ်နေသူများ ဖြစ်လင့်ကစား တရားရုံးက မေးမြန်းသည့်မေးခွန်းများအပေါ် သေသေချာချာ နားလည်၍ မှန်မှန်ကန်ကန် ဖြေဆိုနိုင်စွမ်းရှိသူများ၏ ပြောဆိုစကားများကို ယုံကြည်လက်ခံသည်။

တရားသူကြီးရှေ့တွင် တရားခံတစ်ဦးသည် သွေးဆောင်ခြင်း၊ ခြိမ်းခြောက်ခြင်း၊ ကတိပေးခြင်း တစ်စုံတစ်ရာမရှိဘဲ ပေးသောဖြောင့်ချက်စကားကို ယုံကြည်လက်ခံသည်။ သို့သော် တရားခံတစ်ဦးက မိမိတွင် အပြစ်မရှိဘဲ တစ်ပါးသူကသာ ကျူးလွန်သည်ဟူ၍ သူတစ်ပါးအပေါ် ပုံချကာ ဖြောင့်ချက်ပေးသောစကားကို လက်ခံခြင်းမပြုပါ။ စကားပြောသော သက်သေခံချက်က ပြုပြင်ပြောင်း လဲထွက်ဆိုနိုင်သည်။ စကားမပြောသော သက်သေခံချက်က ပြုပြင်ပြောင်းလဲ၍မရ။ စကားပြောသော သက်သေခံချက်ထက် စကားမပြောသော သက်သေခံချက်က ပို၍အားကောင်းသည်။

**သက်သေအရာ၌ တည်ပါစေ**

အနှစ်ချုပ်ဆိုရလျှင် မှန်ကန်သော တရားစီရင်ရေးတွင် မှန်ကန်သော သက်သေထွက်ဆိုချက်၊ မှန်ကန်သောသက်သေအထောက်အထားများသည် အရေးပါသော ကဏ္ဍမှပါဝင်နေသည်။ စွဲဆိုခဲ့ရသူသည် အမှန်တကယ်ပြစ်မှုကျူးလွန်သည် သို့မဟုတ် ကျူးလွန်ခြင်းမရှိဟု အဆုံးအဖြတ်ပြုရာတွင် ပစ္စည်းသက်သေ၊ လူသက်သေ၊ ပတ်ဝန်းကျင်သက်သေ၊ ဘာသာရပ် ကျွမ်းကျင်မှုဆိုင်ရာသက်သေ စသည့်အခြေအနေအရပ်ရပ်ကို အဓိကထည့်သွင်းစဉ်းစားဆင်ခြင် သုံးသပ်ဆုံးဖြတ်မှုပြုအပ်သည်။ သက်သေထွက်ချက်များက အဆုံးအဖြတ်ပေးသည်။ သက်သေထွက်ဆိုချက် စကားများအပေါ် အခြေပြု၍ ဆုံးဖြတ်ကြရသည်။ မှန်ကန်သော ဆုံးဖြတ်ချက် ချမှတ်ကြောင်းကို အများမြင်သာစေရမည်။ မှန်ကန်သော ဆုံးဖြတ်ချက်ချမှတ်ကြောင်းကို သက်သေအရာတည်စေရမည်။

သက်သေအရာ၌ တည်စေခြင်းနှင့်စပ်လျဉ်း၍ အထူးအလေးအမြတ်ပြု၍ ပြောဆိုရသော် ရှင်တော်မြတ်ဗုဒ္ဓကိုယ်တိုင် ဘုရားအဖြစ်သို့ ရောက်တော်မူပြီးသည်နှင့် မာရ်နတ်နှင့်စစ်သည်များက လာရောက်နှောင့်ယှက်သည်တွင် လေးအသင်္ချေနှင့်ကမ္ဘာတစ်သိန်းတိုင် ဖြည့်ကျင့်ခဲ့သည့် ပါရမီတော်တို့ကို ဝသုန္ဒရေ ဤမြေပံသုအား သက်သေအရာ၌ တည်စေပြီးလျှင် ဗောဓိပင်နှင့် ရွှေပလ္လင်ကို အောင်မြင်တော်မူခဲ့သည့်ထုံးရှိပေသည်။

သို့ဖြစ်ရကား တရားစီရင်ရေးတွင် သက်သေများ၏ ပြောစကားများ သက်သေအရာ တည်နိုင်ကြပါစေ။ မှန်ကန်သော ဆုံးဖြတ်ချက်များချနိုင်ပါစေ။

တစ်ဦးနှင့်တစ်ဦး ပေါင်းသင်းဆက်ဆံကြရာတွင် ပြောစကားများ သက်သေအရာတည်နိုင်ကြပါစေ။ တစ်ဦးနှင့်တစ်ဦး နားလည်မှုများ မှန်ကန်ပါစေ၊ ယုံကြည်မှုတွေ တိုးပွားကြပါစေ။ သစ္စာမဏ္ဍိုင် မြဲခိုင်ခိုင်ဖြင့် စကားသက်သေတည်ပါစေ။ တရားအမှန်ပေါ်ပါစေ။

**ကိုးကားအညွှန်း**

**သက်သေခံအက်ဥပဒေနှင့် ကျမ်းသစ္စာအက်ဥပဒေ**

# ဒေသတွင်းအသုံးချနိုင်သည့် Sixth Sector Industry အကြောင်း ဟောပြောပွဲသို့ မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် တက်ရောက်



**မကွေး မေ ၂၆**

ဂျပန်နိုင်ငံတွင် လယ်သမားများ ဝင်ငွေတိုးတက်ရန်နှင့် အလုပ်အကိုင်အခွင့်အလမ်းရှာဖွေရရှိနိုင်ရန် စီးပွားရေး ဘောဂဗေဒပညာရှင် ဒေါက်တာအိမူရနရအိုမိက စတင်မိတ်ဆက်ပေးခဲ့သည့် Sixth Sector Industry အကြောင်းအား မကွေးဒေသတွင်း အသုံးချနိုင်ရန် ရည်ရွယ်ဆောင်ရွက်သည့် ဟောပြောပွဲတစ်ရပ်ကို မကွေးမြို့တော်ခန်းမ၌ မေ ၂၅ ရက် နံနက် ၉ နာရီခွဲက ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါပွဲသို့ မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညိုနှင့် အစိုးရအဖွဲ့ဝင်များ တက်ရောက်ခဲ့ပြီး ဝန်ကြီးချုပ်က စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်း စသည့် Primary Sector အခြေခံလုပ်ငန်းများမှ တန်ဖိုးမြှင့်ထုတ်ကုန် ထုတ်လုပ်မှု၊ ဖြန့်ဖြူးတင်ပို့မှု လုပ်ငန်းများထိ ဆက်စပ်လုပ်ကိုင်မည့် ကဏ္ဍစုံဆက်စပ်လုပ်ငန်း Sixth Sector Industry ဆိုင်ရာ ဟောပြောမှုများကို လုပ်ငန်းခွင်များတွင် အသုံးချ အကောင်အထည်ဖော်နိုင်လိမ့်မည်ဟု မျှော်လင့်ကြောင်း ပြောကြားခဲ့သည်။

"အကောင်အထည် ဖော်ဖို့အတွက် အဓိကအနေနဲ့ကတော့ လယ်ယာစိုက်ပျိုးရေးကဏ္ဍ၊ စက်မှုကဏ္ဍနဲ့ စီးပွားရေးလုပ်ငန်းတွေ ပူးပေါင်းပါဝင်ဖို့ အလုံးစုံပါဝင်တဲ့ စီးပွားရေး Plan၊ Local Product ကို Local စားသုံးမှု Promotion innovate တွေလည်း ပါဝင်တဲ့ plan တွေပါ။ စီးပွားရေးလုပ်ငန်း တစ်ခုအောင်မြင်ဖို့မှာ စီးပွားရေးတွေသာမက အစိုးရအဖွဲ့တွေ၊ သုတေသီတွေ၊ ပညာရှင်တွေအားလုံး ကဏ္ဍစုံ ပူးပေါင်းပါဝင်ဆောင်ရွက်တဲ့ ဂျပန်နိုင်ငံရဲ့ အောင်မြင်နေတဲ့ Model ကို နမူနာအနေနဲ့ ချပြမှာဖြစ်ပါတယ်" ဟု ဝန်ကြီးချုပ်က ပြောသည်။

မြန်မာဂျပန်စင်တာ MJC လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှု ဗဟိုဌာန၊ တိုင်းဒေသကြီးစားသုံးသူရေးရာ ဦးစီးဌာနနှင့် ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်းကျင်းပသည့် ထင်သာမြင်သာစီမံခန့်ခွဲမှုနှင့် စိုက်ပျိုးထုတ်ကုန်၊ စိုက်ပျိုးထုတ်လုပ်ရောင်းချခြင်း (Visual Management & Sixth Sector Industry) ဟောပြောပွဲသို့ မြို့နယ်အသီးသီးမှ တောင်သူများ၊ လုပ်ငန်းရှင်များ၊ ဌာနဆိုင်ရာများ၊ အစိုးရမဟုတ်သည့် အဖွဲ့အစည်းများ အင်အား ၃၀၀ ခန့် တက်ရောက်ခဲ့သည်။

ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးနေလင်းအောင်၊ စင်တာမန်နေဂျာဒေါက်တာသန်းသန်းအောင်တို့က မိတ်ဆက်စကားပြောကြားသည်။ ထင်သာမြင်သာစီမံခန့်ခွဲမှု ခေါင်းစဉ်ဖြင့် ဒေါက်တာမြင့်ဆန်းကလည်းကောင်း၊ စိုက်ပျိုးရေးထွက်ကုန် စိုက်ပျိုးထုတ်လုပ်ရောင်းချ ဖြန့်ဖြူးခြင်း ခေါင်းစဉ်ဖြင့် ဂျပန်နိုင်ငံသား Dr. Kazuhisa GOTO ကလည်းကောင်း ဟောပြောခဲ့ကြသည်။

ဂျပန်စင်တာမှ စီးပွားရေးစီမံခန့်ခွဲမှု သင်တန်းများဖွင့်လှစ်ခဲ့ရာ သင်တန်းသားဦးရေ ၁၀၀၀ ကျော်ရှိကြောင်း၊ ပြည်နယ်နှင့်တိုင်းဒေသကြီး ၁၄ ခုတွင် ၁၂ ခုထိ ဟောပြောပွဲများကျင်းပနိုင်ခဲ့ပြီး မကွေးတိုင်းဒေသကြီးတွင် ဒုတိယအကြိမ်မြောက်ဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

**ဖေချတု(မကွေး)**

## ပထမတန်း(သင်ရိုးသစ်) သင်တန်းဆင်းပွဲကျင်းပ

**မြစ်ကြီးနား မေ ၂၆**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ် ပညာရေးမှူးရုံးမှ ကြီးမှူး၍ ပထမတန်း(သင်ရိုးသစ်) ကျောင်းအုပ်စုအဆင့် သင်တန်းဆင်းပွဲအခမ်းအနားကို မေ ၂၆ ရက် နံနက် ၉ နာရီက မြစ်ကြီးနားမြို့ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းရှိ မြဋ္ဌသကခန်းမ၌ ကျင်းပရာ ပြည်နယ်ပညာရေးမှူးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးဝေဝင်းက သင်တန်းဆင်းအမှာစကားပြောကြားခဲ့သည်။

ဆက်လက်၍ ခရိုင်ပညာရေးမှူးရုံးမှ ဒုတိယ ညွှန်ကြားရေးမှူး ဦးလာရွယ်က သင်တန်းဖွင့်လှစ် သင်ကြားပေးရခြင်း ရည်ရွယ်ချက်များနှင့် မြစ်ကြီးနားမြို့နယ်ပညာရေးမှူးဆရာမကြီး ဒေါ်ခင်ခင်ညိုက သင်တန်းတွင် သင်ကြားပေးခဲ့သည့် ဘာသာရပ်များအား လက်တွေ့နယ်ပယ်တွင် အသုံးချခြင်းဖြင့် နိုင်ငံတော်၏ ရည်မှန်းချက်ကို အကောင်အထည်ဖော်ဆောင်ရွက်မည့် ပညာရေးစနစ်အား တိုးတက်စေမည်ဖြစ်ကြောင်းဖြင့် အမှာစကားများ အသီးသီးရှင်းလင်းတင်ပြသည်။ အခမ်းအနားသို့ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အဆင့် ပညာရေးဌာနမှ တာဝန်ရှိသူများ၊ မြစ်ကြီးနားမြို့နယ်အတွင်းရှိ မူလတန်းကျောင်းအဆင့် ကျောင်းအုပ်စု ၂၄ စုမှ သင်တန်းသား၊ သင်တန်းသူဆရာ၊ ဆရာမများ အင်အား ၄၆၀ ကျော် တက်ရောက်သည်။

အဆိုပါသင်တန်းကို မေ ၁၃ ရက်မှ ၂၆ ရက်အထိ သင်တန်းမှူး၊ မြို့နယ်ပညာရေးမှူး ဆရာမကြီး ဒေါ်ခင်ခင်ညိုနှင့် နည်းပြဆရာ၊ ဆရာမ ၂၄ ဦးတို့က မြန်မာ၊ အင်္ဂလိပ်၊ သင်္ချာ၊ လူမှုရေး၊ သိပ္ပံ၊ ဘဝတွက်တာ ကျွမ်းကျင်စရာ၊ စာရိတ္တနှင့် ပြည်သူ့နီတိ၊ ကာယနှင့် အနုပညာ (ပန်းချီ၊ ဂီတ) ဘာသာရပ်(၉)ခုအား သတ်မှတ်စာသင်ချိန်များအတိုင်း ပိတ်ရက်မရှိ သင်ကြားပေးခဲ့ကာ သင်တန်းသို့ မူလတန်းအဆင့်သင် ဆရာ၊ ဆရာမ ၄၂၃ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။ **သူရိန်စိုး(ကချင်မြေ)**

## စစ်ကိုင်းတိုင်းဒေသကြီးဘတ်ဂျက်နှင့် ပြည်ထောင်စုဘတ်ဂျက်ဖြင့် ၂၀၁၇–၁၈ ဘဏ္ဍာနှစ်တွင် လုပ်ငန်းများဆက်လက်ဆောင်ရွက်မည်

**စစ်ကိုင်း မေ ၂၆**

စစ်ကိုင်းတိုင်းဒေသကြီး ဘတ်ဂျက်ဖြင့် လုပ်ငန်းပေါင်း ၁၇၈၀ ခုနှင့် ပြည်ထောင်စုဘတ်ဂျက်ဖြင့် ၂၅၀၉ ခု စုစုပေါင်း ၄၂၈၉ ခုကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။

"စစ်ကိုင်းတိုင်းဒေသကြီးရဲ့ ၂၀၁၇-၁၈ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်းဥပဒေ(မူကြမ်း)ကို တိုင်းဒေသကြီးအစိုးရအဖွဲ့ကနေ တစ်ဆင့် တိုင်းဒေသကြီးလွှတ်တော်မှာ တင်သွင်းနိုင်ဖို့အတွက် ၂၀၁၆ ခုနှစ် ဇူလိုင်လကစပြီး မြို့နယ်၊ ခရိုင်စီမံကိန်းရေးဆွဲအကောင်အထည်ဖော်ရေးကော်မတီများကတစ်ဆင့် ၂၀၁၇-၁၈ဘဏ္ဍာနှစ်အတွက် စီမံကိန်းအဆိုပြုချက်များ တောင်းခံကာ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာတွေက စီမံကိန်းအဆိုပြုချက် တောင်းခံတာတွေကို ပြုလုပ်ခဲ့ပြီး တိုင်းဒေသကြီးစီမံကိန်းရေးဆွဲ အကောင်အထည်ဖော်ရေး ကော်မတီ အစည်းအဝေးမှာအပြန်အလှန်ညှိနှိုင်းရေးဆွဲခဲ့ပါတယ်" ဟု စစ်ကိုင်းတိုင်းဒေသကြီး စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန တာဝန်ရှိသူက ပြောကြားသည်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ၂၀၁၆-၁၇ ဘဏ္ဍာနှစ် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းစီမံကိန်း ၃၄၉၅ ခုမှ ၃၂၈၂ ခု အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးခဲ့ပြီး လုပ်ငန်း ၂၀၉ ခု ဆောင်ရွက်ဆဲဖြစ်ကာ လုပ်ငန်းနှစ်ခု မဆောင်ရွက်နိုင်ကြောင်း သိရသည်။ အကောင်အထည်ဖော်နိုင်မှု အနေဖြင့် လုပ်ငန်း ၉၃ ဒသမ ၉ ရာခိုင်နှုန်းဆောင်ရွက်ပြီးခဲ့သလို ၆ ရာခိုင်နှုန်း ဆောင်ရွက်ဆဲဖြစ်ကာ လုပ်ငန်း (သုည ဒသမ ၁ ရာခိုင်နှုန်း) မဆောင်ရွက်နိုင်ကြောင်း သိရသည်။

နိုင်ငံတော်မှခွဲဝေပေးသည့် တိုင်းဒေသကြီး ဘဏ္ဍာရန်ပုံငွေများသုံးစွဲမှုနှင့် ပတ်သက်၍ ပွင့်လင်းမြင်သာမှုရှိစွာဖြင့် လုပ်ငန်းများကို တင်ဒါခေါ်ယူဆောင်ရွက်ခဲ့သည့်အတွက် ၂၀၁၆-၁၇ ဘဏ္ဍာနှစ်တွင် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ ဘဏ္ဍာငွေမှ တင်ဒါခေါ်ယူခြင်းဖြစ်သည့်အတွက် ပိုလျှံငွေ ၄၂၈၄ ဒသမ ၉၄၃၅ သန်းကို ချွေတာနိုင်ခဲ့ပြီး တိုင်းဒေသကြီးအတွင်း ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် အရေးကြီးသည့် လုပ်ငန်းများကို အဆိုပါပိုလျှံငွေများဖြင့် ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။

ထို့အပြင် ၂၀၁၆-၁၇ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ရန်လျာထားခဲ့သော ငွေလုံးငွေရင်းအသုံးစရိတ်လုပ်ငန်းများကို ပြန်လည်စိစစ်သုံးသပ်ပြီး လတ်တလောဆောင်ရွက်ရန်လိုအပ်ခြင်း မရှိသေးသော ငွေလုံးငွေရင်းအသုံးစရိတ်လုပ်ငန်းလေးခုမှ ကျပ် ၈၃၅၂ ဒသမ ၁၉၈ သန်းနှင့် ပထမအကြိမ် ပိုလျှံအပ်နှံငွေကျပ် ၁၄၃၃ ဒသမ ၁၂၅ သန်း စုစုပေါင်းကျပ် ၉၇၈၅ ဒသမ ၃၂၃ သန်းအား မဖြစ်မနေဆောင်ရွက်ရန် လိုအပ်သော လုပ်ငန်းများသို့ လွှဲပြောင်းသုံးစွဲနိုင်ခဲ့ကြောင်း သိရသည်။

၂၀၁၆-၁၇ ဘဏ္ဍာနှစ် စီမံကိန်းရည်မှန်းချက်အပေါ် ပထမခြောက်လပတ်အထိ အကောင်အထည်ဖော်မှု ကျပ် ၂၁၇၈၈၉၈ သန်းရရှိသဖြင့် စီမံကိန်း ရည်မှန်းချက်အပေါ် ၂၈ ဒသမ ၆ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့သလို ယခင်နှစ်အလားတူကာလအကောင်အထည်ဖော်နိုင်မှု တန်ဖိုးမှာ ကျပ် ၁၉၈၂၆၆၁ ဒသမ ၁ သန်းဖြစ်သဖြင့် ယခင်နှစ်ထက် စီးပွားရေးတိုးတက်မှုနှုန်း ၉ ဒသမ ၉ ရာခိုင်နှုန်း တိုးတက်မှုရှိခဲ့ကြောင်း တိုင်းဒေသကြီးအစိုးရအဖွဲ့၏ တစ်နှစ်တာအတွင်းဆောင်ရွက်ခဲ့မှု ထုတ်ပြန်ချက်အရ သိရသည်။ **မျိုးဝင်းထွန်း(မုံရွာ)**

## ဘေးအန္တရာယ်အမျိုးမျိုးကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးနိုင်ခြေများ ဆန်းစစ်ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေး



**ဟားခါး မေ ၂၆**

ချင်းပြည်နယ်အတွင်း ဘေးအန္တရာယ် အမျိုးမျိုးကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးနိုင်ခြေများကို ဆန်းစစ်ခြင်းဆိုင်ရာအလုပ်ရုံဆွေးနွေးပွဲကို မေ ၂၅ ရက် နံနက် ၁၀ နာရီက ဟားခါးမြို့ မြို့နယ်စုပေါင်းရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အလုပ်ရုံဆွေးနွေးပွဲတွင် ချင်းပြည်နယ် ပြည်နယ်လမ်းပန်းဆက်သွယ်ရေး ဝန်ကြီး ဦးရွှေထီးအိုးက အဖွင့်အမှာစကားပြောကြားရာ၌ ယခုလို သဘာဝဘေးအန္တရာယ်နှင့် စပ်လျဉ်း၍ ထိခိုက်ဆုံးရှုံးနိုင်ခြေဆန်းစစ်ချက်အတွက် နည်းပညာပိုင်းဆိုင်ရာ ညှိနှိုင်းဆွေးနွေးခြင်း၊ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပခြင်းအားဖြင့် ပြည်သူလူထုအပေါ် ထိခိုက်ပျက်စီးဆုံးရှုံးမှုများ လျော့နည်းစေပြီး ပြည်သူလူထု၏ အသက်အန္တရာယ်များကို ကာကွယ်နိုင်မည်ဟု ယုံကြည်ပါကြောင်းဖြင့် ထည့်သွင်းပြောကြားသည်။

ဆက်လက်၍ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးချွမ်ဟရဲ၊ Asian Disaster Preparedness Center (ADPC)မှ Technical Specialist Ms.Anggraini Dewi တို့က အလုပ်ရုံဆွေးနွေးပွဲနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြခဲ့ပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးကြသည်။

ထို့နောက် တက်ရောက်ကြသူများက ချင်းပြည်နယ်အတွင်း သဘာဝဘေးအန္တရာယ် အမျိုးမျိုးကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးနိုင်ခြေများကို ဆန်းစစ်ခြင်း၊ ထိခိုက်ပျက်စီးမှုနှင့် စွမ်းဆောင်ရည်ဆန်းစစ်ခြင်းနှင့် သတင်းအချက်အလက်များစုဆောင်းလေ့လာခြင်း စသည့် ခေါင်းစဉ်များဖြင့် အဖွဲ့လိုက်ဆွေးနွေးကြကာ ADPC မှ National Technical Coordinator ဦးမောင်မောင်စိုးက ရှေ့ဆက်ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။ **(ပြည်နယ် ပြန်/ဆက်)**



## ပထမတန်းသင်ရိုးသစ် သင်တန်းဆင်း

**ဂန့်ဂေါ မေ ၂၆**

မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့နယ် ကျောင်းအုပ်စုအဆင့် ပထမတန်းသင်ရိုးသစ် သင်တန်းဆင်းပွဲကို မေ ၂၆ ရက် နံနက် ၈ နာရီခွဲက ဂန့်ဂေါမြို့ အမှတ်(၁) အထက ပုံညာခန်းမ၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဉာဏ်လှိုင်က အမှာစကားပြောကြားပြီး မြို့နယ်ဒုတိယပညာရေးမှူး ဦးကြည်လွင်က သင်တန်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကာ သင်တန်းသား၊ သင်တန်းသူများ၏ ပညာရေးအထောက်အကူပြု အဆို၊ အကများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။ သင်တန်းသို့ သင်တန်းသား၊ သင်တန်းသူ ၂၄၄ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ နှစ်ပတ်ဖြစ်ကြောင်း သိရသည်။ **(၄၆၅)**



# ပြည်ထောင်စုဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး/ပြည်နယ် အစိုးရများ ဆွေးနွေးပွဲ ပြုလုပ်

**ထားဝယ် မေ ၂၆**
ပြည်ထောင်စုဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး/ ပြည်နယ်အစိုးရများအကြား ညှိနှိုင်းဆောင်ရွက်ရမည့် ကိစ္စရပ်များ၊ လုပ်ထုံးလုပ်နည်းများနှင့်စပ်လျဉ်းသည့် ရှင်းလင်းဆွေးနွေးပွဲအခမ်းအနားကို မေ ၂၅ ရက် မွန်းလွဲ ၁ နာရီက တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

တနင်္သာရီတိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးမြင့်စန်းက ပြည်ထောင်စုဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီးအစိုးရအကြား ညှိနှိုင်းချိတ်ဆက်ဆောင်ရွက်ရမည့် ကိစ္စရပ်များနှင့် လုပ်ထုံးလုပ်နည်းများ လွယ်ကူရှင်းလင်းမှုရှိစေရေးနှင့်ပတ်သက်၍ အဖွင့်အမှာစကားပြောကြားပြီး စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန် ဦးကျော်ငွေ၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမိုးဇော်ရွှေ၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးငွေအောင်၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးကျော်ကျော်လွင်၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်ဦးမြင့်လွင်တို့က ပြည်ထောင်စုဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီးအစိုးရအကြား ညှိနှိုင်းချိတ်ဆက်ဆောင်ရွက်ရမည့် ကိစ္စရပ်များနှင့်လုပ်ထုံးလုပ်နည်းများကို ဆွေးနွေးကြသည်။

တနင်္သာရီတိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးမြင့်စန်း၊ စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီး ဦးဟိုပင်နှင့် သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဦးမြင့်မောင်တို့က ဆွေးနွေးကြရာ တာဝန်ရှိသူများက ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် တက်ရောက်လာကြသူများက နယ်စပ်ကုန်သွယ်ရေးကိစ္စရပ်များ၊ စီမံကိန်းရေးဆွဲရေးကိစ္စများ၊ သစ်တောကြိုးဝိုင်းမြေအတွင်း ကျေးရွာများကို အကောင်အထည်ဖော်နိုင်ရေးကိစ္စ စသည်ဖြင့် ပြည်ထောင်စုဝန်ကြီးဌာနများ ချိတ်ဆက်ဆောင်ရွက်နိုင်မည့်ကိစ္စများ တင်ပြဆွေးနွေး ညှိနှိုင်းခဲ့ကြသည်။ အဆိုပါအခမ်းအနားသို့ တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီးဥပဒေချုပ်၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများတက်ရောက်ကြကြောင်း သိရသည်။ **တိုင်းဒေသကြီး(မြန်/ဆက်)**

# တစ်နှစ်တာကာလ လုပ်ငန်းဆောင်ရွက်မှုသတင်းစာရှင်းလင်း

**လွိုင်ကော် မေ ၂၆**
ကယားပြည်နယ်အစိုးရအဖွဲ့၏ တစ်နှစ်တာကာလအတွင်း လုပ်ငန်းဆောင်ရွက်မှုများနှင့်ပတ်သက်ပြီး သတင်းစာရှင်းလင်းပွဲကို မေ ၂၅ ရက် ညနေ ၃ နာရီက ကယားပြည်နယ် အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးကြီးမြင့်ဝေက အဖွင့်အမှာစကားပြောကြားသည်။ ဆက်လက်၍ သတင်းစာရှင်းလင်းပွဲသို့တက်ရောက်လာကြသည့် သတင်းထောက်များက ကယားပြည်နယ်အစိုးရအဖွဲ့၏ တစ်နှစ်တာကာလအတွင်း လုပ်ငန်းများဆောင်ရွက်ခဲ့မှုအပေါ် တင်ပြမေးမြန်းထားသောမေးခွန်းများ၊ ဆက်လက်သိရှိလိုသည့် အကြောင်းအရာများအား ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူတို့က ပြန်လည်ရှင်းလင်းဖြေကြားပေးခဲ့ပြီး ကယားပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်အဆင့်ဌာနဆိုင်ရာများ၏ သတင်းထုတ်ပြန်ရေးအဖွဲ့ (Contact Person) အဖွဲ့ခေါင်းဆောင်အမည်စာရင်းများကိုလည်း မီဒီယာသမားများထံသို့ ပေးအပ်သည်။

အဆိုပါသတင်းစာရှင်းလင်းပွဲသို့ ကယားပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ဥပဒေချုပ်၊ စာရင်းစစ်ချုပ်၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများနှင့် NRC (မြန်မာ့အသံ)၊ မြဝတီသတင်းမီဒီယာ၊ Eleven မီဒီယာ၊ ကန္တရဝတီတိုင်းမ်၊ Tachiliek New Agency သတင်းမီဒီယာအဖွဲ့တို့တက်ရောက်ကြကြောင်း သိရသည်။

**ပြည်နယ်(မြန်/ဆက်)**

# အမျိုးသမီးငယ်များအား အကြမ်းဖက်မှုမှ တားဆီးကာကွယ်ရေးအသိပညာပေး

**ရန်ကုန် မေ ၂၆**
ရန်ကုန်တိုင်းဒေသကြီး မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် ကြို့ကုန်းအရှေ့ရပ်ကွက် မဟာသုခိတာလမ်းရှိ သီရိရတနာမွှာရုံကြီး၌ မေ ၂၄ ရက် နံနက် ၁၀ နာရီက အမျိုးသမီးငယ်များအား အကြမ်းဖက်မှုမှ တားဆီးကာကွယ်ရေး အသိပညာပေးဟောပြောပွဲအခမ်းအနား ကျင်းပခဲ့သည်။

အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ဉက္ကဋ္ဌက ယနေ့ဖြစ်ပွားနေသည့် အမျိုးသမီးငယ်များအား အကြမ်းဖက်မှုမှ တားဆီးကာကွယ်ရေး အသိပညာပေးဟောပြောပွဲပြုလုပ်ခြင်းနှင့်ပတ်သက်၍ အမှာစကားပြောကြားခဲ့သည်။

ထို့နောက် အမျိုးသမီးငယ်များအား နည်းမျိုးစုံဖြင့် အကြမ်းဖက်မှုမှ တားဆီးကာကွယ်ရေးအတွက် ဥပဒေ၊ နည်းဥပဒေ သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့် စပ်လျဉ်း၍ အင်းစိန်မြို့နယ် မြို့မရဲစခန်းမှ ရဲအုပ်ဝင်းထွန်းနိုင်က အသိပညာပေး အကျယ်တဝင့်ဟောပြောပြီး အမျိုးသမီးငယ်များအား အကြမ်းဖက်မှုမှ တားဆီးကာကွယ်ရေးလုပ်ငန်းဆောင်ရွက်ချက်များကို မြောက်ပိုင်းခရိုင် အမျိုးသမီးရေးရာအဖွဲ့ အတွင်းရေးမှူး ဒေါ်ခင်ဆွေမြင့်က ရှင်းလင်းတင်ပြခဲ့ပြီး အသိပညာပေးဟောပြောပွဲသို့ ခရိုင်နှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များနှင့် အမျိုးသမီးငယ်များ၊ အုပ်ထိန်းသူအမျိုးသမီးများ စုစုပေါင်း ၁၀၀ ကျော် တက်ရောက်ခဲ့ကြောင်း သိရသည်။

**(၆၈၄)**



# အသက် ၉၀ နှင့်အထက် ဘိုးဘွားများအား လူမှုရေးပင်စင်ထောက်ပံ့မှုဆိုင်ရာ ပဲခူးတိုင်းဒေသကြီးအဆင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**ပဲခူး မေ ၂၆**
ပဲခူးမြို့ သီရိဟံသာခန်းမ၌ မေ ၂၆ ရက် နံနက် ၉ နာရီခွဲက အသက် ၉၀ နှင့်အထက် ဘိုးဘွားများအား လူမှုရေးပင်စင်ထောက်ပံ့မှုဆိုင်ရာ ပဲခူးတိုင်းဒေသကြီးအဆင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ပြုလုပ်သည်။

ရှေးဦးစွာ ပဲခူးတိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသုတက အသက် ၉၀ နှင့်အထက် ဘိုးဘွားများအတွက် လူမှုရေးပင်စင်ထောက်ပံ့ခြင်းကို တစ်နိုင်ငံလုံး တစ်ပြိုင်တည်းဆောင်ရွက်သွားမည်ဖြစ်သောကြောင့် ပဲခူးတိုင်းဒေသကြီးအတွင်းတွင်လည်း အောင်မြင်စွာဆောင်ရွက်နိုင်ရေး ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြရန်၊ ထောက်ပံ့ငွေများအား အဘိုးအဘွားများ၏လက်ဝယ်ရောက်ရှိအောင် ဆောင်ရွက်ပေးကြရန်၊ ကဏ္ဍအလိုက်ဆောင်ရွက်ရမည့်လုပ်ငန်းများ မှန်ကန်မြန်ဆန်စွာဆောင်ရွက်ပေးကြရန် ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးလူမှုဝန်ထမ်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုးလွင်က လူမှုရေးပင်စင်အကြောင်း၊ သင်တန်းခေါ်ယူရခြင်း၏ရည်ရွယ်ချက်၊ လူမှုရေးပင်စင်ပေးအပ်ရာတွင် လူမှုဝန်ထမ်းဦးစီးဌာန၏ လုပ်ငန်းတာဝန်များ၊ တိုင်း/ခရိုင်လူမှုဝန်ထမ်းရုံးများ၏ လုပ်ငန်းတာဝန်များ၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအထွေထွေအုပ်ချုပ်ရေးမှူးများ၏ လုပ်ငန်းတာဝန်များကို ကဏ္ဍအလိုက် ရှင်းလင်းပြောကြားသည်။

မြန်မာနိုင်ငံတွင် လက်ရှိသက်ကြီးရွယ်အို ငါးသန်းခွဲကျော်ရှိပြီး ယင်းဦးရေ၏ ၁၀ ရာခိုင်နှုန်းခန့်သည် လူမှုကာကွယ်စောင့်ရှောက်မှုများ လိုအပ်လျက်ရှိသည်။ သက်ကြီးရွယ်အိုအများစုသည် ဝင်ငွေဆုံးရှုံးခြင်း၊ စုဆောင်းငွေအလုံအလောက်မရှိခြင်း၊ သက်ကြီးကျန်းမာရေးပြဿနာ၊ အထီးကျန်ဖြစ်ခြင်း၊ ပြုစုစောင့်ရှောက်သူမရှိခြင်း၊ ကျန်းမာရေးပြုစုစောင့်ရှောက်မှု အလုံအလောက်မရရှိခြင်းအပါအဝင် အန္တရာယ်ကျရောက်နိုင်မှုများနှင့် ဘဝရပ်တည်ရန်ခက်ခဲမှုများ ရင်ဆိုင်နေကြရသည်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဘတ်ဂျက်ရန်ပုံငွေဖြင့် အသက် ၉၀ နှင့်အထက်ဘိုးဘွားများအား တစ်ဦးလျှင် ငွေကျပ် ၁၀၀၀၀ နှုန်းဖြင့် သုံးလတစ်ကြိမ် လူမှုရေးပင်စင်ထောက်ပံ့ပေးသွားမည်ဖြစ်ရာ ပဲခူးတိုင်းဒေသကြီး(အရှေ့)တွင် အဘိုး ၅၈၈ ဦး၊ အဘွား ၁၁၉၉ ဦး၊ ပဲခူးတိုင်းဒေသကြီး(အနောက်)တွင် အဘိုး ၈၈၄ ဦး၊ အဘွား ၁၆၀၂ ဦး စုစုပေါင်း ၄၂၇၃ ဦးတို့အား ဇွန် ၁၅ ရက်မှစတင်၍ ဧပြီ၊ မေ၊ ဇွန် သုံးလစာအတွက် လူမှုရေးပင်စင်ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါဆွေးနွေးပွဲသို့ ပဲခူးတိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးနှင့် ဝန်ထမ်းများ၊ တိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးတင်ထူးဇော်နှင့် မြို့နယ်အသီးသီးရှိ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုဦးစီးမှူးများနှင့်စာရေးများ တက်ရောက်ကြသည်။ **တင်စိုး(ပဲခူး)**



&xm;&wyfUrSf(2)wyfwyfk(1)ebm;wyfkS;ktyfa tmifuSmf rS;ESihzUnfar24&ufuebm;au;&mwzuftxufwef;aumif; teDS&Hrfulae&mü &xm;wHifdrjzpfm;apa&;ESihxm; cayufIrjzpfm;apa&; twuftoyfnmay;cbnf ဓာတ်ပုံ-၁၁၈

# မြောက်ဦးယဉ်ကျေးမှုအမွေအနှစ်ဒေသအတွင်း ထိန်းသိမ်းမွမ်းမံမှုဆောင်ရွက်ရန် ညှိနှိုင်းစည်းဝေး

**မြောက်ဦး မေ ၂၆**
ရခိုင်ပြည်နယ် မြောက်ဦးခရိုင် မြောက်ဦးယဉ်ကျေးမှုအမွေအနှစ်ဒေသအတွင်းရှိ ထိန်းသိမ်းမွမ်းမံမှုဆောင်ရွက်ရန် အဆိုပြုလုပ်ငန်းများ ညှိနှိုင်းအစည်းအဝေးကို မေ ၂၅ ရက် နံနက် ၉ နာရီက ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ပြုလုပ်ခဲ့သည်။

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ညွှန်ကြားရေးမှူး ဦးညီမိုးလွင်က ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းဝင်နိုင်ရေးအတွက် မြောက်ဦးရှေးဟောင်းယဉ်ကျေးမှုဒေသအတွင်းရှိ မွမ်းမံပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများနှင့်စပ်လျဉ်း၍ ထိန်းသိမ်းမွမ်းမံခြင်းလုပ်ငန်းများဖြစ်သော ဝေသာလီမြို့ဟောင်းဇုန် တိုင်များစိုက်ထူခြင်းလုပ်ငန်း၊ သျှင်ကြီးတောင်ဘုရား ထိန်းသိမ်းခြင်း၊ ဓညဝတီမြို့ဟောင်းဇုန် တိုင်များစိုက်ထူခြင်း၊ ဘားဘူတောင်ဘုရားသုံးဆူ ထိန်းသိမ်းမွမ်းမံခြင်း၊ ဘားဘူတောင်မြေထိန်းနံရံပြုလုပ်ခြင်း၊ ကွမ်းဈေးတံခါးမွမ်းမံထိန်းသိမ်းခြင်း၊ သျှင်ငယ်တက်ဘုရားထိန်းသိမ်းခြင်း၊ ဖုတ်တောမော်စေတီ ကျောက်ရိုးတံတိုင်းနှင့် ရေကြောင်းထိန်းသိမ်းခြင်းလုပ်ငန်း၊ ဝင်းမနားကျီထိန်းသိမ်းခြင်း၊ အနောက်မြေထိမ်းဘုရားထိန်းသိမ်းခြင်း စသည့်ထိန်းသိမ်းမွမ်းမံခြင်းလုပ်ငန်း ၂၁ ခုတို့ကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ရခိုင်ပြည်နယ်အစိုးရရန်ပုံငွေကျပ်သန်း ၅၀၀ ဖြင့် မြောက်ဦးယဉ်ကျေးမှုအမွေအနှစ်ဒေသအတွင်းရှိ ထိန်းသိမ်းမွမ်းမံမှုဆောင်ရွက်ရန် အဆိုပြုလုပ်ငန်းများကို ညှိနှိုင်းဆောင်ရွက်ရာ တက်ရောက်လာကြသူများက ထိန်းသိမ်းမွမ်းမံမှုဆောင်ရွက်ရန် အဆိုပြုလုပ်ငန်း ၂၁ ခုအား သဘောတူညှိနှိုင်းဆောင်ရွက်ခဲ့သည်။

အဆိုပါ ညှိနှိုင်းအစည်းအဝေးသို့ မြောက်ဦးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခရိုင်အုပ်ချုပ်ရေးမှူး ဦးခင်မောင်ချို၊ ရခိုင်ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းသာစိန်၊ ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် ရပ်/ကျေးစာရေးဝန်ထမ်းများ၊ ရခိုင် ပြည်နယ်ယဉ်ကျေးမှုထိန်းသိမ်းရေးကော်မတီအဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသည့် မြို့မိမြို့ဖများ တက်ရောက်ကြသည်။ **ခရိုင်(မြန်/ဆက်)**

# လပွတ္တာမြို့နယ် ရာပြည့်အကြိုအထိမ်းအမှတ် စက္ခုအလင်းဒါနပြုပွဲအား ခြောက်ရက်ကြာကျင်းပ

သပြေထွန်း




စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်း မျက်စိဝေဒနာရှင်များအား လှည့်လည်ကြည့်ရှုအားပေးစဉ်



ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ်မန်းဂျော်နီ မျက်စိဝေဒနာရှင်များအား လှည့်လည်ကြည့်ရှုအားပေးစဉ်

"နေလုံးရယ်နီ တိမ်ပလီငွေသွေးနှင့် နတ်ရေးသည်သို့၊ ဒီအကျတွင်ဖြင့် အလှလတာပြင်က ကျူရိုးရှင်လေ့ ကလေးနှင့် မျှော်ငေးလိုလို့ . . .။ **(ဆရာဇော်ဂျီ)**

ဧရာဝတီတိုင်းဒေသကြီးအတွင်း ယနေ့ထိတိုင် ဆားလုပ်ငန်း၊ ငါးလုပ်ငန်းများဖြင့် ထင်ရှားလျက်ရှိသည့် လပွတ္တာမြို့သည် မြစ်ဝကျွန်းပေါ်ဒေသဖြစ်သည်နှင့် အညီ မြစ်ချောင်းအင်းအိုင်များပေါများပြီး သာယာစည်ကားလျက်ရှိသော ရေလုပ်ငန်းမြို့တော်တစ်ခုဖြစ်ပါသည်။ ရွှေးမြစ်၊ သက္ကယ်သောင်မြစ်၊ ပြာမလော့မြစ်၊ ဧရာဝတီမြစ်တို့က နေ့ညမပြတ်စီးဆင်းလျက်ရှိပြီး မြောက်ပိုင်းတွင် အမြင့်ပေ ၅၀ အောက်တောင်ကုန်းကမူ အနည်းငယ်ရှိသည်မှအပ ကျန်ဒေသအားလုံးမှာ မြေပြန့်ဖြစ်လျက် မြောက်လတ္တီတွဒ် ၁၆ ဒီဂရီ ၂၃ မိနစ်မှ ၂၅ ဒီဂရီ ၄၀ မိနစ် ၃၀ စက္ကန့်ကြား၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၃၃ မိနစ်နှင့် ၉၅ ဒီဂရီ ၉ မိနစ်အကြားတွင် တည်ရှိပြီး အကျယ်အဝန်းမှာ ၁၁၆၀ ဒသမ ၀၀ စတုရန်းမိုင်ကျယ်ဝန်းပြီး အရှေ့မှအနောက်သို့ ၂၃ ဒသမ ၂ မိုင်ရှိပြီး တောင်မှမြောက်သို့ ၃၆ ဒသမ ၀၆ မိုင်ရှိသော ရေငန်ဝင်ပင်လယ်မြို့တော်တစ်ခုဖြစ်ပါသည်။

လာမည့် ခရစ်နှစ် ၂၀၁၈ ခုနှစ်ကာလတွင် လပွတ္တာမြို့နယ် မြို့တည်နှစ် နှစ်တစ်ရာပြည့်မြောက်တော့မည်ဖြစ်သည်။ သို့အတွက် ရာပြည့်အထိမ်းအမှတ်အကြိုအခမ်းအနားများဖြစ်သည့် ပြည်သူ့အကျိုးပြုလုပ်ငန်းများ၊ ပရဟိတအလှူအတန်းများ၊ ကုသိုလ်ဒါနပြုပွဲများ အခါအားလျော်စွာ ကျင်းပဆောင်ရွက်လျက်ရှိကြောင်းသိရသည်။ ပြီးခဲ့သည့် မေလ ၈ ရက်နေ့မှ မေ ၁၃ ရက်နေ့ထိကာလကလည်း လပွတ္တာမြို့ ရာပြည့်အထိမ်းအမှတ်အကြိုအဖြစ် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်း၏စီစဉ်မှု၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ ပူးပေါင်းပါဝင်ကူညီမှု၊ ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ခွင့်ပြုကြီးကြပ်မှုနှင့် Grand Royal Group မှ မတည်လှူဒါန်းမှုတို့ဖြင့် အဆိုပါလပွတ္တာမြို့နယ်ရှိ မြို့ပေါ်ရပ်ကွက် ၁၃ ခုနှင့် ကျေးရွာအုပ်စု ၆၅ အုပ်စုတို့မှ မျက်စိဝေဒနာရှင်များအား စက္ခုအလင်းဒါနအဖြစ် ကျွမ်းကျင်ဆရာဝန်ကြီးများ ဦးစီးသောအဖွဲ့ဖြင့် အခမဲ့စမ်းသပ်ကုသ ခွဲစိတ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

"ကျွန်မတို့ မြန်မာနိုင်ငံတစ်နံတလျားမှာ ခုလို မျက်စိဝေဒနာရှင်တွေ ရောဂါပျောက်ကင်းပြီး အလင်းရဖို့အတွက် အခုလို လှူဒါန်းကုသခွဲစိတ်ပေးခဲ့တာ ဒီအကြိမ်ဆိုရင် (၂၄) ကြိမ်ရှိပါပြီရှင့်။ ကုသပေးခဲ့တဲ့ လူပေါင်း ၇၀၀၀၀ ကျော်ခဲ့ပါပြီ။ ဒီမှာကတော့ လပွတ္တာမြို့ ရာပြည့်အထိမ်းအမှတ်အကြိုအဖြစ် လာရောက်လှူဒါန်းတာပါ။ မေလ ၈ ရက်နေ့ကနေ ၁၃ရက်နေ့ထိ ခြောက်ရက်ကြာ ကုသပေးတာပါ။

ကျွန်မတို့ ဒီခြောက်ရက်ကာလအတွင်းမှာ တောရော မြို့ပါ လူပေါင်း ၅၄၆၃ ဦးကို စမ်းသပ်ကုသပေးပြီး ၃၁၁ ဦးကို ခွဲစိတ်ကုသပေးနိုင်ခဲ့ပါတယ်။ လပွတ္တာမြို့ပေါ် ရပ်ကွက် ၁၀ ခု၊ ပြင်စလူမြို့နယ်ခွဲက ရပ်ကွက်သုံးခု၊ ကျေးရွာအုပ်စု ၆၅ စုနဲ့ ကျေးရွာ ၅၀၅ ရွာကနေ လာရောက်ကြတာဖြစ်တဲ့အတွက် ငွေကုန်ကြေးကျများနိုင်ပါတယ်။ အဲဒီအတွက်လည်း လူနာတွေရဲ့ သွားလာစရိတ်အပြင် စားသောက်ရေး၊ တည်းခိုနေထိုင်ရေးနဲ့ ဆေးဝါးကုသမှု ကုန်ကျစရိတ်အပါအဝင် လူနာစောင့်တစ်ဦးစီအတွက်ပါ အခမဲ့စီစဉ်ပေးထားပါတယ်။ ကုသမှုအနေနဲ့ကတော့ ရဲတံခွန်အားကစားခန်းမမှာ ကနဦးစစ်ဆေးမှုပြုလုပ်ပြီး လပွတ္တာ သုံးမိုင်မြို့မှာရှိတဲ့ ခုတင် (၂၀၀) ဆံ့ဆေးရုံမှာ ခွဲစိတ်ကုသပေးထားတာ ဖြစ်ပါတယ်။

လူနာအင်အားများတဲ့အပေါ်မှာ မြစ်ဝကျွန်းပေါ် အစွန်အဖျားလည်းဖြစ်နေတော့ ခွဲစိတ်ကုသရတဲ့နေရာမှာ စက်ကိရိယာလိုအပ်ချက်နဲ့ ဆရာဝန်လိုအပ်ချက်တော့ ရှိကောင်းရှိနိုင်တယ်။ ခွဲစိတ်ဖို့လျာထားချက်သေချာသော်လည်း ရုတ်တရက် သွေးတိုးလာတာလိုမျိုး ဆေးပညာဆိုင်ရာအခက်အခဲတစ်ခုဖြစ်ပေါ်လာလို့ ရက်ရွှေ့၊ အချိန်ရွှေ့ရတဲ့အခါ၊ ခွဲစိတ်လို့မရတဲ့အခါ အချို့လူနာနဲ့ လူနာရှင်တွေ ကျွန်မတို့အပေါ် နားလည်မှုလွဲပြီး ငြိုငြင်မှုကြုံရတော့ စိတ်မကောင်းဖြစ်ရပါတယ်။ အခုခွဲစိတ်မှုမှာ အကြောင်းအမျိုးမျိုးကြောင့် မခွဲဖြစ်တဲ့လူနာတွေအတွက်လည်း နောင်ခွဲစိတ်လို့ရတဲ့အခြေအနေရောက်ရင် ခုလိုခွဲစိတ်ကုသနိုင်ဖို့လည်း လပွတ္တာခရိုင်ဆေးရုံအုပ်ကြီးနဲ့ ညှိနှိုင်းဆောင်ရွက်ပေးထားပြီးလည်းဖြစ်ပါတယ်။

ကျွန်မတို့အဖွဲ့က မျက်စိနဲ့ပတ်သက်တဲ့ အလှူဒါနအပြင် သဘာဝဘေးအန္တရာယ်ဖြစ်တဲ့ ၂၀၁၅-၂၀၁၆ ရေဘေးကြုံတုန်းကလည်း ရေဘေးကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးတွေမှာ ပါဝင်ကူညီ လှူဒါန်းပေးပါတယ်။ ရေရှားတဲ့ဒေသတွေမှာလည်း သက်ဆိုင်ရာရေအရင်းအမြစ်အသုံးချရေးဦးစီးဌာနနှင့်တွဲပြီး စက်ရေတွင်းတွေ၊ ရေကန်တွေ တူးဖော်တည်ဆောက် လှူဒါန်းပေးလျက်ရှိပါတယ်။ အခုစက္ခုအလင်းဒါနကတော့ လပွတ္တာရာပြည့်အကြိုအလှူအဖြစ် လာဖြည့်ကူတာဖြစ်ပါတယ်ရှင့်" ဟု Grand Royal Group မှ PR မန်နေဂျာ မလှမြတ်သူက ပြောသည်။

လပွတ္တာမြို့နယ်သည် ယခင်က ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင်တွင်ပါဝင်ပြီး မြို့နယ်ရုံးစိုက်ရာဒေသဖြစ်သည်။ လပွတ်ဟူသောစကားမှာ မွန်ဘာသာ လပတ်ပုဒ်ပျက်ဖြစ်၍ မြစ်နှစ်သွယ်ကိုဆက်သွယ်ထားသော ရေကျော်ဟုအဓိပ္ပာယ်ရပြီး တာဟူသောစကားမှာ မြန်မာဘာသာအားဖြင့် ထန်းဟုဖွင့်ဆိုထားကြောင်းတွေ့ရပြီး ပြီးခဲ့သည့် ၂၀၀၈ ခုနှစ် မေလ ၂ ရက်နေ့တွင် နာဂစ်မုန်တိုင်း တိုက်ခတ်ခံရပြီးနောက် နိုင်ငံတော်အကြီးအကဲများက လေဘေးသင့်ဒေသသို့ ကွင်းဆင်းခဲ့ပြီး လပွတ္တာအားခရိုင်အဆင့်မြှင့်တင်၍ လပွတ္တာမြို့နယ်၊ မော်လမြိုင်ကျွန်းမြို့နယ်၊ ပြင်စလူမြို့နယ်ခွဲတို့ဖြင့် သတ်မှတ်ဖွဲ့စည်းခဲ့ကြောင်း သိရသည်။

"အခုလို လပွတ္တာမြို့မှာရှိတဲ့ ရဟန်းရှင်လူပြည်သူတွေ မျက်စိဝေဒနာ ပျောက်ကင်းရေးနဲ့ အမြင်အာရုံကြည်လင်ကောင်းမွန်စွာ ခံစားရရှိနိုင်စေဖို့ အခုလိုလာရောက်လှူဒါန်းပေးတာဟာ လာမယ့် ၂၀၁၈ ခုနှစ်မှာ နှစ် (၁၀၀) ပြည့်မယ့် လပွတ္တာရာပြည့်ပွဲကို ကြိုဆိုတဲ့အနေနဲ့ ကုသိုလ်ဒါနပြုလုပ်လှူဒါန်းတာဖြစ်ပါတယ်။ ကျွန်တော်တို့ကုမ္ပဏီက ရလာတဲ့အမြတ်အစွန်းကို တလွဲမသုံးဘဲ အခုလို ပရဟိတလှူမှုတန်းမှုမှာ မုဒိတာအပြည့်နဲ့ ထည့်ဝင်လှူဒါန်းပေးတာဖြစ်ပါတယ်။

အခု လပွတ္တာရာပြည့်အထိမ်းအမှတ်အကြို အလှူဒါနအဖြစ် မျက်စိစမ်းသပ်ကုသခွဲစိတ်ပေးတဲ့ ဆောင်ရွက်မှုမှာလည်း ကုသပေးရုံတင်မဟုတ်ဘဲ လူနာနဲ့ လူနာစောင့်ပါ သွားလာရေးအဆင်ပြေဖို့နဲ့ စားသောက်နေထိုင်မှု အဆင်ပြေဖို့အတွက်ပါ စီစဉ်ပေးထားပါတယ်။ အခုလို ကျွန်တော်တို့ရဲ့ ရာပြည့်အကြို စက္ခုအလင်းဒါနပြုပွဲ အောင်မြင်အောင် အဘက်ဘက်က ပါဝင်စီမံဆောင်ရွက်ပေးခဲ့တဲ့ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်း၊ ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမန်းဂျော်နီအပါအဝင် အစိုးရအဖွဲ့မှပုဂ္ဂိုလ်များနဲ့ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ လူမှုရေးအသင်းအဖွဲ့ရှစ်ဖွဲ့နဲ့ ဝိုင်းဝန်းကူညီသူအားလုံးကို အထူးကျေးဇူး တင်ရှိပါတယ်" ဟု Grand Royal Group မှ CSR manager ဦးတင့်ဝေက ပြောသည်။

လပွတ္တာမြို့နယ်သည် အရှေ့ဘက်တွင် ဘိုကလေးမြို့နယ်၊ အနောက်ဘက်တွင် ငပုတောမြို့နယ်၊ တောင်ဘက်တွင် ဘင်္ဂလားပင်လယ်အော်နှင့် မြောက်ဘက်တွင် မြောင်းမြမြို့နယ်၊ ဝါးခယ်မမြို့နယ်၊ မော်လမြိုင်ကျွန်းမြို့နယ်များနှင့် ထိစပ်လျက်ရှိကြောင်း သိရသည်။

"အမေ့အသက် ၆၈ နှစ်ရှိပါပြီ။ အခုလို အိမ်တိုင်ရာရောက်ဆိုသလို လာရောက်ကုသပေးတာ အရမ်းဝမ်းသာကျေးဇူးတင်ပါတယ်။ မျက်စိကမှုန်လည်းမှုန်၊ အောင့်လည်းအောင့် ဖြစ်နေတာကြာပြီ။ မကုနိုင်လို့ မကုဘဲနေနေရတာ။ အခုဒီမှာတင်လာကုပေးတော့ ပိုက်ဆံလည်းမကုန်တော့ ဝမ်းသာတယ်။ အလှူရှင်နဲ့ ဆရာဝန်တွေအပါအဝင် အားလုံးကိုကျေးဇူးတင်ပါတယ်" ဟု ဘိုကလေးမြို့နယ် မောင်းတီးကျေးရွာမှ မျက်စိဝေဒနာရှင် ဒေါ်နန့်လေခင်က ပြောသည်။

"တိမ်ရှိတယ်လို့ သိရတာတော့ကြာပြီကွယ့်။ အကြောင်းအမျိုးမျိုးကြောင့် မခွဲဖြစ်ခဲ့ဘူး။ အခုအလှူရှင်ပေါ်လို့ ဆိုက်ဆိုက်မြိုက်မြိုက် ခွဲစိတ်ကုသခွင့်ရတာ ဝမ်းသာတာပေါ့။ အလှူရှင်တွေရော ပါဝင်သူအားလုံးကို မေတ္တာပို့သပါတယ်။ ကျန်းမာကြပါစေ၊ ချမ်းသာကြပါစေကွယ်။ အမိုးကတော့ ဒါပဲပြောတတ်တယ်" ဟု လပွတ္တာမြို့နှင့် အလှမ်းဝေးသည့် သစ်ပုတ်ကျေးရွာမှ ကရင်အဘွားအိုတစ်ဦးကပြောသည်။

နေလှန်းဆားချက်လုပ်ငန်း၊ ပင်လယ်လုပ်ငန်း၊ စိုက်ပျိုးရေးလုပ်ငန်းများဖြင့် နေသားကျပြီး တစ်နေ့တခြား ဖွံ့ဖြိုးတိုးတက်နေသည့် လပွတ္တာမြို့နယ်သည် မကြာသောအချိန်ကာလ လာမည့် ၂၀၁၈ ခုနှစ်တွင် နှစ် (၁၀၀) ပြည့်မြောက်သက်တမ်းကို ဖြတ်သန်းရောက်ရှိတော့မည်ဖြစ်သည်။ လပွတ္တာမြို့နယ်နှင့် ဒေသနေသူအားလုံး နှစ်ပေါင်းများစွာ အောင်မြင်ချမ်းသာပါစေသော်။

> "လာမယ့် ၂၀၁၈ ခုနှစ်မှာ နှစ် (၁၀၀) ပြည့်မယ့် လပွတ္တာရာပြည့်ပွဲကို ကြိုဆိုတဲ့အနေနဲ့ ကုသိုလ်ဒါနပြုလုပ် လှူဒါန်း . . ."

# ဆောက်လုပ်ရေးလုပ်ငန်းများ ပြန်လည်ဖွံ့ဖြိုးတိုးတက်လာစေရန် သုံးစွဲသူပဟုသုတများ ဖွံ့ဖြိုးတိုးတက်ရန်လို

**ရန်ကုန် မေ ၂၆**

ဆောက်လုပ်ရေးလုပ်ငန်းများ ပြန်လည်ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် Customer Knowledge များ ဖွံ့ဖြိုးတိုးတက်ရန် လိုအပ်သကဲ့သို့ ကွန်ဒိုမီနီယံနည်းဥပဒေ အမြန်ထွက်သင့်ပြီး မကြာမီပြဌာန်းမည့် ကွန်ဒိုမီနီယံနည်းဥပဒေ၌လည်း ကွန်ဒိုမီနီယံဥပဒေနှင့် ဆန့်ကျင်နေသည့် Build Operate Transfer-BOT စနစ်အား မထည့်သွင်းသင့်ကြောင်းနှင့် ကွန်ဒိုမီနီယံဥပဒေသဘောသဘာဝအရ အိမ်ခန်းဝယ်ယူသည့်ပြည်သူမှာ အချိုးကျမြေပိုင်ဆိုင်ခွင့်ရှိသောကြောင့် BOT စနစ်ဖြင့် ဆောက်လုပ်သည့် မြေအငှားများအတွက် BOT စနစ်အား မထည့်သွင်းသင့်ကြောင်း၊ BOT စနစ်ဖြင့် ဆောက်လုပ်သူများမှာ ဌာနဆိုင်ရာမြေများအား ငှားရမ်းပြီး အဆောက်အအုံများ ဆောက်လုပ်ကာ ရင်းနှီးမြှုပ်နှံနေကြခြင်းဖြစ်ကြောင်း။

ယနေ့ လက်ရှိအနေအထားအရ ကွဲလွဲမှုများရှိနေပြီး ရင်းနှီးမြှုပ်နှံထားသည့် တိုက်ခန်းများကို ရောင်းချနေမှုများရှိနေကြောင်း၊ ထိုကဲ့သို့ ရောင်းချပိုင်ခွင့်မရှိသည့် တိုက်ခန်းများကို ရောင်းချနေခြင်းအတွက် အဖွဲ့အစည်းများဖြစ်ကြသော အစိုးရတာဝန်ရှိ အဖွဲ့အစည်းများ၊ စားသုံးသူကာကွယ်ရေးအသင်းများနှင့် ရှေ့နေများကွန်ရက်တို့မှလည်း နိုင်ငံတော်အစိုးရအား ထောက်ပြသင့်ကြောင်း၊ အဆိုပါ BOT စနစ်ဖြင့် ဆောက်လုပ်သည့် တိုက်ခန်းများမှာ ယခင်ကတည်းက ဈေးပေါပေါဖြင့် ငှားရမ်းခွင့်ရရှိပြီး ဆောက်လုပ်မည့် တိုက်ခန်းပစ္စည်းများအတွက် အခွန်ကင်းလွတ်ခွင့်ရရှိကြသဖြင့် မိမိတို့ကဲ့သို့သော မြေပိုင်ရှင်ဖြင့် သာမန်အကျိုးတူပူးပေါင်းဆောက်လုပ်သည့် ကုမ္ပဏီများ၊ ကိုယ်ပိုင်မြေနေရာဝယ်ယူပြီး ဆောက်လုပ်သည့် ကုမ္ပဏီများအတွက် များစွာနစ်နာရကြောင်း၊ BOT စနစ်ဖြင့် ဆောက်လုပ်သည့် တိုက်ခန်းများမှာ အနာဂတ်ကာလ၌ သားစဉ်မြေးဆက်ပိုင်ဆိုင်ခွင့်မရှိသောကြောင့် အိမ်ခန်းဝယ်ယူပြည်သူများအတွက် ပြဿနာတစ်ရပ် ဖြစ်လာနိုင်ဖွယ်ရှိကြောင်း အထပ်မြင့်ဆောက်လုပ်ရေးလုပ်ငန်းရှင်များထံမှ သိရသည်။



"အိမ်ခန်းဝယ်ယူတဲ့ ပြည်သူတွေအနေနဲ့ ထိုက်တန်တဲ့ ဈေးနှုန်းရှိနေတယ်ဆိုတာကို သိသင့်ပါတယ်။ စီမံကိန်းတွေ ဖွံ့ဖြိုးတိုးတက်လာဖို့ကတော့ ပြည်သူတွေအသိဉာဏ် ဗဟုသုတနဲ့လည်း သက်ဆိုင်နေပါတယ်။ အိမ်ခန်းဝယ်ယူတဲ့ ပြည်သူတွေအနေနဲ့ ရင်းနှီးမြှုပ်နှံမှုသေချာမယ့် အိမ်ခန်းများကိုသာ တွက်ချက်ဝယ်ယူသင့်ပါတယ်။ နိုင်ငံတော်အစိုးရအနေနဲ့လည်း Build Operate Transfer-BOT စနစ်ကို စာချုပ်ပါအတိုင်း အကောင်အထည်ဖော်ဆောင်ရွက်စေချင်ပါတယ်။ ပြီးတော့ ဒီ BOT စနစ်ဆိုတာက အခွန်ဆောင်စရာမလိုဘူး။ မြေရှင်နှင့် အကျိုးတူပူးပေါင်းဆောက်လုပ်သည့် ကုမ္ပဏီတွေအတွက် နစ်နာရပါတယ်။ တည်ဆောက်စရိတ် အတူတူဆိုပေမယ့် ပစ္စည်းတင်သွင်းတဲ့အခါမှာ သူတို့က အခွန်ကင်းလွတ်ခွင့်ရရှိကြပါတယ်။ အိမ်ခန်းဝယ်ယူမယ့် ပြည်သူတွေအနေနဲ့ ဒီလိုအိမ်ခန်းကို ဝယ်ယူလို့ မသင့်ပါဘူး။ BOT စနစ်နဲ့ ဆောက်လုပ်တဲ့ အိမ်ခန်းတွေက အငှားအိမ်ခန်းတွေ ဖြစ်နေတဲ့အတွက် ပြည်သူတွေအနေနဲ့ ဝယ်ယူမိမယ်ဆိုရင် ပြည်သူတွေကို လှည့်ဖြားနေသလို ဖြစ်နေမှာပါ၊ အမှန်တော့ BOT စနစ်နဲ့ ဆောက်လုပ်တဲ့အိမ်ခန်းတွေဟာ ငှားရမ်းထားခြင်းဖြစ်လို့ ရောင်းပိုင်ခွင့် မရှိပါဘူး။ တစ်ချိန်မှာနှစ် ၇၀ ပြည့်ပြီး စာချုပ်သက်တမ်းပြည့်သွားပြီဆိုရင် အစိုးရကို ဒီအဆောက်အအုံတွေ အပ်နှံရမှာဖြစ်ပါတယ်။ ခေတ္တရင်းနှီးမြှုပ်နှံတဲ့သူတို့ သဘောနဲ့ အစိုးရကို မအပ်နှံဘဲ ရောင်းပြီးထွက်သွားလို့ မရပါဘူး။ ဒါတွေကို အိမ်ခန်းဝယ်ယူသူ ပြည်သူတွေအနေနဲ့ သိသင့်တယ်ထင်လို့ ရှင်းပြတာပါ"ဟု အိမ်ခြံမြေလုပ်ငန်းရှင်တစ်ဦးက ပြောသည်။

၂၀၁၇ ခုနှစ်အတွင်း ဆောက်လုပ်ရေးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာနိုင်သဖြင့် ဈေးကွက်အနေအထား ကောင်းမွန်လာနိုင်စရာရှိကြောင်းနှင့် ရန်ကုန်မြို့တွင်း ဆောက်လုပ်ရေးလုပ်ငန်းလုပ်ကိုင်နေကြသော နိုင်ငံ့ဝန်ထမ်းနှင့် ကုမ္ပဏီဝန်ထမ်း လူဦးရေ စုစုပေါင်း တစ်သန်းနီးပါးရှိကြောင်း ဆောက်လုပ်ရေးလုပ်ငန်းရှင်များထံမှ သိရသည်။

**(စိုးဝင်း-MLA)**

# ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေး မှော်ဘီမြို့နယ် ရိုးဝကျေးရွာတွင် စတီးတံတားဆောက်လုပ်

**ရန်ကုန် မေ ၂၆**

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် ရိုးဝကျေးရွာတွင် POSCO 1% Foundation က လှူဒါန်းသော စတီးတံတား ဖွင့်လှစ်လွှဲပြောင်းပေးအပ်ပွဲနှင့် သုံးဘီးဆိုင်ကယ် လှူဒါန်းပွဲအခမ်းအနားကို မေ ၂၄ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပသည်။

"ဒီပွဲလေးကတော့ ရိုးဝကျေးရွာ ရွာလယ်မှာရှိတဲ့ လူကူးတံတားလေး ပျက်နေတာကို စတီးတံတားပြုပြင်ပြောင်းလဲပြီးတော့ ကျေးရွာလူထုကို လွှဲပြောင်းလှူဒါန်းတဲ့ပွဲဖြစ်ပါတယ်။ လုပ်ငန်းလေးဖြစ်ပေါ်လာတဲ့ အကြောင်းအရင်းကတော့ ကျွန်တော်တို့နိုင်ငံမှာ ကိုရီးယားသမ္မတနိုင်ငံ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (KOICA)ကနေပြီးတော့ ဆောင်ရွက်နေတဲ့ ဆယ်မာအူးလ်အွန်ဒုံး (ကျေးရွာသစ်လှုပ်ရှားမှုစီမံကိန်း) ၂၀၁၄ ခုနှစ်ကနေ ၂၀၁၉ ခုနှစ်ထိ ငါးနှစ်စီမံကိန်းတစ်ခုရှိပါတယ်။ အဲဒီစီမံကိန်းမှာ ကျေးရွာပေါင်း ၁၀၀ ပါဝင်ပါတယ်။ တိုင်းဒေသကြီးနဲ့ ပြည်နယ်ကိုးခုမှာရှိတဲ့ ၂၆ မြို့နယ်ကို ဆောင်ရွက်နေတာပါ။ ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာ တံတားလိုအပ်နေတဲ့ ကျေးရွာတွေရှာတဲ့အခါမှာ ရိုးဝကျေးရွာကို သွားတွေ့ပါတယ်။ ဒီစီမံကိန်းရဲ့ အဓိကကတော့ ကျေးရွာရဲ့ရုပ်ပိုင်းဆိုင်ရာ ပတ်ဝန်းကျင်ဖွံ့ဖြိုးတိုးတက်ရေး၊ ဝင်ငွေတိုးတက်ရရှိမှုနဲ့ ကျေးရွာရဲ့ခေါင်းဆောင်နဲ့ ရွာသူ ရွာသားတွေ စွမ်းဆောင်ရည်မြင့်မားရေးကို ဆောင်ရွက်နေတဲ့ စီမံကိန်းတစ်ခုဖြစ်ပါတယ်၊ ကျေးရွာရဲ့လိုအပ်ချက်ကို POSCO 1% Foundation က ပူးပေါင်းပါဝင်ကူညီလှူဒါန်းတဲ့ လုပ်ငန်းစဉ်တစ်ရပ်ဖြစ်ပါတယ်။ လက်ရှိနိုင်ငံတော်အစိုးရအနေနဲ့လည်း ကျေးရွာဖွံ့ဖြိုးတိုးတက်ဖို့အတွက် လမ်း၊ တံတား၊ လျှပ်စစ်မီး၊ ရေရရှိရေးတွေကို နိုင်ငံတော်ရန်ပုံငွေနဲ့လည်း အများကြီးဆောင်ရွက်ပေးနေပါတယ်"ဟု စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအေးကိုကိုက ပြောသည်။

